မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၁၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၂/၂၀၁၄)

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇ နှင့် ပုဒ်မ ၃၃၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာသီတာဦးအား လစ်လပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကြည့်ရှုအားပေး

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ် တင်ဆက်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မသန်စွမ်းအားကစားမောင်မယ်များ၏စွမ်းဆောင်မှု စိတ်ခွန်အားကိုတိုးစေသည့် အတွေ့အကြုံသစ်များရရှိ

နေပြည်တော်　　ဇန်နဝါရီ　　၂၀

ယနေ့သည် မြန်မာနိုင်ငံက (၇)ကြိမ်မြောက် အာဆီယံပါရာဂိမ်းပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့တစ်နေ့ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံအလိုက် နိုင်ငံ့ဂုဏ်ဆောင်ဆုများ ရယူနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဖွယ်ကောင်းသည့် နေ့တစ်နေ့လည်းဖြစ်သည်။

ယခု အာဆီယံပါရာဂိမ်းပြိုင်ပွဲတွင် အားကစားနည်း(၁၂)နည်း ထည့်သွင်းကျင်းပခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံက ရွှေတံဆိပ် ၉၉ ခု၊ ငွေတံဆိပ် ၆၉ ခုနှင့် ကြေးတံဆိပ် ၄၉ခု ရရှိကာ ပထမရရှိခဲ့သည်။

အလားတူ ထိုင်းနိုင်ငံက ရွှေတံဆိပ် ၉၆ ခု၊ ငွေတံဆိပ် ၈၂ ခုနှင့် ကြေးတံဆိပ် ၇၀ ဖြင့် ဒုတိယရရှိခဲ့ပြီး မလေးရှားနိုင်ငံက ရွှေတံဆိပ် ၅၀၊ ငွေတံဆိပ် ၄၉ ခုနှင့် ကြေးတံဆိပ် ၄၀ ဖြင့် တတိယရရှိကာ ဗီယက်နမ်နိုင်ငံက ရွှေတံဆိပ် ၄၈ ခု၊ ငွေတံဆိပ် ၆၅ ခုနှင့် ကြေးတံဆိပ် ၇၂ခု ဖြင့် စတုတ္ထရရှိခဲ့သည်။

မြန်မာနိုင်ငံကမူ ရွှေတံဆိပ် ၃၄ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၃၆ ခုရရှိကာ နိုင်ငံအလိုက် ပဉ္စမရရှိခဲ့သည်။

(၇)ကြိမ်မြောက် အာဆီယံပါရာဂိမ်းပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ယနေ့ညနေပိုင်းက အစီအစဉ် ၁၃ ခုဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

ပိတ်ပွဲမကျင်းပမီ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ကြရာ အိန်ဂျယ်ခိုင်ဇာလွင်နှင့်အဖွဲ့က"Go For Goal" တေးသီချင်း၊ တေးသံရှင် စိုးမိုးထက်က "မင်္ဂလာပါ" တေးသီချင်း၊ သံစဉ်ပန်းတေးဂီတအဖွဲ့က "ကမ္ဘာကျော်အောင် ကြိုးစားကာ ကစား"

စာမျက်နှာ ၉ ကော်လံ ၁ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မေးခိုင်ရောဂါ ကာကွယ်ပါ

ရှေးအခါက ထိခိုက်ရှနာတစ်ခုခုဖြစ်ပြီဆိုလျှင် မြေမှုန့်များဖြင့် သိပ်ခြင်း၊ သစ်ရွက်၊သစ်ဖုစသော အရာများကို ဆေးအဖြစ် ဒဏ်ရာတွင်အုံခြင်းစသော အလွယ်တကူကုထုံးများ သုံးတတ်ကြပေသည်။ ယခုတိုင် ထိုအလေ့အထကို အချို့နေရာများတွင် ပြုလုပ်နေကြဆဲဖြစ်သည်။ ထိုကိစ္စသည် မထင်မှတ်ဘဲ မေးခိုင်ရောဂါပိုးဝင်ပြီး အသက်ဆုံးရှုံးနိုင်သည်။ မေးခိုင်ရောဂါသည် Clostiridium tetani ဗက်တီးရီးယားပိုးမှထွက်သော အဆိပ်ကြောင့်ဖြစ်ရသည်။ ယင်းရောဂါပိုးသည် ညစ်ညမ်းသော မြေမှုန့်၊ ဖုန်မှုန့်၊ ပြာ မသန့်ရှင်းသော ပစ္စည်းကိရိယာများတွင် ကပ်တွယ်နေတတ်သည်။ ထိုပိုးရှိသောမြေမှုန့်များဖြင့် ထိခိုက်ဒဏ်ရာကို သိပ်မိပါက ရောဂါကူးစက်ခြင်းခံရပါသည်။

ဤသို့ဆိုးရွားသော အဖြစ်ဆိုးနှင့် မကြုံရလေအောင် ကျန်းမာရေးဝန်ကြီးဌာနက ယခုနှစ်အတွင်း မေးခိုင်ရောဂါကာကွယ်ဆေးကို တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုရှိ မြို့နယ်ပေါင်း ၂၂ မြို့နယ်၌ သုံးကြိမ်တိုင်တိုင် ထိုးနှံပေးသွားမည်ဖြစ်ပါသည်။ နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်း၊ ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပါသည်။ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုတွင် ပထမအကြိမ်အဖြစ် ဇန်နဝါရီ ၁၇ ရက် မှ ၃၀ ရက်အထိလည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ ဩဂုတ် ၁၇ ရက်မှ ၃၀ ရက်အထိလည်းကောင်း သုံးကြိမ်တိုင်တိုင် ထိုးနှံပေးသွားမည်ဖြစ်ပါသည်။ ယခုမေးခိုင်ရောဂါကာကွယ်ဆေးထိုး စီမံချက်သည် အပိုဆောင်းကာကွယ်ဆေးထိုးခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးညီလာခံက ချမှတ်ခဲ့သော မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကင်းစင်ရေး ရည်မှန်းချက်ကို လက်ခံခဲ့ပြီးနောက် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်တွင် မေးခိုင်ရောဂါကင်းစင်သောနိုင်ငံအဖြစ် အတည်ပြုနိုင်ခဲ့ပါသည်။ သို့သော်လည်း ဤကင်းစင်မှုကို ဆက်လက်လွှမ်းခြုံနိုင်ရန်အတွက် ယခုထပ်မံ၍ အစုလိုက်အပိုဆောင်း မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းဖြစ်ပါသည်။ ယခုမေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံရမည့်သူများမှာ အသက် ၁၅ နှစ်မှ ၄၅ နှစ်အတွင်းရှိ အမျိုးသမီးများ ကာကွယ်ဆေးသုံးကြိမ်အပြည့် မပျက်မကွက် ထိုးနှံရမည်ဖြစ်ပါသည်။

ဤသို့ မေးခိုင်ရောဂါကာကွယ်ဆေးထိုးရခြင်း အဓိကအကြောင်းရင်းမှာ မိခင်နှင့်မွေးကင်းစကလေးများ မေးခိုင်ရောဂါကြောင့် အသက်မဆုံးရှုံးစေရန် ဖြစ်ပါသည်။ ကလေးမွေးဖွားစဉ် ချက်ကြိုးဖြတ်သည့်အခါ မေးခိုင်ရောဂါပိုး ဝင်ရောက်နိုင်ပါသည်။ မေးခိုင်ရောဂါကာကွယ်ဆေးကို ထိုးနှံထားခြင်းဖြင့် ရောဂါကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် ကျေးလက်ဒေသနေ အမျိုးသမီးများ ထိုကာကွယ်ဆေးကို မဖြစ်မနေထိုးသင့်ပါသည်။ သားဖွားဆရာမ ခက်ခဲသောဒေသများမှ အမျိုးသမီးများလည်း ဤကာကွယ်ဆေးကို ထိုးထားသင့်ပါသည်။ မေးခိုင်ရောဂါပိုးသည် မသန့်ရှင်းသောနေရာများ၌ ဝင်ရောက်တတ်ပါသည်။

သို့ပါ၍ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်ဆိုသော စကားအတိုင်း အမျိုးသမီးများအနေဖြင့် မေးခိုင်ရောဂါကာကွယ်ဆေးကို ထိုးဖြစ်အောင် ထိုးနှံသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရန်ကုန်၌ ပြည်သူ့ဆေးရုံလေးခု အဆင့်တိုးမြှင့်ပေးမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံလေးရုံကို လာမည့်ဘဏ္ဍာနှစ်အတွင်း ခုတင်အဆင့်တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ပြောကြားချက်တွင် ဖော်ပြသည်။

ဆေးရုံများတွင် ခုတင်အသုံးပြုမှုများပြားလာသည့်အလျောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဃ်န်းကျွန်းဆေးရုံကြီးကို ခုတင် ၃၀၀ မှ ခုတင် ၅၀၀သို့လည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သန်လျင်ပြည်သူ့ဆေးရုံကို ခုတင် ၁၅၀ ဆံ့မှ ခုတင် ၂၀၀ သို့လည်းကောင်း၊ မြောက်ပိုင်းခရိုင်ရှိ လှိုင်သာယာပြည်သူ့ဆေးရုံကို ၂၅ ခုတင်ဆံ့မှ ခုတင် ၅၀ ဆံ့သို့လည်းကောင်း အဆင့်မြှင့်တင်တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အင်းစိန်ပြည်သူ့ဆေးရုံကြီးကိုလည်း ဘတ်ဂျက်ငွေကြေးနှင့် ဆေးဝါးများရရှိလာသည်နှင့် အမျှ လာမည့်ဘဏ္ဍာရေးနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ခုတင် ၃၀၀ ပြည်သူ့ဆေးရုံကြီးမှ ထိုက်သင့်သောအဆင့်သို့ ခုတင်အဆင့်တိုးမြှင့်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

၁၉၉၄ ခုနှစ်က ဖွင့်လှစ်ခဲ့သည့် သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးသည် ၂၀၁၁ ခုနှစ်က ဆေးရုံအသုံးပြုမှုနှင့် ခုတင်အသုံးပြုမှုမှာ ၁၃၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၁၆၃ ဒသမ ၄၄ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သန်လျင်ပြည်သူ့ဆေးရုံကြီးမှာလည်း ဆေးရုံနှင့် ခုတင်အသုံးပြုမှု ၂၀၁၃ ခုနှစ်တွင် ၆၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

မြောက်ပိုင်းခရိုင်ရှိ လှိုင်သာယာပြည်သူ့ဆေးရုံမှာလည်း ၂၀၁၃ ခုနှစ်အတွင်း ဆေးရုံနှင့် ခုတင်အသုံးပြုမှု ၂၀၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ လှိုင်သာယာဆေးရုံမှာ မြစ်တစ်ဖက်ကမ်းတွင်ရှိပြီး အခြေခံလူတန်းစားအများစုမှာ ၎င်းဆေးရုံကို အားထားကုသမှုခံယူလာကြကြောင်း သိရသည်။

အလားတူ အင်းစိန်ပြည်သူ့ဆေးရုံကြီးမှာလည်း ၂၀၁၁ ခုနှစ်က ခုတင် အသုံးပြုမှု ၁၀၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်အတွင်း ဆေးရုံနှင့် ခုတင် အသုံးပြုမှု ၁၂၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ယင်းဆေးရုံကြီးများကို ခုတင်အဆင့်မြှင့်တင်ပေးလိုက်သဖြင့် ဒေသခံပြည်သူများ ဆေးဝါးကုသစောင့်ရှောက်မှု ပိုမိုအဆင်ပြေလာတော့မည် ဖြစ်သည်။

ကြံတိုင်းအောင်

ထင်သာမြင်သာ ပြုပြင်စရာ

ဗန်းမောက်မြို့နယ် ကိုင်းကြီးကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ နှစ်တစ်ရာကျော် စေတီဟောင်းကြီး ပြုပြင်ရန်လိုအပ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ကိုင်းကြီးကျေးရွာသည် မဲဇာမြစ်အနီးတွင် တည်ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်သလို ရှမ်းတိုင်းရင်းသားများနေထိုင်သည့် ကျေးရွာလည်းဖြစ်သည်။ ကျေးရွာအတွင်း လူနေအိမ်ခြေ ၁၆၄ အိမ်ရှိပြီး မူလတန်းလွန်ကျောင်းတစ်ကျောင်းရှိသည်။ ကျေးရွာရှိ ဒေသခံပြည်သူများသည် ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။ ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် ရှေးနှစ်ပေါင်း ၁၀၀ ကျော်ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီကြီးတစ်ဆူမှာ ယိုယွင်းပျက်စီးလျက်ရှိနေသည်။ ယိုယွင်းပျက်စီးနေသော ရှေးဟောင်းစေတီကြီးကို ပြန်လည်ပြုပြင်ဆောင်ရွက်ရန်အတွက် အလှူရှင်များ ပေါ်ပေါက်လာရေးကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ပြောကြား

“စေတီကြီးကတော့ ရှေးနှစ်ပေါင်း ၁၀၀ ကျော် ၂၀၀ ဝန်းကျင်ခန့်က စေတီဟောင်းကြီးပါ။ စေတီကြီးပတ်လည်မှာ သက်တမ်းခုနှစ်တွေရှာကြည့်တယ် ရှာမတွေ့ဘူး။ စေတီကြီးက နှစ်ကြာလာပြီဖြစ်လို့ ယိုယွင်းပျက်စီးလာပြီ။ ပြုပြင်ဆောင်ရွက်ခြင်းမရှိရင် တောင်ပို့ပကတိလို ဖြစ်လာတော့မှာပါ။ ဒါကြောင့်မို့ ကျွန်တော်တို့က စေတီဟောင်းကြီးကို ပြုပြင်ဖို့ရာ အလှူရှင်တွေ ပေါ်လာပြီဆိုရင်လည်း ပြန်လည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ဗန်းမောက်မြို့နယ် ကိုင်းကြီးကျေးရွာမှ ရပ်မိရပ်ဖအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးထွန်းညိုက ပြောကြားခဲ့သည်။

အလှူရှင်ကိုမျှော်လင့်

ကျေးရွာအတွင်းရှိသော စေတီဟောင်းကြီးသည် ယခုအခါတွင် ယိုယွင်းပျက်စီးလျက် ရှိသော်လည်း အလှူရှင်များ ပေါ်ပေါက်လာခြင်းမရှိသေးသည့်အတွက်ကြောင့် ဒေသခံပြည်သူများက အလှူရှင်များကို မျှော်လင့်လျက်ရှိနေကြကြောင်း သိရသည်။

လေပွေနီ(အင်းတော်)

ထူးခြားသည့်ရေချမ်းစင်

ပွင့်လင်းခြောက်သွေ့သည့်ရာသီသို့ ရောက်လာသောအခါ လမ်းဘေးအရိပ်အာဝါသကောင်းသည့်နေရာများ၌ ရေချမ်းစင်လေးများ ဆောက်လုပ်လှူဒါန်းပြီး ကုသိုလ်ယူကြသည်မှာ မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့စရိုက်ပင်ဖြစ်သည်။ ထိုသို့ ဆောက်လုပ်လှူဒါန်းကြသည့် ရေချမ်းစင်များမှာ အများအားဖြင့် လေးတိုင်စင်၊ ဝါးပေါက်စိပ်တိုင်တို့ဖြင့် ဆောက်လုပ်လေ့ရှိကြသည်။

ထူးခြားသည့်ရေချမ်းစင်လေးတစ်ခုကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မင်ရွာကျေးရွာ၌ တွေ့ရှိခဲ့သည်။ အခြားရေချမ်းစင်များနှင့်မတူဘဲ ရှေးမြန်မာအမျိုးသားကြီးတစ်ယောက်က သောက်ရေအိုးနှစ်လုံးကို ဆိုင်းထမ်းဖြင့် ထမ်းထားသည့်ပုံနှင့် ဆောက်လုပ်လှူဒါန်းထားသည်မှာ အမြင်တစ်မျိုးထူးခြားဆန်းသစ်နေပြီး ဆောက်လုပ်လှူဒါန်းသည့် ရွာသူရွာသားတို့၏ စိတ်ကူးကောင်းပုံကိုလည်း လေးစားဂုဏ်ယူမိသည်။

ငွေသိန်း(မှော်ဘီ)

ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန်၊ တို့ကျေပွန်

ပြည်တွင်းသတင်း

အထည်ချုပ်လုပ်ငန်းမှာ တိုင်းပြည်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ များစွာဖန်တီးပေးနိုင်

ရန်ကုန် ဇန်နဝါရီ ၂၀

ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနာယကက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ဗန်း စက်မှုဇုန်အတွင်းရှိ Success Creater Company Limited ၏ CMP အထည်ချုပ်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးက အထည်ချုပ်လုပ်ငန်းမှာ တိုင်းပြည်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ များစွာ ဖန်တီးပေးနိုင်ကြောင်း၊ ထို့အပြင် တိုင်းပြည်ပို့ကုန်ကဏ္ဍတွင်လည်း အရေးပါသည့်ပို့ကုန်ဖြစ်ပါကြောင်း၊ ဥရောပဈေးကွက်ကိုလည်း ထိုးဖောက်နိုင်အောင် ကြိုးစားစေလိုကြောင်း၊Import နှင့် Exprot လုပ်ငန်းများတွင် လိုင်စင်နှင့် အခွန်တို့အား များစွာဖြေလျှော့မှုများ ဆောင်ရွက်ပေးထားပြီးဖြစ်ပါကြောင်း၊ အထည်ချုပ်စက်ရုံများအတွက် လိုအပ်နေသော Top Management Training အား UMFCCI နှင့် အထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါစက်ရုံမှာ လုပ်သားအင်အား ၈၀၀ ခန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး စက်ရုံမှ CMP စနစ်ဖြင့် Working Wear, Uniform, Jacket, Pant, Jeans, Trouser များအား ဂျပန်နိုင်ငံ၏သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်၍ ဂျပန်ဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီမှ ကျွမ်းကျင်အရာထမ်းဖြစ်သူ မစ္စ ကာရိုလင်း လယ်ဒီ ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**ထိုသို့တွေ့ဆုံစဉ် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

အဆင့်မြင့်စီမံခန့်ခွဲမှုအရာရှိကြီးများ အရည်အသွေးမြှင့်အလုပ်ရုံဆွေးနွေးပွဲဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စီမံကြီးကြပ်မှုနှင့်ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ကူညီပံ့ပိုးမှုဖြင့် အဆင့်မြင့်စီမံခန့်ခွဲမှုအရာရှိကြီးများ အရည်အသွေးမြှင့်အလုပ်ရုံဆွေးနွေးပွဲ(၂၀၁၄) Training Course for Executive Management of Myanmar Civil Service (2014) ကို နေပြည်တော်လိုက်ကန်သာဟိုတယ်၌ ယနေ့နံနက် ၉နာရီတွင်ဖွင့်လှစ်ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ **(ယာပုံ)** တက်ရောက်ပြီး သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ အဆိုပါဆွေးနွေးပွဲသို့ သင်တန်းသားအရာရှိကြီး ၁၅ ဦး တက်ရောက်ကြပြီး ဇန်နဝါရီ ၂၄ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး အမှတ်(၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းကျောင်းတွင် စီးပွားရေးဆိုင်ရာဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် (သောကြာနေ့)နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေး ပုဂ္ဂိုလ် ဒေါက်တာဦးမြင့်က "Macro-Economic Policy Lessons for Myanmar" (မြန်မာနိုင်ငံအတွက် မက်ခရိုဘောဂဗေဒသင်ခန်းစာ) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါကြောင်းနှင့် ဖုန်း-၀၁-၂၅၀၈၇၁၊ ၀၁-၃၇၁၂၀၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် IEE၊ EIA အစီရင်ခံစာပြုစုခြင်းနှင့် EMP ရေးဆွဲခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)တော်ဝင်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရိဒ်ခေါဒါရ် ဇန်နဝါရီ ၂၀

လူဦးရေနှင့် အိမ်အကြောင်းအရာ အသိပေးဟောပြော

ချင်းပြည်နယ် ရိဒ်ခေါဒါရ် မြို့နယ်ခွဲ ခေါထီရ်ကျေးရွာအုပ်စုတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း ဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ခွဲမှူး ဦးကျော်ဝင်းထွဋ်က သန်းခေါင်စာရင်းကောက်ယူရာတွင်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် မကဖအဖွဲ့ခေါင်းဆောင် ဦးသွမ်ထန်က မေးခွန်းပုံစံပါ အချက်အလက်များကို ဒေသစကားဖြင့်လည်းကောင်း၊ လက်ထောက်လဝကမှူး ဦးရန်နိုင်မင်းက အမတလုပ်ငန်းစဉ် (၄)ရပ်အတွက် အိမ်တိုင်ရာရောက် လုပ်ဆောင်မည့်အစီအစဉ်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးဟောပြောပွဲသို့ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ကောင်းနန္ဒကျော်)**

နိုင်ငံတာဝန် ကျေပွန်ဖို့ရေး ကျသင့်အခွန် မှန်မှန်ပေး

စာအုပ်စာပေ လူ့မိတ်ဆွေ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁) ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တွံတေးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ တာမွေမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁-၂၀၁၄ ရက်မှစ၍ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အောက်ပုဇွန်တောင်၊ သီတာဆိပ်လမ်းသွယ်တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါကို ၃၀-၁-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အောက်ပုဇွန်တောင်၊ သီတာဆိပ်လမ်းသွယ်ရှိ တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဖုန်းအမှတ် ၀၁-၂၀၂၁၇၁ နှင့် ၀၁-၉၀၀၀၉၁၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁) ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရွှေပြည်သာမြို့နယ်၊ ဝါးတရာကျေးရွာအနီး၊ ဒေါပုံမြို့နယ်၊ ကျီစုရပ်ကွက်နှင့် ဆေးစက်ရပ်ကွက်အနီး၊ ကျောက်တန်းမြို့နယ်၊ အရှေ့ပိုင်းရပ်ကွက်အနီး၊ ဒလမြို့နယ်၊ ဆာပါချောင်ကျောင်းစုရပ်ကွက်အနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁-၂၀၁၄ ရက်မှစ၍ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အောက်ပုဇွန်တောင်၊ သီတာဆိပ်လမ်းသွယ်တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါကို ၃၀-၁-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အောက်ပုဇွန်တောင်၊ သီတာဆိပ်လမ်းသွယ်ရှိ တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဖုန်းအမှတ် ၀၁-၂၀၂၁၇၁ နှင့် ၀၁-၉၀၀၀၉၁၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံးခြင်း

ယာဉ်အမှတ် အ/၇၄၉၆၊ Toyota Corolla S/L ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၂/ကမန(နိုင်)၀၆၆၄၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

နိုင်ငံတကာသတင်း

ထိုင်းအစိုးရ အရေးပေါ်အခြေအနေ ကြေညာရန် စဉ်းစားပြီ

ဗန်ကောက် ဇန်နဝါရီ ၂၀

ထိုင်းအစိုးရကို ဖြုတ်ချရန် နှစ်လကျော်ကြာ ကြိုးစားနေသည့် ဆန္ဒပြသူများက မြို့တော်ဗန်ကောက်၌ သီတင်းပတ်ကုန်ပိုင်းက အကြမ်းဖက်မှု ဖြစ်ပွားခဲ့၍ အရေးပေါ်အခြေအနေ ကြေညာရန် စဉ်းစားနေပြီဖြစ်ကြောင်း ထိုင်းလုံခြုံရေး အရာရှိချုပ်က တနင်္လာနေ့တွင် ပြောကြားသည်။

ဆန္ဒပြသူ ပမာဏ နည်းသွားသော်လည်း အစိုးရရုံးအချို့ကိုပိတ်ဆို့ရန် ဆန္ဒပြသူများက ကြိုးစားလာသည်။ ဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်သည် ၄င်း၏အလုပ်နေရာကို ပြောင်းရွှေ့ရမည့်အနေအထားတစ်ရပ်နှင့် ရင်ဆိုင်နေရသည်။

"ကျွန်တော်တို့အနေနဲ့ ရဲနဲ့စစ်တပ်ပါတဲ့အဖွဲ့ကိုသုံးပြီး အရေးပေါ်အခြေအနေ ကြေညာသွားဖို့ စဉ်းစားပြင်ဆင်ထားပါတယ်၊ ဒါပေမယ့် ကြေညာတော့ မကြေညာရသေးပါဘူး"ဟု အမျိုးသားလုံခြုံရေး ကောင်စီအကြီးအကဲ ပါရာဒွန်ပတ်တန်တာဗျူတာက ရင်လတ်နှင့်တွေ့ဆုံအပြီး ရိုက်တာသို့ ပြောကြားသည်။

ဆန္ဒပြသူများက ၄င်းတို့အနေဖြင့် အစိုးရရုံးများကိုပိတ်အောင် ဆန္ဒပြသွားမည်ဖြစ်ကြောင်း၊ ယခုအထိ ရုံးအချို့ပိတ်ထားပြီဖြစ်ကြောင်း ဆန္ဒပြသူများကပြောသည်။ (ရိုက်တာ)

ပါကစ္စတန်စစ်ဌာနချုပ်အနီး တာလီဘန်အသေခံဗုံးခွဲ အနည်းဆုံးသေဆုံးသူ ၁၀ ဦးရှိပြီး ၁၄ ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၀

ပါကစ္စတန်စစ်ဌာနချုပ်အနီး လူစည်ကားရာဈေးအတွင်း တနင်္လာနေ့က တာလီဘန်ဗုံးခွဲသူတစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် လူ ၁၀ ဦး သေဆုံးသွားခဲ့ကြောင်း၊ ယင်းမှာ မြောက်ဝါဇီရစ္စတန် လူမျိုးစုဒေသ၌ တာလီဘန် တိုက်ခိုက်မှုကြောင့် ပါကစ္စတန်စစ်သား ၂၀ သေဆုံးပြီး တစ်ရက်အကြာတွင် တိုက်ခိုက်ခဲ့ကြောင်း ရဲအဖွဲ့ကပြောသည်။ အဆိုပါဈေးသည် မြို့တော်အစ္စလမ္မာဘတ်အနီး ရာဝယ်ပင်ဒီဂိုးစစ်ဌာနချုပ်မှ မလှမ်းမကမ်းတွင် တည်ရှိသည်။ ယင်းနေရာသည် လုံခြုံရေးထူထပ်စွာ ချထားသည့်နေရာလည်း ဖြစ်သည်။ ယင်းဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် စစ်တပ်က ယင်းနေရာကို လုံခြုံရေး တာဝန်ယူလိုက်ကြောင်း ရဲချုပ် ဟာရက်လာလစ်ကာက ပြောသည်။ ယင်းတိုက်ခိုက်မှုကြောင့် အခြား ၁၄ ဦးလည်း ဒဏ်ရာရရှိသွားသည်။

စက်ဘီးအပျက်စီးနှင့် သွေးအိုင်အနီးတွင် သေဆုံးသူများ၏အလောင်းများကိုပုံထားကြောင်း သေဆုံးသူများတွင် အပြာရောင်ဝတ်စုံဝတ်ကောလိပ်ကျောင်းသားနှစ်ဦးလည်း ပါဝင်ကြောင်း ရိုက်တာသတင်းထောက်က အခင်းဖြစ်နေရာမှ သတင်းပို့သည်။

ကယ်ဆယ်ရေးအဖွဲ့က ဒဏ်ရာရသူများကို ဆေးရုံသို့ အမြန်ဆုံးပို့ပေးခဲ့သည်။ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနီးရှိ အဆောက်အအုံများမှ ပြတင်းပေါက်မှန်များ ကွဲကျပျက်စီးသွားသည်။

ယင်းတိုက်ခိုက်မှုသည် အစ္စလာမ္မစ် အကြမ်းဖက်အဖွဲ့ကိုယ်စား တိုက်ခိုက်ခြင်းဖြစ်ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ရှာလစ်ဒူလာရှာလစ်က ပြောသည်။ (ရိုက်တာ)

မိုဟာမက်မော်စီအား စတုတ္ထအကြိမ်စစ်ဆေးမည်

ကိုင်ရို ဇန်နဝါရီ ၂၀

ဖြုတ်ချခံရသော အီဂျစ်သမ္မတဟောင်း မော်စီအား စတုတ္ထအကြိမ် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် တရားသူကြီးများအား စော်ကားသည့်အတွက် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း အီဂျစ်မီဒီယာများက ဖော်ပြသည်။

အစ္စလာမ္မစ် ခေါင်းဆောင်နှင့် အခြားနိုင်ငံရေးသမား ၂၄ ဦး၊ မီဒီယာတာဝန်ရှိသူများ၊ တက်ကြွလှုပ်ရှားသူများ၊ ရှေ့နေများသည် ယင်းစွပ်စွဲချက် အသစ်များအပေါ် စစ်ဆေးခံရမည်ဖြစ်ကြောင်း တရားရေးသတင်းရပ်ကွက်က ပြောသည်။

မစ္စတာမိုဟာမက်မော်စီကို ဇူလိုင်လက အာဏာမှဖယ်ရှားခဲ့ရပြီး ၎င်း၏ မွတ်စလင် ညီအစ်ကိုတော်များအဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခဲ့သည်။ မိုဟာမက်မော်စီကို ဇန်နဝါရီ ၁၁ ရက်က ကိုင်ရိုမြို့တရားရုံး၌ ၂၀၁၂ ခုနှစ်က ဆန္ဒပြသူများအား သတ်ဖြတ်မှုဖြင့် ရုံးထုတ်စစ်ဆေးရန် စီစဉ်ခဲ့သည်။ သို့သော်လည်း ၎င်းနေရာ အလက်ဇန္ဒြားအကျဉ်းထောင်မှ ကိုင်ရိုမြို့တရားရုံးသို့ ရဟတ်ယာဉ်ဖြင့်လာရန် ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ရက်ရွှေ့ဆိုင်းခဲ့သည်။

(ဘီဘီစီ)

၁၄ နှစ်အတွင်း တရုတ်စီးပွားရေး အနှေးကွေးဆုံးဖြစ်

ပေကျင်း ဇန်နဝါရီ ၂၀

ကမ္ဘာ့ဒုတိယစီးပွားရေး အင်အားကြီးဖြစ်သည့် တရုတ်နိုင်ငံ၏ စီးပွားရေး အရှိန်အဟုန်သည် ၂၀၁၃ ခုနှစ်တွင် ၁၄ နှစ်အတွင်း အနှေးကွေးဆုံးအဆင့်သို့ ရောက်ခဲ့ကြောင်း တရားဝင်စာရင်းဇယားများတွင် ဖော်ပြသည်။

ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)မှာ လွန်ခဲ့သော တစ်နှစ်က ၇ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ယင်းတိုးတက်မှုမှာ ၁၉၉၉ ခုနှစ်နောက်ပိုင်းတွင် အနှေးကွေးဆုံးဖြစ်သည်ဟု ဆိုသည်။

အဆိုပါ စီးပွားရေးတိုးတက်မှုနှုန်းသည် အစိုးရက မျှော်မှန်းထားသည့် သန်း ၇ ဒသမ ၉ ရာခိုင်နှုန်းထက်ပိုသည်။ သို့သော် ၂၀၁၂ ခုနှစ်က တိုးတက်မှုနှင့် တူညီသည်။ (ဘီဘီစီ)

ယူကရိန်းအကြမ်းဖက်မှု အကျပ်အတည်း သမ္မတနျူယာကိုဗစ် ဆွေးနွေးရန်သဘောတူ

ကီယက်ဗ် ဇန်နဝါရီ ၂၀

ယူကရိန်းသမ္မတ ဗစ်တာနျူယာကိုဗစ်က အီးယူလိုလားသူ ဆန္ဒပြသူများနှင့် အတိုက်အခံခေါင်းဆောင်တို့အကြား မြို့တော်ကီယက်ဗ်၌ အကြမ်းဖက်မှု ဖြစ်ပွားပြီးနောက် ဆွေးနွေးရန် သဘောတူလိုက်သည်။

အဆိုပါ အကျပ်အတည်းကို ဖြေရှင်းသွားမည်ဖြစ်ကြောင်း ၎င်းက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။ အတိုက်အခံခေါင်းဆောင်များကလည်း ယင်းကိစ္စကို အတည်ပြုပြောကြားသည်။

စောစောပိုင်းတွင် ဆန္ဒပြသူအုပ်စုများက ပါလီမန်သို့ ချီတက်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများနှင့် ရဲအဖွဲ့တို့ အဓိကရုဏ်းဖြစ်ပွားခဲ့ရာ လူဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိခဲ့သည်။ အီးယူနှင့် အမေရိကန်တို့ကလည်း ယူကရိန်းနိုင်ငံ၌ ဖြစ်ပွားနေသော အကြမ်းဖက်မှုကို အဆုံးသတ်ပြီး ဆွေးနွေးမှုများပြုလုပ်ရန် တိုက်တွန်းထားသည်။

အဆိုပါ အကြမ်းဖက်မှုမှာ ထောင်ပေါင်းများစွာသော ဆန္ဒပြသူများက မြို့တော်လွတ်လပ်ရေးရင်ပြင်ဆီသို့ ချီတက်ဆန္ဒပြခဲ့ရာမှ စတင်ခြင်းဖြစ်သည်။ အခြေခံဥပဒေပါ အခွင့်အရေးများအပေါ် ဥပဒေသစ်ဖြင့် တင်းကျပ်ရန် ကြိုးပမ်းရာမှ ဆန္ဒပြမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အာဏာရပါတီခေါင်းဆောင် နျူယာကိုဗစ်က ယင်းစွပ်စွဲချက်ကို ငြင်းဆိုထားသည်။ ယင်းဥပဒေသည် ဥရောပအဆင့်အတန်းအတိုင်းသာ ဖြစ်သည်ဟု ဆိုသည်။ သို့သော်လည်း အနောက်နိုင်ငံများက ယူကရိန်း၏ အခြေခံအခွင့်အရေးကို ထိန်းချုပ်သည့် ဥပဒေသစ်အတွက် စိုးရိမ်ပူပန်လျက်ရှိသည်။ (ဘီဘီစီ)

တရုတ်နိုင်ငံ လေဆိပ်တစ်ခု၌ ဓားကိုင်ရမ်းကားမှု ဖြစ်ပွား

ပေကျင်း ဇန်နဝါရီ ၂၀

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ပြည်နယ် ဂန်ဆုရှီမြို့တော် လန်ကျို့၏ လေဆိပ်တစ်ခု၌ ယနေ့နံနက်ပိုင်းက ဓားကိုင်ရမ်းကားတိုက်ခိုက်သူ အမျိုးသားတစ်ဦးကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးဒဏ်ရာရရှိခဲ့ရကြောင်း လေဆိပ် အာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါ ဓားကိုင်ရမ်းကားသူမှာ လုံခြုံရေးစစ်ဆေးရာ ဇရိယာဆီသို့ အတင်း ဖြတ်သန်းဝင်ရောက်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များက ထိန်းချုပ်ထားနိုင်ခဲ့ကြောင်းနှင့် ဖြစ်ပွားချိန်မှာ ယနေ့နံနက် ၉ နာရီ ၁၆ မိနစ်ဟု သိရသည်။ ဒဏ်ရာရရှိသူ လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးတွင် နှစ်ဦးမှာ အခြေအနေဆိုးရွားလျက်ရှိပြီး ဆေးရုံသို့ တင်ပို့ထားရသည်။

ဓားကိုင်ဆောင်လာသူ အမျိုးသားအား ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားပြီး အကြောင်းရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်သည်။ လေဆိပ်ဝန်ဆောင်မှုများနှင့် လေယာဉ်ပျံသန်းမှု ခရီးစဉ်များအား ပုံမှန်အတိုင်း လုပ်ဆောင်နေသည်။

အမ်အင်န်အေ/ဆင်ဟွာ

နယူးဇီလန်၌ အားပြင်းငလျင်လှုပ်သော်လည်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခြင်းမရှိ

ဝယ်လင်တန် ဇန်နဝါရီ ၂၀

နယူးဇီလန်နိုင်ငံ မြောက်ပိုင်းကျွန်း၌ ရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ သို့သော်လည်း ယနေ့အထိ ကြီးကြီးမားမား ထိခိုက်ပျက်စီးမှုမရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၅၂ မိနစ်က လှုပ်ခဲ့ခြင်းဖြစ်ပြီး စတာတွန်မြို့ အရှေ့မြောက်ဘက် ၂၄ မိုင်အကွာကို ဗဟိုပြု၍ လှုပ်သွားခဲ့ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးအဖွဲ့က ပြောသည်။

အဆိုပါ ငလျင်လှုပ်မှုကြောင့် ဒေသခံပြည်သူများ လှုပ်ယမ်းလဲကျခဲ့ပြီး ဈေးဆိုင်များမှ ကုန်ပစ္စည်းများ ပြုတ်ကျသွားခဲ့သည်။ နေအိမ်များအတွင်း ချိတ်ဆွဲထားသော ပန်းချီကားများနှင့် ရုပ်ပုံကားချပ်များ ပြုတ်ကျခဲ့သည်။

ဝယ်လင်တန်လေဆိပ် မြေပြင်ကိုပါ ရိုက်ခတ်လှုပ်ခတ်စေပြီး လေဆိပ်အမိုး၌ ဆိုင်းထားသော သိမ်းငှက်ရုပ်ကြီးလည်း ပြုတ်ကျသွားခဲ့ကြောင်း ဒေသမီဒီယာများက သတင်းဖော်ပြသည်။

အဆိုပါ သိမ်းငှက်ရုပ်ကြီးသည် ဟောဘစ်ရုပ်ရှင်ကား ကြော်ငြာအဖြစ် ထားရှိခြင်းဖြစ်သည်။ ၎င်းပန်းပုရုပ်ပြုတ်ကျခဲ့၍ ဒဏ်ရာရရှိသူ တစ်ဦးတစ်ယောက်မျှ မရှိဟု ဆိုသည်။

ငလျင်လှုပ်ချိန်တွင် စီးပွားရေးလုပ်ငန်းများမှာ အားလပ်ရက်ဖြစ်၍ ပိတ်ထားသည်။ ယင်းငလျင်သည် နယူးဇီလန်အလယ်ပိုင်းမြို့တော် ဝယ်လင်တန်အပါအဝင် အဓိကမြို့ကြီးများ၌ လှုပ်ခတ်သွားခဲ့သည်။ ငလျင်လှုပ်မှုကြောင့် ရထားပြေးဆွဲမှုအားလုံး ရပ်ဆိုင်းထားကြောင်း၊ ယင်းကို ဘတ်စ်ကားများဖြင့် အစားထိုးဖွယ်ရှိကြောင်း မီးရထားစက်ခေါင်းမောင်း ထရန့်မီထရိုက ပြောသည်။

မြေအောက် ၁၇ မိုင်အကွာကို ဗဟိုပြုလှုပ်ခဲ့သည့် ယင်းငလျင်ကြောင့် ငလျင်ဗဟိုအနီးရှိ ဒေသများတွင် မီးဖိုချောင်ပစ္စည်းများနှင့် ပြတင်းပေါက်မှန်များ ပြုတ်ကျကွဲခဲ့သည်ဟု ဆိုသည်။ ယင်းနိုင်ငံသည် ၂၀၁၁ ခုနှစ်က ခရစ်ချတ်မြို့၌ ၆ ဒသမ ၃ ရှိ ငလျင်လှုပ်ခဲ့ရာ လူ ၁၈၅ ဦး သေဆုံးခဲ့ရသည်။

(ဘီဘီစီ)

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌအဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဂုဏိကာဘိဝံသက ဆောင်ရွက်တော်မူကြသည်။

အစီအစဉ်အရ အစည်းအဝေးကို စတင်ကျင်းပရာ ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲ ကျင်းပရခြင်း အကြောင်း လျှောက်ထားခြင်း၊ ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပမည့် ရက်သတ်မှတ်ခြင်း၊ အစည်းအဝေးပွဲသို့ တက်ရောက်ခွင့်ရှိသည့် ဆရာတော်ကြီးများ၏ အရေအတွက်ကို သတ်မှတ်ခြင်း၊ အစည်းအဝေး ကျင်းပရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရေးဆွေးနွေးခြင်းနှင့် ပြင်ဆင်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ယင်းနောက် အထူးအစည်းအဝေး ပထမနေ့ကိုမွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

အချို့မြို့နယ်များတွင် ကာလတန်ဖိုး စံနှုန်းသတ်မှတ်မှုမှာ ပြင်ပထက်သက်သာသည့် ဈေးနှုန်းများဖြစ်ခြင်းကြောင့် ထိုမြို့နယ်များအတွင်း အရောင်းအဝယ်မှာမူ ပုံမှန်အတိုင်းသာရှိသည်။

အခွန် သတ်မှတ်ချက်များအရ အရောင်းအဝယ်ပြုလုပ်ပြီး အမည်ပြောင်းပါက တံဆိပ်ခေါင်းဖိုးအပါ အဝင်အခွန် ၃၇ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပြီး ရောင်းခွန်အနေနှင့် ၁၀ ရာခိုင်နှုန်း ပေးဆောင်ကြရမည်ဖြစ်သည်။

"ကိုယ်ပိုင်အမည်ပေါက်လိုသူတွေကတော့ အခွန်ဆောင်ဖို့ စိတ်ဝင်စားကြပေမယ့် အများစုက အခွန်ဆောင်ရမှာကို စိုးရွံ့ကြတယ်။ ရာဖြတ်နှုန်းတွေကိုကြည့်မယ်ဆိုရင် အပြင်ကာလပေါက်ဈေးကိုတော့ မမီပါဘူး။ လက်ရှိအနေအထားအရ ပြင်ပအရောင်းအဝယ်လုပ်ဆောင်တဲ့ ရာခိုင်နှုန်းမှာ ၁၀ ရာခိုင်နှုန်းကျော်လောက်သာ အခွန်ဆောင်ပြီး အမည်ပေါက် ပြောင်းလဲတာကို တွေ့ရတယ်။ ရာခိုင်နှုန်း ပိုမိုများပြားပြီး အခွန်ထမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်မယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အခွန်ဝင်ငွေလည်း တိုးပွားလာနိုင်ပါတယ်။ လက်ရှိမှာတော့ တန်ဖိုးမြင့်မားတဲ့ အိမ်ခြံမြေတွေလောက်သာ မလိုအပ်တဲ့အမှုအခင်းတွေ ကြုံရမှာစိုးတဲ့အတွက် အခွန်ဆောင်ကြပြီးကျန်တာကိုတော့ ကိုယ့်နားလည်မှုနဲ့ကိုယ် အရောင်းအဝယ် ဆက်လက်လုပ်ကိုင်နေကြဆဲ ဖြစ်ပါတယ်။ သို့သော်လည်း အခွန်သတ်မှတ်မှုနှုန်းထား ထုတ်ပြန်တဲ့အတွက် အများစုသော အရောင်းအဝယ်တွေ ရပ်တန့်ကုန်ကြတယ်"ဟု ပြင်ပရာဖြတ်ကျွမ်းကျင်သူ အထက်တန်းရှေ့နေ ဦးဝင်းမျိုးအောင်က ပြောသည်။

အိမ်ခြံမြေ အခွန်အခများ ရှောင်တိမ်းကြရာတွင် အမှုအခင်းအများဆုံး ဖြစ်ပွားသည့် မြို့နယ်များမှာ နှစ်အနည်းငယ်အတွင်း ဈေးနှုန်းအဆများစွာ မြင့်တက်လာခဲ့သည့် ဆင်ခြေဖုံးမြို့နယ်များတွင်ဖြစ်ပြီး ခိုင်မာသည့် အရောင်းအဝယ် မဖြစ်ခြင်းကြောင့် ပြဿနာများ ဖြစ်ပွားခဲ့ကြသည်။

ယခုလအတွင်း လှိုင်သာယာမြို့နယ်အတွင်း ကျူးကျော်နေထိုင်သူများကို ဖယ်ရှားမည်ဆိုသည့်သတင်းကြောင့်လည်း ရန်ကုန်မြို့ပြင်ရှိ မြို့နယ်များ၏ အိမ်ခြံမြေဈေးနှုန်းများ ပြောင်းလဲကျဆင်းနေကြောင်း သိရသည်။

အထွေထွေရောဂါကုဆရာဝန်များအဖွဲ့(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၅ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီ တွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်ဘီ၌ ကျင်းပမည်ဖြစ်ရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်ဆရာဝန်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

ကုန်သွယ်ရေကြောင်း အရာရှိသင်တန်းများကိုလည်း သင်ကြားပေးလျက်ရှိရာ ဒုတိယအရာရှိ(ပင်လယ်ရပ်ခြားသွား)သင်တန်းများကို တက်ရောက်သူ များပြားပြီး သင်တန်းကာလအားဖြင့် သုံးပိုင်းပိုင်းခြားထားသည်။ လေးဘာသာခန့်ကို သင်တန်းကျောင်းအတွင်း ဖြေဆိုခွင့်ရရှိပြီး ကျန်နှစ်ဘာသာကို နိုင်ငံတကာ ကုန်သွယ်ရေကြောင်းအရာရှိများ၏ အရည်အချင်းပြည့်မီမှု ရှိ/မရှိ စိစစ်နိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ရွေးချယ်ထားသည့် စာမေးပွဲဘုတ်အဖွဲ့က စိစစ်ကာ နောက်ဆုံးအဆင့်အနေဖြင့် ရေကြောင်းဦးစီးဌာနက နှုတ်ဖြေစာမေးပွဲများကို စနစ်တကျ စစ်ဆေးသင်ကြားဖြေဆိုခွင့်ရရှိစေရန် ဆောင်ရွက်လျက်ရှိသည်။

ပထမအရာရှိ (ပင်လယ်ရပ်ခြားသွား)များအနေဖြင့် ကျောင်းတွင်း သုံးဘာသာဖြေဆိုရမည်ဖြစ်ပြီး ဘုတ်အဖွဲ့က သုံးဘာသာ စစ်ဆေးပြီး နှုတ်ဖြေစာမေးပွဲဖြေဆိုရမည် ဖြစ်ကြောင်း၊ ရေယာဉ်မှူး(ပင်လယ်ရပ်ခြားသွား) သင်တန်းသားများအနေဖြင့် ရေးဖြေမရှိဘဲ၊ နှုတ်ဖြေစာမေးပွဲသာ ဖြေဆိုရမည်ဖြစ်ကြောင်းသိရသည်။

အရာရှိ သင်တန်းများအပြင် အခြေခံသင်္ဘောသား သင်တန်းများကိုလည်းဆက်တိုက်ဖွင့်လှစ်သင်ကြားပေးနေပြီး အသိအမှတ်ပြုလက်မှတ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးလျက်ရှိသည်။ သင်္ဘောသားများအတွက် နိုင်ငံတကာ အလုပ်အကိုင်ရရှိစေရေး လိုအပ်သည့် အသိအမှတ်ပြုလက်မှတ်များကို သက်တမ်းတိုးမြှင့်ခြင်းများလည်း ပြုလုပ်ပေးနေရကြောင်း ဦးမြင့်ဦးက ပြောကြားသည်။

ပြည်ပသင်္ဘောကုမ္ပဏီများ၌ သွားရောက် အလုပ်လုပ်ကိုင်ရန်အတွက် ပြည်တွင်းသင်္ဘောသားများက ရည်ရွယ်ထားကြပြီး လက်ရှိတွင် သင်္ဘောကုမ္ပဏီများသို့ အလုပ်ရရှိရန် လျှောက်ထားစောင့်ဆိုင်းနေရသူ သောင်းဂဏန်း အရေအတွက်ထိရှိကြောင်း သင်္ဘောသားအသိုင်းအဝိုင်းက ပြောကြားသည်။

"သင်တန်းတွေလည်းစုံနေအောင် တက်ထားပါတယ်။ အတွေ့အကြုံကတော့ မရှိပါဘူး။ သင်္ဘောကုမ္ပဏီဆယ်ခုထက်မနည်းမှာ အလုပ်အကိုင်ရရှိဖို့လျှောက်ထားနေပါတယ်။ သင်္ဘောလိုက်တဲ့အတွေ့အကြုံက ဝယ်ယူလို့မရတော့ သင်္ဘောကုမ္ပဏီကြီးတွေက အလုပ်ရနိုင်ဖို့ ခက်ခဲပါတယ်။ အဲဒီတော့ ကုမ္ပဏီငယ်တွေမှာ လျှောက်ထားပြန်တော့လည်း လိုင်းကြေးတောင်းတာတွေကများလို့ သင်္ဘောသားလက်သစ် အများစုအခက်အခဲဖြစ်နေရတယ်"ဟု သင်တန်း တက်ရောက်ရန်လာရောက်သူ ကိုသက်နိုင်ဦးက ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်း

နေပြည်တော် ဇန်နဝါရီ ၂၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးကြီးတွင် ခြင်မှတစ်ဆင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ခြင်ဆေးဖျန်းဆောင်ရွက်မှုကို ဈေးတာဝန်ခံ ဦးတင်မောင်ကြည် ကြီးကြပ်၍ ဇန်နဝါရီ ၁၉ ရက် ညနေ ၅ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထို့အတူ နေပြည်တော် ဒက္ခိဏသီရိဈေးကြီး၌လည်း ဈေးတာဝန်ခံ ဦးမောင်မောင်လွင်နှင့် ဈေးဝန်ထမ်းများက ယင်းနေ့ညနေ ၄ နာရီခွဲက ခြင်ဆေးဖျန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှူပ**

၁၂ ဘီးကုန်ကား ဓာတ်တိုင်ဝင်တိုက် ရပ်ထားသည့်ကားပေါ် ဓာတ်တိုင်လဲကျ

ရန်ကုန် ဇန်နဝါရီ ၂၀

ဘုရင့်နောင်ပွဲရုံဝင်း ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၃ နာရီခန့်က အင်ကြင်းလမ်းမနှင့် ငုဝါလမ်းထိပ်တွင် ငုဝါလမ်းအတွင်းသို့ ကွေ့ဝင်သည့် ၁၂ ဘီးကုန်ကား ၆ခ/--- ဟီးနိုး အမျိုးအစား စိမ်းနုဖြူကျားအရောင် ယာဉ်မောင်း ကိုအောင်အောင် (၃၀နှစ်) သည် ယာဉ်တစ်စီးကို ရှောင်ရာမှ လမ်းထောင့်တွင် စိုက်ထူထားသော လျှပ်စစ်ဓာတ်တိုင်ကို တိုက်မိခဲ့ကြောင်း၊ အတိုက်ခံရသော ဓာတ်တိုင်သည် ဓာတ်တိုင်အနီး ရပ်ထားသော ကိုင်ပိုင်အိမ်စီးယာဉ်ငယ် BAGO ၃က/--- အဖြူရောင် နောက်ပိုင်းပေါ်လဲကျရာ **(ဝဲပုံ)** ယာဉ်နောက်ပိုင်း ပျက်စီးခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ဆိုသည်။

၁၂ ဘီးကုန်ကားသည် မိတ္ထီလာခရီးစဉ်တွင် ကုန်သယ်ယူပို့ဆောင်နေသော ကုန်ကားတစ်စီးဖြစ်ကြောင်း ကားဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။ လမ်းဘေးတွင် ရပ်ထားသော အိမ်စီးယာဉ်ငယ်မှာ စိန်ပန်းလမ်းရှိမြစ်ဝကျွန်းပေါ်ဒေသသွား ကုန်ကားဂိတ်ပိုင်ရှင်တစ်ဦး၏ကားဖြစ်ကြောင်း၊ အမှုကို သက်ဆိုင်ရာမှ စစ်ဆေးအရေးယူနေကြောင်း သိရသည်။

ခင်ဆိုင်

ဂုဏ်ယူဝမ်းမြောက်ခြင်း
ကောင်းထက်အဆင့်မြင့်မွေးမြူရေးအစာစက်ရုံ

အင်္ဂလန်နိုင်ငံ UKAS နှင့် URS မှ ချီးမြှင့်သော စီမံခန့်ခွဲမှု အရည်အသွေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ် "ISO 9001:2008 Quality Management System" Certificate No: 61232/A/0001/UK/EN ကို ထိုက်တန်စွာ ရရှိခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း-

ဦးနိုင်ဦး မိသားစုနှင့်
ဆင်ဖြူတော်ဝန်ထမ်းများ

Y.E.S. Since 1994
International English Language Centre

Basic Spoken English
Sat & Sun - 3:45-6:45am 25 Jan
Sat & Sun - 9:00-12:00am 25 Jan
Mon to Thurs-1:00-3:00 pm 27 Jan
Mon to Thurs-5:00-7:00pm 27 Jan
Sat & Sun - 12:30-3:30pm 25 Jan
Mon to Thurs-7:30-9:30am 3 Feb
Mon to Thurs-10:00-12:00am 3 Feb
Pre-Intermediate English
Mon to Thurs-3:00-5:00pm 3 Feb
Mon to Thurs-10:00-12:00am 17 Feb
Intermediate English
Mon to Thurs-1:00-3:00pm 3 Feb
Grammar Foundation Course
Mon to Thurs-7:30-9:30am 10 Feb
Mon to Thurs-1:00-2:30pm 10 Feb
Vocabulary Enrichment Course
Sat & Sun -10:00-12:00am 25 Jan
Structure & Written Expression
Sat & Sun -10:30-12:30pm 8 Feb
Mon to Thurs- 5:00-6:30pm 10 Feb
Basic Writing Course
Mon to Thurs- 3:00-5:00pm 27 Jan
Mon to Thurs- 10:00-12:00am 7 Feb
Academic Writing Course
Sat & Sun - 5:00-7:00pm 1 Feb
Academic Preparation for IELTS (API)
Mon to Thurs- 10:00-12:30pm 3 Feb
IELTS (Test Practice)
Sat & Sun 10:30-12:30 pm 1 Feb
IELTS (Speaking Course)
Sat & Sun 1:00-3:30 pm 1 Feb
SAT Mon to Thurs 3:30-5:00 pm 3 Feb
TOEFL Mon to Thurs 5:30-7:00 pm 3 Feb
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. ☎ 243950

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အပြောလွယ်သလောက် အလုပ်ခက်သည့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ကျရေးကိစ္စ(၂)

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

နည်းပညာပိုင်းနှင့် ဆက်စပ်နေသည့် ပျောက်ဆုံးမှုများအတွက်ကိုမူ ဘဏ္ဍာငွေကြေး အမြောက်အမြားသုံးစွဲ၍ ဆောင်ရွက်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ဓာတ်အားထုတ်လုပ်မှု (Generation)ပိုင်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးရေး (Transmission / Distribution) ပိုင်းတို့အတွက် ရင်းနှီးမြှုပ်နှံမှုတို့သည် အချိုးညီတူ ၁း၁ (တစ်အချိုးတစ်) ဖြစ်ရန်လိုအပ်သည်။ လောလောဆယ်အခြေအနေအရ မိမိတို့နိုင်ငံတွင် ဓာတ်အားလိုအပ်ချက်များ တိုးမြင့်လာသည်နှင့်အမျှ ထုတ်လုပ်မှုပိုင်း (Generation Mixed) ကို တိုး၍ တိုး၍ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုကို အလေးထားလုပ်နေကြသော်လည်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးရေး (Transmission / Distribution) အပိုင်းအတွက် ရင်းနှီးမြှုပ်နှံမှုမှာ လွန်စွာပင်နည်းလျက်ရှိနေသေးခြင်းကြောင့် လက်ရှိဖြစ်ပေါ်နေသော ဓာတ်အားပျောက်ဆုံးမှုကို ပိုမိုမြင့်တက်မှုမရှိအောင် ထိန်းထားရန်ပင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အခက်အခဲများစွာနှင့် တွေ့ကြုံနေရမည်ဖြစ်သည်။

Transformer မှတစ်ဆင့် Insulated Cable နှင့် Connector များအသုံးပြု၍ ဓာတ်အားဖြန့်ဖြူးထားပုံ။

သာဓကအားဖြင့် ဆက်လက်ဖော်ပြရမည်ဆိုပါလျှင် ရန်ကုန်တိုင်းဒေသကြီးအတွင်းတည်ဆောက်ထားရှိသော ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများအတွက် ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရန်နှင့်ပြန်လည်မွမ်းမံရန်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ထိုင်းနိုင်ငံ၊ အိမ်နီးချင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့မှ လေ့လာတွက်ချက်မှုများအရ ကုန်ကျစရိတ်မှာ USD ၃၀၂ သန်းခန့်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတစ်ခုလုံးရှိ ခွဲရုံများနှင့် လိုင်းများအတွက်ဆိုလျှင် USD ဘီလျံနှင့်ချီ၍ ကုန်ကျမည်ဖြစ်ပေသည်။

ဓာတ်အားပျောက်ဆုံးမှု မှတ်တမ်းများဇယားအရ မိမိတို့နိုင်ငံအနီးရှိ နိုင်ငံအများစုသည် ဓာတ်အားပျောက်ဆုံးမှု ၂ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ လျှော့ကျရန် ၁၀ နှစ်ခန့်ဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် Losses ကျဆင်းရေး ဆောင်ရွက်မှုနှင့်ပတ်သက်၍ လေ့လာရာတွင် Losses ၁၅ ဒသမ ၅ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိလျှော့ကျရန် ၁၉၈၇ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ၅ နှစ်တာ ဆောင်ရွက်ခဲ့ရပြီး ၉ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ ၂ ရာခိုင်နှုန်းလျှော့ကျရန် ၁၉၉၂ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ၁၀ နှစ်ခန့်ဆောင်ရွက်ခဲ့ရကြောင်း လေ့လာတွေ့ရှိရသည်။ ထိုကဲ့သို့ လျှော့ချရာတွင် ၁၉၈၇ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ Losses (၁၅ ဒသမ ၅ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်း) ၆ ဒသမ ၅ ရာခိုင်နှုန်းလျှော့ကျရန် Technical ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအနေဖြင့် အဓိကအချက်များကို ဖော်ပြရပါလျှင် Distribution Voltage Level ကို 6KV,11KV မှ 20KV သို့ ပြောင်းလဲပေးခြင်း၊ Low Voltage Line များအား Bare Copper Wire ကြိုးများအစား Insulated Cable များဖြင့် ပြောင်းလဲအသုံးပြုခြင်း၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများတွင် တပ်ဆင်ထားသော လျှပ်စစ်ပစ္စည်းများအား အသစ်လဲလှယ်ခြင်း၊ ပြုပြင်ခြင်း၊ စနစ်တကျ တပ်ဆင်မှုပြုလုပ်ခြင်း၊ ဆားဗစ်ဝိုင်ယာကြိုးများ၊ လိုင်းကြိုးများ Connection ပြုလုပ်ရာတွင် ပိုမိုခိုင်မြဲကောင်းမွန်စေရန်၊ Press Type Connector များ အသုံးပြုခြင်း စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဘဏ္ဍာငွေကြေးမှာလည်း အမြောက်အမြားကုန်ခဲ့ကြောင်း လေ့လာသိရှိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၂ ခုနှစ်တွင် ၁၃ ဒသမ ၅၉ ရာခိုင်နှုန်းဖြစ်ပြီး၊ ၂၀၁၁ ခုနှစ်တွင် ၂၈ ဒသမ ၁၁ ရာခိုင်နှုန်းသို့ တိုးမြင့်လာကြောင်း တွေ့ရှိရသည်။ ဇယားတွင် မပါဝင်သော လာအိုနိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် ပျောက်ဆုံးမှု ၂၄ ဒသမ ၆၂ ရာခိုင်နှုန်းရှိခဲ့ပြီး ၎င်းတို့၏ Plan အရ ၂၀၂၀ ပြည့်နှစ်တွင် ၁၂ ဒသမ ၆၈ ရာခိုင်နှုန်းအထိ ၁ ဒသမ ၉၄ ရာခိုင်နှုန်းသာ လျှော့ချနိုင်မည်ဖြစ်ကြောင်း လာအိုနိုင်ငံ၏ Power Development Plan အစီရင်ခံစာတွင် ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရသည်။

Insulated Cable မှတစ်ဆင့် Connector များဖြင့် အသုံးပြု၍ ဓာတ်အားဖြန့်ဖြူးထားပုံ။

သို့ဖြစ်ပါ၍ ပျောက်ဆုံးနေသော ဓာတ်အားယူနစ် (KWH) သန်းပေါင်းများစွာကို လျှော့ချပြီး လျော့ကျသွားခြင်းကြောင့် ထွက်ရှိလာသည့် ဓာတ်အားယူနစ်များကို ရောင်းချခြင်းဖြင့် ရရှိလာမည့်ငွေကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကတင်ပြသော အရှုံးများကိုကာမိအောင် ဆောင်ရွက်လိုက်ပါလားဆိုသည့် ဆွေးနွေးမှုဝေဖန်မှုများသည် ဓာတ်အားပျောက်ဆုံးမှုများ၏ သဘောသဘာဝကို သေသေချာချာမသိ၍သာဖြစ်ပါသည်။ ဝန်ကြီးဌာန၏ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများရပ်တန့်သွားခြင်း၊ နှောင့်နှေးသွားခြင်းကလွဲ၍ မည်သည့်အကျိုးကျေးဇူးကိုမျှ ရမည်မဟုတ်ကြောင်းသာ ဖြစ်ပေမည်။

အချုပ်အားဖြင့် တင်ပြရလျှင် ဓာတ်အားပျောက်ဆုံးမှု လျှော့ကျရေးလုပ်ငန်းများသည် လုပ်ငန်းပမာဏများခြင်း၊ ဘဏ္ဍာငွေ အမြောက်အမြားလိုအပ်ခြင်း၊ နှစ်ရှည်လများ ဆောင်ရွက်မည့် လုပ်ငန်းများဖြစ်ခြင်း စသည်တို့ကြောင့် လွယ်ကူမြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် လုပ်ငန်းတစ်ခုမဟုတ်ကြောင်း ရှင်းလင်းတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ။

ဒီမိုကရေစီ အနှစ်သာရ ခံစားလိုက အခွန်ပေးကြ

ပရဟိတအသင်းများ ပထမအကြိမ် ညီညွတ်ရေး ဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ပရဟိတအသင်းအဖွဲ့များ စုပေါင်း၍ ပထမအကြိမ်မြောက် ညီညွတ်ရေး ဈေးရောင်းပွဲတော်တွင် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ အနုပညာရှင်များနှင့် ပရဟိတသမားများ၏ တင်ဆက်မှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ပရဟိတအသင်းအဖွဲ့တွေ အခုလို လူမှုရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ကြတာမို့ ပရဟိတစုံညီပွဲတော်လို့တောင် ပြောလို့ရပါတယ်။ ပရဟိတအဖွဲ့ဝင်များက အနေအထားအမျိုးမျိုးနဲ့စိတ်ဓာတ်ရေးရာ၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်ခံနေတဲ့ (သဘာဝဘေး၊ စစ်ဘေး)ဒဏ်သင့်ဒေသရှိ ပြည်သူများအတွက် ဖေးမကူညီစောင့်ရှောက်ခြင်းဆိုင်ရာ မေတ္တာတရား၊ စိတ်ခွန်အားအပြည့်နဲ့ ဆောင်ရွက်ပေးကြဖို့ပါ။ ရရှိတဲ့အကျိုးအမြတ်အားလုံးကို ပရဟိတလုပ်ငန်းတွေမှာ ဆက်လက်အသုံးပြုသွားမယ်"ဟု ဈေးရောင်းပွဲတော်ကို ကြီးမှူးကျင်းပသည့် The Action Times Foundation မှ မအိန္ဒြေက ပြောကြားသည်။

ဈေးရောင်းပွဲတော်တွင် နာရေးကူညီမှုအသင်းဥက္ကဋ္ဌက ပရဟိတနှင့်ပတ်သက်သည့် အတွေ့အကြုံဗဟုသုတဝေငှခြင်း၊ မိဘမဲ့ကလေးများ၏ စိတ်ခံစားမှုသရုပ်ဖော်၊ မျိုးဆက်သစ်အဆိုဝါသနာရှင်များ၊ တက်သစ်စ Dancer များ၏ ဖျော်ဖြေတင်ဆက်မှု၊ ပန်းချီ၊ ကဗျာ၊ ကာတွန်းဆရာများ၏ တင်ဆက်မှု၊ မြန်မာ့ရိုးရာခြင်းအလှခတ် တင်ဆက်ပြသခြင်း၊ နာမည်ကြီးဟာသသရုပ်ဆောင်များ၏ စင်တင်ပြဇာတ်၊ စာပေဟောပြောပွဲ၊ ရွှေသံစဉ်တေးဂီတ၊ ပန်းရဲ့လမ်း၊ လူမှုကွန်ရက်အဖွဲ့များ၏ စင်တင်တေးဂီတအစီအစဉ် စသည်ဖြင့် ကဏ္ဍများစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၃၁ ရက်တွင် ပြည်သူ့ရင်ပြင် (ရေပေါ်ဘောလုံးကွင်းအနီး)၌ နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

လယ်ဝေးမြို့၌ အစုလိုက်အပိုဆောင်း မေးခိုင်ကာကွယ်ဆေးထိုး

လယ်ဝေး ဇန်နဝါရီ ၂၀

မေးခိုင်ရောဂါနှင့် မိခင်နှင့်မွေးစကလေး မေးခိုင်ရောဂါများမှ ကာကွယ်ပေးနိုင်ရန်အတွက် အစုလိုက်အပိုဆောင်း မေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့ အမှတ်(၄) ရပ်ကွက်တွင် စတင်ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ အစုလိုက်အပိုဆောင်း မေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ၂၀၁၄ ကို ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် ဩဂုတ်လများတွင် ၁၇ ရက်မှ ၃၀ ရက်အထိ သုံးကြိမ်ပြုလုပ်သွားမည်ဖြစ်ပြီး အသက် ၁၅ နှစ်မှ ၄၅ နှစ်အတွင်းရှိ အမျိုးသမီးများအားလုံးကို မေးခိုင်ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနိုင်ရန် ဖိတ်ကြားထားကြောင်း လယ်ဝေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဒေါ်ခင်စန်းမြင့်က ပြောကြားသည်။

မင်းမင်းလတ်(ရူပဗေဒ)

ဓမ္မစကူးအကြိုနှင့်(၅)ကြိမ်မြောက် အမေများနေ့ဓမ္မသဘင်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စီပင်ကြီးကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာတွင် စန္ဒဆာယာ ဦးဆောင်လူငယ်အဖွဲ့မှ ကျင်းပပူဇော်အပ်သော ဓမ္မစကူးအကြိုနှင့် ငါးကြိမ်မြောက်အမေများနေ့ အထိမ်းအမှတ်တရားပွဲကို ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးညတိုင် စည်ကားစွာကျင်းပသည်။

တရားပွဲကို (လပြည့်နေ့)ဇန်နဝါရီ ၁၅ ရက်က ဆရာတော်ဦးကုမာရ (ဓမ္မာစရိယ၊ ဝိနယဝိဒူ) မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ ဓမ္မပါလကျောင်းတိုက် ဆရာတော်က လောကအလင်းရောင် တရားတော်ဟောကြားခဲ့သည်။ ဆက်လက်၍ ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့က ဆရာတော်ဒေါက်တာ အရှင်ဝဏ္ဏသီရိ(လင်္ကာ) သာသနမ္မာစရိယ၊ သာသနတက္ကသီလမ္မာစရိယ B.A(Buddhism) M.A,Ph.D သုသေသနနှင့်ကျမ်းပြုဌာန၊ ဌာနမှူးဆရာတော်နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဆရာတော်က အကြွေးတရားတော်နှင့် မိဘတို့၏ တာဝန်တရားတော်တို့ကို နှစ်ရက်တိတိ ဟောကြားပေးခဲ့သည်။ တရားပွဲကို ညစဉ် ၇ နာရီတွင်ကျင်းပခဲ့ပြီးနေ့စဉ် တရားတော်နာသည့်ပရိသတ် ၂၀၀၀ ကျော်ဝန်းကျင်ခန့်ဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက်ကံ)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးကိုလည်း ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၀

ယနေ့ပြည်သူ့လွှတ်တော် အစည်းအဝေးတတိယနေ့ကို အစီအစဉ်(၁၀)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **ပြည်သူများ အခွန်ထမ်းဆောင်လိုစိတ် မြင့်မားလာစေရန် ပိုမိုကောင်းမွန်ထိရောက်သော အခွန်ကောက်ခံသည့်စနစ် ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က နိုင်ငံတော်အတွက် အခွန်အကောက်ရငွေကို အဓိကရှာဖွေပေးနေသည့် ပြည်တွင်းအခွန်များဦးစီးဌာန၏ မူဝါဒနှင့် အခွန်စီမံခန့်ခွဲမှုစနစ် ပိုမိုခေတ်မီတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏အကြံပြုချက်များအရ Reform Plan ကို ရေးဆွဲထားပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အခွန်အကောက်ဆိုင်ရာ ဆပ်ကော်မတီသည် အကောက်ခွန်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်(၄) ရပ်နှင့်စပ်လျဉ်း၍ ပိုမိုထိရောက်ကောင်းမွန်သော အခွန်စနစ် ဖြစ်ပေါ်စေရေးအတွက် မြို့နယ်ရပ်မိရပ်ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ အခွန်အများဆုံး ထမ်းဆောင်နေကြသည့် လုပ်ငန်းရှင်များနှင့် ဖွဲ့စည်းထားသည့်တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့နှင့် တွေ့ဆုံ၍ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးကိုလည်း

ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းအချက်အလက် နည်းပညာပိုင်းဆိုင်ရာအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်တွင် Data Centre ထားရှိဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာတွင် ကျင့်သုံးသည့်အတိုင်း အခွန်ထမ်းများကို မှတ်ပုံတင်အမှတ်သတ်မှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ ပိုမိုကောင်းမွန်ထိရောက်သော အခွန်ကောက်ခံသည့်စနစ်ဖြစ်ပေါ်လာစေရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ မြို့နယ်ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ အကြံပြုချက်များရယူခြင်းတို့ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်းနှစ်ခုနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ပြန်လည်ဖြေကြားခဲ့သည်။

ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်၏ **ကျေးရွာများ မီးလင်းရေး၊ မြစ်ရေတင်စီမံကိန်းများ မရပ်ရေး၊ မီတာထိန်းသိမ်း စောင့်ရှောက်ခများ သက်သာစေရေးတို့ကိုရှေးရှု၍ လျှပ်စစ်ဝန်ကြီးဌာနက ထရန်စဖော်မာများအား ကိုင်တွယ်၍ လျှပ်စစ်ဓာတ်အားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တပ်ဆင်ထားသောခွဲရုံများနှင့် သုံးစွဲနေသောဝန်အားမျှတမှု ရှိ/မရှိ၊ ကိုက်ညီမှု ရှိ/မရှိ ပြန်လည်စိစစ်သွားရန်နှင့် အရှုံးပေါ်နေသည့်ကိစ္စအတွက် ဓာတ်အားသုံးစွဲသူများနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့ ညှိနှိုင်းအဖြေရှာပေးသွားရန်ဖြစ်ပါကြောင်း၊ ဓာတ်အားလိုင်းနှင့်နှစ်မိုင်အတွင်းရှိ ကျေးရွာများ ဓာတ်အားရရှိရေးဆောင်ရွက်မှုများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့ ဆက်လက်၍ သီးခြားညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း၏ **ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း JICA ODA Loan ဖြင့် ကျေးရွာ ၁၁ ရွာ ဓာတ်အားရရှိရေးအတွက် မည်သည့်အချိန်နှင့် မည်သို့မည်ပုံ သုံးစွဲရန်လျာထားသည်တို့ကို သိရှိလိုကြောင်းနှင့် ကျေးရွာမီးလင်းရေးကော်မတီများ ဝန်ခံကတိပြုစာချုပ်ပါ အချက်(၂၄)ချက်အနက် ခေတ်ကာလနှင့်အညီ ဖြစ်စေရေးအတွက် ပြင်ဆင်ပြဋ္ဌာန်းသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်များအတွင်း JICA ODA Loan ဖြင့် ကျေးရွာ ၁၆ ရွာ လျှပ်စစ်မီးရရှိရေးအတွက် Agg-rement ချုပ်ဆိုခဲ့ပြီးဖြစ်ပါကြောင်း၊ JICA ချေးငွေအနက် (၁၁/၀ ဒသမ ၄)ကေဗွီ ဓာတ်အားခွဲရုံများအတွက် ရရှိမည့်ချေးငွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ၁၁ ကေဗွီနှင့် ဗို့(၄၀၀) ဓာတ်အားလိုင်းများအတွက် ရရှိမည့်ချေးငွေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင်ထည့်သွင်း လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကတိခံဝန်ချက် (၂၄)ချက်ကိစ္စအနေဖြင့် ယခုအခါမလိုအပ်တော့သဖြင့် အချက်အများစုကို ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာမီးလင်းရေးကော်မတီအနေဖြင့် ငွေကြေးပိုင်းဆိုင်ရာကိစ္စ၊ စီမံခန့်ခွဲကိစ္စများအားလုံးကို ပြည်နယ်အစိုးရအဖွဲ့၊ မီးသုံးစွဲသူပြည်သူများ၏ဆန္ဒနှင့်အညီ ဆောင်ရွက်ရန်၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များအတွက်သာ ဝန်ကြီးဌာန၏ သဘောတူညီချက် ရယူဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ မလိုလားအပ်သောအချက်အလက်များကို ပြင်ဆင်၍ အားလုံးလက်ခံလိုက်နာဆောင်ရွက်နိုင်သည့် အချက်များဖြင့်သာ သဘောတူညီမှုရယူသွားရန် စီစဉ်လျက်ရှိပြီး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က တင်သွင်းပြီး ဥပဒေကြမ်းကော်မတီ၏စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ကော်မတီဝင် ဦးခင်မောင်ရွှေက ဖတ်ကြားရှင်းလင်းခဲ့သည်။

၎င်းဥပဒေကြမ်းတွင် အခန်းခြောက်ခန်းနှင့် ပုဒ်မပေါင်း (၁၇)ခု ပါရှိပြီး နိုင်ငံကိုကိုယ်စားပြုမည့် အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးများကို မြန်မာနိုင်ငံနှင့် သံတမန် အဆက်အသွယ်ရှိပြီးဖြစ်သည့် သံရုံး ရုံးစိုက်ရာနိုင်ငံများသို့ စေလွှတ်လျက်ရှိရာ၌ လက်ရှိနိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော သံတမန်ခန့်အပ်ခြင်းဆိုင်ရာ မူဝါဒနှင့် လိုက်လျောညီထွေစွာ စနစ်တကျ ရွေးချယ်ခန့်အပ်တာဝန်ပေးစေလွှတ်နိုင်ရေးအတွက် ရည်ရွယ်၍ ပြုစုရေးဆွဲခြင်းဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေးစတုတ္ထနေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

နိုင်ငံတော်နှင့် အများပြည်သူများအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန်လိုအပ်

နေပြည်တော် ဇန်နဝါရီ ၂၀

အများပြည်သူ ယုံကြည်လေးစားခြင်းခံရသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအား လောလောဆယ် ထောက်ပံ့ငွေများပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ထိုက်သင့်သော ထောက်ပံ့ကြေးချီးမြှင့်နိုင်ရေးအတွက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ယနေ့အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးစိုင်းစံမင်း၏ **“ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ပါဝင်သည့်အများပြည်သူ ကြည်ညိုလေးစားခြင်းခံရသည့် ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် လုံလောက်သော လစာ သို့မဟုတ် ထောက်ပံ့ငွေများ ချထားပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ထို့ပြင် ဦးမြင့်နိုင်က ဥပဒေပြဋ္ဌာန်းထုတ်ပြန်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ ထောက်ပံ့ပေးနိုင်ရေးအတွက် ဘဏ္ဍာငွေတင်ပြတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ဥက္ကဋ္ဌအပါအဝင် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်ခြောက်ဦးသည် စတင် တာဝန်ထမ်းဆောင်ချိန်မှစ၍ ယနေ့အထိ လစဉ်လစာစရိတ်ချီးမြှင့်ငွေရရှိခြင်းမရှိဘဲ စေတနာအလျောက် ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း။

ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲများ၏ အတွေ့အကြုံအရ ရွေးကောက်ပွဲများ ကျင်းပပြီးသော်လည်း ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏လုပ်ငန်းများမှာ ပြီးဆုံးမှုမရှိသေးဘဲ ဆက်လက်ဆောင်ရွက်လုပ်ကိုင်နေရပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များအားလုံးအနေဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ဥက္ကဋ္ဌအပါအဝင် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်ခြောက်ဦးအတွက် လစာ သို့မဟုတ် ထောက်ပံ့ကြေးများ ချီးမြှင့်ထောက်ပံ့လိုသည့် ဆန္ဒရှိသော်လည်း ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများမရှိသဖြင့် လစဉ်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးရန် အစီအစဉ် မရှိသေးပါကြောင်း။

လုပ်ငန်း ဆောင်ရွက်ရာတွင် အမှန်ကုန်ကျသည့် ခရီးစရိတ်ကို ထောက်ပံ့ပေးသည့်အပြင် အစည်းအဝေးကာလများနှင့် ခရီးသွားလာရသည့်ရက်များအတွက် နေ့တွက်စရိတ်ကိုပါ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာရွေးကောက်ပွဲ လေ့လာတွေ့ရှိချက်အရရွေးကောက်ပွဲကာလအတွင်း မဲရုံဝန်ထမ်းများကို နေ့စဉ်ထောက်ပံ့ကြေးများ ထုတ်ပေးပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံ၌ တာဝန်ထမ်းဆောင်ကြသူများကို မဲပေးသည့်နေ့တွင် တစ်ဦးလျှင် တစ်ထောင်ကျပ်နှုန်းသာ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ပြည်ပနိုင်ငံအချို့နှင့်ကမ္ဘောဒီးယားနိုင်ငံတွင် မဲရုံမှူးအား ရွေးကောက်ပွဲကာလအတွင်း တစ်ရက်လျှင် ၂၅ ဒေါ်လာထောက်ပံ့ပေးသည်ကို တွေ့ရှိရပါကြောင်း။

အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက အဆိုတင်သွင်းရာတွင် မြန်မာနိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ စာချုပ်(၁၁)ခုတို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားခဲ့

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ဖြေကြားစဉ်။ (သတင်းစဉ်)

ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံအဖွဲ့ကြီး၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း၌လည်း အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဆိုပါကွန်ဗင်းရှင်းများ၊ နောက်ဆက်တွဲစာချုပ်များ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့် လိုက်လျောညီထွေရှိသည့် နိုင်ငံတော်နှင့် အများပြည်သူများအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်သည့် ပြည်တွင်းဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများအထူးလိုအပ်ပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်ရာတွင် စီးပွားရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒများသည် အရေးကြီးသကဲ့သို့ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးတို့ကို ထိရောက်စွာ ထိန်းချုပ်နိုင်မှု၊ လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်မှုနှင့်ထင် သာမြင်သာရှိမှုတို့သည်လည်း အရေးကြီးပါကြောင်း။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အတွင်း ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပပြုလုပ်မည့် FATF အစည်းအဝေး၌ မြန်မာနိုင်ငံ၏ တိုးတက်မှုများကို ထပ်မံဆွေးနွေးမည်ဖြစ်ရာ သိသာထင်ရှားသောတိုးတက်မှုများမရှိပါက တန်ပြန်အရေးယူမှုများ ပြုလုပ်သွားမည်ဟု သိရှိရပါကြောင်း၊ တန်ပြန်အရေးယူခြင်းဖြင့် စီးပွားရေးပိတ်ဆို့မှုခံရပါက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စ အခြေအနေများကို ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှစ်ရပ်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ မတိုင်မီ ဥပဒေအဖြစ် ပြဋ္ဌာန်းရေးသည် မြန်မာနိုင်ငံအတွက် အရေးတကြီး လိုအပ်လျက်ရှိပါကြောင်းဖြင့် တင်သွင်းသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းထားသည့် **“နိုင်ငံတော်အနေနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၏ အကျိုးသက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မရှင်ကဲ့သို့သော ဝန်ကြီးဌာနပေါင်းစုံဘာသာရပ်ဆိုင်ရာ NGO/ INGO များ၊ ပညာရှင်များ စုံညီစွာ ပါဝင်နိုင်မည့် အမျိုးသားအဆင့် အဖွဲ့အစည်းကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ရန်ပုံငွေ သတ်မှတ်လျာထားခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ပေါင်းစပ်၍ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်ရယူခြင်းဖြင့် နှစ်ရှည် အမျိုးသားစီမံကိန်းတစ်ရပ်ကို နိုင်ငံတော်နှင့် ပြည်သူအကျိုး**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

မျှော်ကိုး၍ ချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက ထောက်ခံဆွေးနွေးခဲ့ကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ(၁၀)ခုအား ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့်ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးများနှင့် အခြားသော အရေးပေါ် ကိစ္စရပ်များအတွက် နိုင်ငံတော် အရန်ရန်ပုံငွေကျပ် ၁၀၀ ဘီလီယံကို ၂၀၁၃-၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် လျာထားပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ခေတ်မီနည်းပညာများ၊ စက်ကိရိယာများဖြင့် တိုင်းတာ၍ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ပြည်သူများအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံ သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိခြင်း၊ အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးရေး ညှိနှိုင်းမှုဌာန၊ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်တို့တွင် NGO/ INGO အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေါင်းစပ်၍ သတင်းအချက်အလက်နှင့်နည်းပညာဖလှယ်ရယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန(EOC)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းနှင့် ခရိုင်ဦးစီးမှူးရုံး ၇၂ ရုံး၊ မြို့နယ်ဦးစီးမှူးရုံး ၃၃၀ အပါအဝင် ဝန်ထမ်းအင်အားစုစုပေါင်း ၆၃၃၇ ဦးဖြင့် ဖွဲ့စည်းပုံထပ်မံတိုးချဲ့ရေး စိစစ်ဆောင်ရွက်ပြီးဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ အတည်ပြုပြဋ္ဌာန်းရန်သာ လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက်မဲများသဖြင့် အဆိုကို အတည်မပြုကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ထိုင်းဘုရင့်တပ်မတော် Neighbouring Countries Coordination Centre မှ ညွှန်ကြားရေးမှူး General Suravach Butrwong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (မြဝတီ)

နေပြည်တော် ဇန်နဝါရီ ၂၀

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ထိုင်းဘုရင့်တပ်မတော် Neighbouring Countries Coordination Centre မှ ညွှန်ကြားရေးမှူး General Suravach Butrwong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး General Suravach Butrwong နှင့်အတူ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် စစ်သံမှူး Colonel Salawin Uttarak တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ခဲ့မှုအခြေအနေများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နေပြည်တော် ဇန်နဝါရီ ၂၀

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (2nd Myanmar Development Cooperation Forum-MDCF) ကျင်းပနိုင်ရေးအတွက် ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။ **(ယာပုံ)**

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

တက်ရောက်

အစည်းအဝေးသို့ ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးလှထွန်း၊ ဦးစီးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖိုရမ်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယခုလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-2) တွင် ကျင်းပမည့် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (2nd Myanmar Development Cooperation Forum-MDCF) ကို "တိုးတက်မှု အရှိန်မြှင့်ရေး၊ အားလုံးပါဝင်ပူးပေါင်းမြှင့်တင်ပေး" (Accelerating Actions for Progress Through Enhancing Inclusive Co-ordination) ခေါင်းစဉ် (Theme)အဖြစ် သတ်မှတ်ထားပါကြောင်း၊ ဖိုရမ်တွင်ဖိတ်ကြားမည့် ဦးရေနှင့် တက်ရောက်မည့်ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ကြရမည့် ကိစ္စရပ်များ၊ အစည်းအဝေးကျင်းပမည့် အစီအစဉ်အလိုက် Co Chair များ၊ ဦးဆောင်ဆွေးနွေးမည့် Lead Discussant များ၊ မဖြစ်မနေ တက်ရောက်ကြရမည့် ဝန်ကြီးဌာနများ၊ ဆွေးနွေးမည့် အကြောင်းအရာများအပေါ် Panel Session အလိုက် သတ်မှတ်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့၏ ဆွေးနွေးချက်များတွင် တောင့်တင်းခိုင်မာသော ဆွေးနွေးချက်များဖြင့် အကြံပြုဆွေးနွေးသွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံအတွင်းသာမက ဒေသတွင်းမှာပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယခုကဲ့သို့ ဖိုရမ်အစည်းအဝေးများ ကျင်းပခြင်းအားဖြင့် နိုင်ငံ့ပုံရိပ်ကို ပိုမိုကောင်းမွန်လာစေပါကြောင်း၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၏ ပုံရိပ် ပိုမိုကောင်းမွန်လာစေရန် ဝိုင်းဝန်းဆောင်ရွက်ကြိုးပမ်းကြရာ၌ အခက်အခဲများ တွေ့ရှိမည်ဆိုပါက လွတ်လပ်စွာ တင်ပြကြရန်လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ပြည်ထောင်စု ဝန်ကြီး ဦးလှထွန်းက နိုင်ငံဖွံ့ဖြိုးရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီး နည်းပညာများသည် အခြားနိုင်ငံများထက် နောက်ကျနေသည်ဖြစ်ရာ အမီလိုက်ပါနိုင်ရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထို့အတွက် အားလုံးလက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက် သွားကြရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဖိုရမ်ကျင်းပရေး ဦးစီးကော်မတီဝင် ဒုတိယဝန်ကြီးများက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများအပေါ် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဖိုရမ်ကျင်းပရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်များ၊ ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် အခြေအနေများနှင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည့်အစီအမံများအပေါ် အထွေထွေဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဖိုရမ်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် (2nd Myanmar Development Cooperation Forum-MDCF)ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ရက်နှင့် ၂၈ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၂)၌ ကျင်းပမည်ဖြစ်သည်။ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အလှူရှင်နိုင်ငံများနှင့် လက်ရှိပူးပေါင်း ဆောင်ရွက်နေမှုများကို ပိုမိုပေါင်းစည်းညှိနှိုင်းမှုဖြင့် တိုးတက်မှုအရှိန်မြှင့်တင်ရေးနှင့် ထိရောက်သည့် ဖွံ့ဖြိုးမှုအကူအညီများဖြစ်စေရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖိုရမ်တွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဦးစားပေးကဏ္ဍ အစီအစဉ်ကို ခေါင်းစဉ်အဖွဲ့ ရှစ်ဖွဲ့ခွဲကာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ-နော်ဝေ နှစ်နိုင်ငံအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E.Ms. Ann Ollestad သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက် တွေ့ဆုံဆွေးနွေးပြီး မြန်မာ-နော်ဝေ နှစ်နိုင်ငံအကြား ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ အထူးသဖြင့် အင်းလေးကန်ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေတိုင်းရင်းသားများ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်ရေး၊ ရေသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းရေး၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာ၊ ကျွမ်းကျင်မှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E.Ms. Ann Ollestad လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း (Debate) ပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၀

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံစုပေါင်းခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီက အပြန်အလှန်ဆွေးနွေးခြင်း (Debate)ကို "ပုဂ္ဂလိကခေတ်အားထုတ်လုပ်သူများနှင့်ပတ်သက်၍ သတိပြုဖွယ်ရာများ" စာတမ်းခေါင်းစဉ်ဖြင့်ကျင်းပရာ အမျိုးသားလွှတ်တော်၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီဥက္ကဋ္ဌ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်ကသဘာပတိအဖြစ်ဆောင်ရွက်ပြီး စာတမ်းရှင် ဒေါက်တာထွန်းနိုင်က အပြန်အလှန်ဆွေးနွေးပွဲနှင့် ပတ်သက်သည့် အကြောင်းအရာကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာသော ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရှူမောင်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးမှုအပေါ် စာတမ်းရှင် ဒေါက်တာထွန်းနိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ လူငယ်လေ့လာရေးအဖွဲ့နှင့် ကော်မတီဝင် ၁၀၉ ဦးတို့သည်လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်နှင့် ဒက္ခိဏခရိုင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ပါတီဝင် ၉၆ ဦး တို့သည်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၆၀ တို့သည်လည်းကောင်း ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယမြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

◆ **ရှေ့ဖုံးမှ**

တေးသီချင်း၊ မင်းသားလတ်အက၊ အာဆီယံပါရာဂိမ်း၊ စည်းလုံးချင်း အတွက်သီချင်းတစ်ပုဒ် အစီအစဉ် များဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားသို့ ဒုတိယ သမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင် အေးမြင့်၊ ပြည်ထောင်စု လွှတ်တော် နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေး သက်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင် လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော် မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ပြည် ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြိုင်ပွဲကျင်းပ ရေးဦးစီးကော်မတီဝင်များ၊ အာဆီယံ နိုင်ငံများမှ သံအမတ်ကြီးများ၊ အာ ဆီယံ မသန်စွမ်း အားကစားအဖွဲ့ ချုပ်မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အာဆီယံဒေသတွင်း ပြိုင်ပွဲဝင်နိုင်ငံ များမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အား ကစားသမားများ၊ ဧည့်ပရိသတ်များ၊ မီဒီယာများ၊ ဆက်ဆံရေးအရာရှိ များနှင့် လုပ်အားပေးလူငယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဘင်ခရာ တပ်ဖွဲ့နှင့် အလံကိုင်တပ်ဖွဲ့တို့ ဦးဆောင်၍ နိုင်ငံအလိုက် အား ကစားသမားများက ကွင်းအတွင်းသို့ ချီတက်နေရာယူကြသည်။

ထိုအချိန်တွင် အစီအစဉ် တင် ဆက်သူမောင်မယ်တို့က ပါဝင်ယှဉ် ပြိုင်သည့် အားကစားသမားအရေ အတွက်၊ ချီးမြှင့်သည့် ရွှေ၊ ငွေ၊ ကြေးတံဆိပ် အရေအတွက်များကို အားကစားနည်း ၁၂ မျိုးအတွက် ကြေညာပေးသည်။

ထို့နောက် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင့်ဆန်းက ပွဲတော် ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အာဆီယံမသန် စွမ်း အားကစားပြိုင်ပွဲကြီး အောင် မြင်စွာ ကျင်းပပြီးစီးခြင်း အထိမ်း အမှတ် အခါသမယတွင် ပြိုင်ပွဲကြီး ၏ အဓိကဇာတ်ကောင်များဖြစ် သည့် မသန်စွမ်း အားကစား မောင် မယ်အားလုံး၏ ပျော်ရွှင်တက်ကြွ စွာ ပါဝင်ယှဉ်ပြိုင်ခဲ့မှုများကို လှိုက်လှဲ စွာ ချီးကျူးဂုဏ်ပြုပါသည်ဟု ဦးစွာ ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခွင့် ရရှိခဲ့သည့် ဤပြိုင်ပွဲကြီးဖြစ်မြောက် ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ကြိုး ပမ်းခဲ့ကြသော အာရှမသန်စွမ်း အား ကစားအဖွဲ့ချုပ်နှင့် နိုင်ငံအသီးသီးမှ မသန်စွမ်းအားကစားအဖွဲ့ချုပ်များ ကို လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများအားလုံး ကိုလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

ပြိုင်ပွဲကြီး၏ အလိုအပ်ဆုံး အင်အားစုများဖြစ်သော စေတနာ့ ဝန်ထမ်း လုပ်အားပေးမောင်မယ် များ၏ အပြုံးမပျက်တက်ကြွရွှင်လန်း စွာ ကူညီပံ့ပိုးပေးခဲ့မှုများကိုလည်း အမြဲထာဝရ သတိတရရှိနေမည် ဖြစ်ပါကြောင်း။

အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲကြီးသည် “ချစ်ကြည်ခြင်း၊ တန်းတူညီမျှခြင်း၊ ညီညွတ်ခြင်း” အနှစ်သာရကို အပြည့်အဝ ပုံဖော် ပေးခဲ့သော ကြီးကျယ်ခမ်းနား သည့်ပွဲကြီးဖြစ်ပါကြောင်း၊ အာဆီယံ နိုင်ငံများမှ အားကစားသမား ၁၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြပြီး ၎င်းတို့၏ မိမိကိုယ်ကို လေးစား မှု၊ မိမိကိုယ်ကိုယုံကြည်မှု၊ မိမိ ကိုယ်ကို တိုးတက်စေမှု၊ မိမိ ကိုယ်ကို အားကိုးမှုစသော ဘဝ အပေါ် ထားရှိသည့် အပြုသဘော ဆောင် စိတ်ထားများကို အကောင်း ဆုံးနှင့်အထင်ရှားဆုံး ပြသနိုင်ခဲ့ကြ ပါကြောင်း။

၎င်းတို့၏ အားကစားထူးချွန်မှု ကို ထုတ်ဖော်ပြသပြီး “မသန် သော်လည်းစွမ်းကြသည်” ဆိုသော လူသားအားမာန် တေးတစ်ပုဒ်ကို သံပြိုင် သီကြွေးနိုင်ခဲ့ကြခြင်းလည်း ဖြစ်ပါကြောင်း။

မသန်စွမ်း အားကစားမောင် မယ်တစ်ဦးချင်းစီက ၎င်းတို့၏ ခံနိုင်ရည်၊ ဇွဲ၊ စိတ်ဓာတ်များနှင့် လူ့ဘဝ၏တန်ဖိုးနှင့် အရေးပါမှုကို တစ်မူထူးခြားစွာ အဓိပ္ပာယ်ပေးနိုင် ခဲ့ပါကြောင်း။

ပြိုင်ပွဲကာလအတွင်း မသန်စွမ်း အားကစားမောင်မယ်များ၏ စွမ်း ဆောင်မှုများကို ကြည့်ခဲ့ရသော မိမိတို့အတွက် အင်မတန် စိတ်လှုပ် ရှားစရာကောင်းပြီး စိတ်ဓာတ် ခွန်အားတက်စေသော အတွေ့ အကြုံသစ်များကို ရရှိခဲ့ကြပါကြောင်း။

ပြီးခဲ့သော ရက်သတ္တပတ်အတွင်း အင်မတန် အံ့ဩဖွယ်ကောင်းသည့် နေ့ရက်များကိုမိမိတို့အတူတကွ ဖြတ် သန်းခဲ့ကြခြင်းပင် ဖြစ်ပါကြောင်း။ မဖြစ်နိုင်ဘူးဟု တွေးထင်ထား သော စွမ်းဆောင်မှုမျိုးများကို မသန်စွမ်း အားကစားမောင်မယ်များ က မယုံကြည်နိုင်လောက်အောင် ထူးခြားစွာ စွမ်းဆောင် ပြခဲ့သော နေ့ရက်များပင်ဖြစ်ကြောင်း။

ဘဝပေးအခြေအနေ အမျိုးမျိုး ကြောင့် အားနည်းချို့တဲ့ချက်များ ရှိနေလင့်ကစား ပင်ကိုစွမ်း ရည်နှင့် သန္နိဋ္ဌာန်ခိုင်မာမှုတို့သာ ရှိခဲ့လျှင် လူသားများ မစွမ်းဆောင် နိုင်သော အရာမရှိဘူးဆိုသည့် သတင်းစကား ပါးပေးနိုင်ခဲ့သော နေ့ရက်များလည်း ဖြစ်ခဲ့ပါကြောင်း။

အားပေးသူ ပရိသတ်များနှင့် မသန်စွမ်း အားကစားမောင်မယ် များအကြား အတူတကွ ရင်ခုန် ခဲ့ကြသော နေ့ရက်များဟုလည်း ဆိုနိုင်ပါကြောင်း။

မိမိတို့အတူတကွ ရင်းနှီး ပျော် ရွှင်စွာ ပြိုင်ပွဲကြီးကို ဆင်နွှဲနေစဉ် မှာပင် အချိန်များလျင်မြန်စွာ ကုန်ဆုံး သွားခဲ့ပြီ ဖြစ်ပါကြောင်း၊ မကြာခင် (၇) ကြိမ်မြောက် အာဆီယံမသန် စွမ်းအားကစားပြိုင်ပွဲကြီး ပြီး မြောက်တော့မည် ဖြစ်ပါကြောင်း၊ သို့သော် မသန်စွမ်းအားကစား ပြိုင်ပွဲများကတော့ အစဉ်ထာဝရ ဆက်လက်ရှင်သန်နေမည် ဖြစ်ပါ ကြောင်း၊ မသန်စွမ်းအားကစား မောင် မယ်များ၏ အားကစားထူးချွန်မှုစွမ်း ရည်ဖြင့် ကမ္ဘာကြီးကို စိတ်ဓာတ်ခွန် အားနှင့် စိတ်လှုပ်ရှားမှုများ နောက် ထပ် တစ်ကြိမ်ပေးနိုင်ရန်အတွက် စင်ကာပူ အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲကြီးတွင် ပြန်လည် ဆုံတွေ့ကြပါစို့ဟု ဆန္ဒပြုရင်း “ယခုအချိန်မှစ၍ (၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစား ပြိုင်ပွဲကြီး အောင်မြင်စွာ ပိတ်သိမ်း လိုက်ကြောင်း ကြေညာလိုက်သည်” ဟု ကြေညာရာ မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုကာ တစ်ပြိုင်နက် တည်းတွင် ပင်မမီးရှူးတိုင်ရှိမီးကို ဖြည်းညင်းစွာ မီးငြိမ်းဆောင်ရွက် သည်။

အာဆီယံ ပါရာဂိမ်းပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးပြီဖြစ် သည့်အတွက် အာဆီယံပါရာစပို့ ဖက်ဒရေးရှင်း အလံနှင့် (၇) ကြိမ် မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲ မြန်မာအလံတို့ ကို အလံတိုင်ထိပ်မှ ဦးစွာ လျှော့ချ ပြီး ၂၀၁၅ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စင်ကာပူသမ္မတ နိုင်ငံတော်အလံကို လွှင့်တင်ဆောင် ရွက်သည်။

ယင်းနောက် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက အာဆီယံ ပါရာစပို့ ဖက်ဒရေးရှင်းအလံကို ၂၀၁၅ ခုနှစ်တွင် (၈) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပ မည့် စင်ကာပူသမ္မတနိုင်ငံ ကိုယ်စား လှယ်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဘင်ခရာ တပ်ဖွဲ့နှင့် အလံကိုင်တပ်ဖွဲ့များ ကွင်း အတွင်းမှ ပြန်လည်ထွက်ခွာကြပြီး နိုင်ငံအလိုက် အားကစားသမားများ အား သတ်မှတ်နေရာများသို့ ရွှေ့ ပြောင်းပေးကာ ၂၀၁၅ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စင်ကာပူနိုင်ငံက ဖျော်ဖြေရေး အစီ အစဉ်ဖြင့် တင်ဆက်သည်။

ယင်းနောက် ပြန်ဆုံမယ် အစီ အစဉ်ကို တင်ဆက်သူဦးရေ ၂၀၀၀ ကျော်ဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကချင်တိုင်းရင်း သားရိုးရာအက၊ တေးသံရှင် မေ့ချစ် သက်၊ မေသက်ထားဆွေနှင့် မင်းခန့် ဘုန်းတို့က“ မသန်သော်လည်း စွမ်း ကြသူများ” တေးသီချင်း၊ တေးသံရှင် အယ်လ်နီရှိုင်းနှင့် အကစ်တာဒွေး တို့က “ ပထမခြေလှမ်း” တေးသီ ချင်း၊ ရုပ်ရှင်သရုပ်ဆောင် ပုလဲဝင်း၊ ညိုရှင်းမောင်၊ ရှိုင်းဇေနှင့်အဖွဲ့က “ဟိုလိုလို ဒီလိုလို” တေးသီချင်း၊ တေးသံရှင် ကာကာက “ချစ်သူနား မှာ”တေးသီချင်း၊ ရုပ်ရှင်သရုပ်ဆောင် မိုးယံဇွန်က “ကိုယ်ရံတော် တပ်မှူး လေး” တေးသီချင်း၊ တေးသံရှင် ခေမီကိုက “မေတ္တာစက်ဝိုင်း” တေး သီချင်း၊ တေးသံရှင် ထူးအယ်လ် လင်းက “နင်ပြန်လာခဲ့”တေးသီချင်း နှင့် တေးသံရှင် မေခလာက “ဒိုး ယိမ်းည” တေးသီချင်းများကို တင် ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

(၇)ကြိမ်မြောက် အာဆီယံပါရာဂိမ်းပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

အာဆီယံပါရာစပို့ဖက်ဒရေးရှင်း အလံနှင့် (၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲ မြန်မာအလံတို့ကို အလံတိုင်ထိပ်မှ ဦးစွာ လျှော့ချပြီး ၂၀၁၅ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စင်ကာပူ သမ္မတနိုင်ငံတော်အလံကို လွှင့်တင်စဉ်။ (သတင်းစဉ်)

(၇)ကြိမ်မြောက် အာဆီယံပါရာဂိမ်းပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

မြောက်ဥက္ကလာပမြို့နယ် တရားရုံးမီးလောင်

ရန်ကုန် ဇန်နဝါရီ ၂၀

ဇန်နဝါရီ ၂၀ ရက် နံနက် ၂ နာရီ ၅၅ မိနစ်ခန့်က မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် ခေမာသီလမ်း အမှတ် (ဆ/၆၆၂)ရှိ မြို့နယ်တရားရုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်နေကြောင်း (၉)ရပ်ကွက်ရှိ တာဝန်သိပြည်သူတို့၏ အကြောင်းကြားမှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ နံနက် ၃ နာရီတိတိတွင် လက်ခံရရှိခဲ့သည်ဟု ဆိုသည်။

မီးလောင်ရာသို့ မြို့နယ်များနှင့် ဌာနချုပ်မှ မီးငြိမ်းသတ်ရေးယာဉ် ၂၇ စီး၊ မီးသတ်စက်ယာဉ်၊ အထောက်အကူပြုယာဉ် စုစုပေါင်း သုံးစီး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရ ဦးဆောင်သော ကွပ်ကဲမှုယာဉ်နှစ်စီးဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀၇ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၇၈ ဦးတို့က စုပေါင်းငြိမ်းသတ်ကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါမီးလောင်မှုကို ရေဂါလန် ၁၈၀၀၀ ခန့်ဖြင့် ငြိမ်းသတ်မှုကြောင့် နံနက် ၃ နာရီ ၁၀ မိနစ်တွင် မီးအားကို ထိန်းနိုင်ခဲ့ပြီး လောင်ကျန်များအား ရေဂါလန် ၆၀၀၀ ခန့် အသုံးပြုငြိမ်းသတ်မှုကြောင့် နံနက် ၃ နာရီ ၁၁ မိနစ်တွင် လုံးဝငြိမ်းသွားခဲ့သည်ဟု မီးသတ်အရာရှိတစ်ဦးထံမှ သိရသည်။

မီးလောင်ရသည့်အကြောင်းမှာ ရုံးပိတ်ရက်အတွင်း ပန်ကာမပိတ်မိဘဲ ဖွင့်ထားခဲ့ရာမှ ခလုတ်ခုံအပူလွန်ကဲပြီး စတင်မီးလောင်ခြင်း ဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် အကျယ်ပေ (၂၀×၂၀)စီမံရေးရာဌာန အခန်းတစ်ခန်း၊ မျက်နှာကြက်နှင့် လိုင်စင်မဲ့သက်သေခံဆိုင်ကယ်အစီး ၅၀ ၏ ထိုင်ခုံကူရှင်အချို့ မီးလောင်ဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

မီးလောင်ခြင်းနှင့်ပတ်သက်၍ ဆင့်စာပို့လုလင် နန္ဒတူး(၂၈ နှစ်)အား မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ အရေးယူထားကြောင်း သိရသည်။

ကိုကြီးတင်

ရွှေပေါက်ကံစက်မှုဇုန်ရှိ ပလတ်စတစ်စက်ရုံမီးလောင်

ရန်ကုန် ဇန်နဝါရီ ၂၀

ဇန်နဝါရီ ၁၉ ရက် ညနေ ၆ နာရီက မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် ကနောင်(၁၀)လမ်း အမှတ်(၃၀၈) ပိုင်ရှင်ဦးမြင့်အောင်၏ အောင်ပလတ်စတစ်ရုံတွင် မီးလောင်နေကြောင်း တာဝန်သိပြည်သူတစ်ဦးက ဖုန်းဖြင့်သတင်းပေးပို့မှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က လက်ခံရရှိခဲ့သည်ဟု သိရသည်။

သတင်းရသည်နှင့် မြောက်ဥက္ကလာပမြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မီးငြိမ်းသတ်ရေးယာဉ်ငါးစီး၊ မြောက်ဥက္ကလာပမီးသတ်ဌာန(ခွဲ)မှ တစ်စီး၊ ဝေဘာဂီမှတစ်စီး၊ ရွှေပေါက်ကံမှတစ်စီး စုစုပေါင်းမီးငြိမ်းသတ်ရေးယာဉ်ရှစ်စီး သွားရောက် ငြိမ်းသတ်ပေးမှုကြောင့် အခြားသို့ မီးကူးစက်ခြင်းမရှိဘဲ မီးငြိမ်းသွားခဲ့သည်။

မီးလောင်ရသည့် အကြောင်းမှာ ပလပ်ခုံဝိုင်ယာ အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရပြီး ရွှေပေါက်ကံရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုတွင် အခြားသောမိတ်ဖက်ယာဉ်များ ပါဝင်ငြိမ်းသတ်ပေးရခြင်းမရှိဘဲ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့က ရေဂါလန် ၈၀၀ အသုံးပြုငြိမ်းသတ်ခဲ့သည်ဟု သိရသည်။

ကိုကြီးတင်

ဘုရင့်နောင်ပွဲရုံအတွင်းမီးလောင်

ရန်ကုန် ဇန်နဝါရီ ၂၀

ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဘုရင့်နောင်ပွဲရုံဝင်း အသောကလမ်း အမှတ်(၈/၅၃) ပိုင်ရှင် ဒေါ်အမာစိန်၏ ရွှေလင်းယုန်ဆန်ပွဲရုံရှိ မြေအောက်ခန်းအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မီးလောင်နေကြောင်းကို တာဝန်သိပြည်သူတစ်ဦးက ဘုရင့်နောင် မီးသတ်တပ်ဖွဲ့စခန်းသို့ လူကိုယ်တိုင်လာရောက်သတင်းပေးခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

သတင်းရသည်နှင့် ဘုရင့်နောင်မီးသတ်တပ်ဖွဲ့စခန်းမှ မီးငြိမ်းသတ်ရေးယာဉ်နှစ်စီး၊ လှိုင်မြို့နယ်မှ တစ်စီး၊ မရမ်းကုန်းမြို့နယ်မှ တစ်စီးတို့က သန္ဓေမီးသတ်အင်အား ၂၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦးတို့က သွားရောက် ငြိမ်းသတ်ပေးနိုင်ခဲ့သည်။

မီးလောင်မှု အကြောင်းရင်းမှာ လေဝင်လေထွက်မကောင်းသော မြေအောက်ခန်းအတွင်း ဖွဲအိတ်များ စုပုံထားရာမှ အပူလွန်ပြီး စတင်လောင်ကျွမ်းခဲ့ကြောင်း မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မီးလောင်မှုကြောင့် ဂိုဒေါင်မှူး ဦးကျော်မင်း (၄၆ နှစ်)ကို ဘုရင့်နောင်ရဲတပ်ဖွဲ့စခန်းမှ အရေးယူထားသည်ဟု သိရသည်။

ကိုကြီးတင်

မြန်မာ့ဂစ်တာအကျော်အမော်များပါဝင်သော Myanmar Instrumental Show ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပမည့် မြန်မာ့ဂစ်တာအကျော်အမော် ၂၃ ဦးအပါအဝင် လူငယ်မျက်နှာသစ်ဂစ်တာသမားများ ပါဝင်တီးခတ်မည့် Myanmar Instrumental Show ကို ရန်ကုန်မြို့ မိုင်ဒါကွင်း၌ ဇန်နဝါရီ ၂၆ ရက်တွင် အများပြည်သူများအတွက် အခမဲ့ဖျော်ဖြေကျင်းပပေးသွားမည်ဖြစ်ကြောင်း Ghingar Cherry Trading Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာနှင့် G&A Pro-Audio အရောင်းပစ္စည်းဆိုင်မှ ပွဲစီစဉ်သူ ကိုဂဂ်၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ရှိုးပွဲအတွင်း နေ့လယ်ပိုင်းအစီအစဉ်များ၌ ဂစ်တာအထူးအဆန်းများ ပြသထားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ လူငယ်မျက်နှာသစ်ဂစ်တာသမားများ ဝင်ရောက်တီးခတ်ကြမည်ဖြစ်ကာ ညနေ ၅ နာရီခွဲတွင် ချစ်စမ်းမောင်၊ တိုးတိုး၊ နိုင်ဇော်၊ ဇော်မျိုးထွဋ်၊ ပက်ထရစ်၊ အောင်သူ၊ ရန်နိုင် အစရှိသော နာမည်ကြီး ဂစ်တာအကျော်အမော် ၂၃ ဦးတို့က လက်စွမ်းပြ တီးခတ်ကြမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

"လူစုံတက်စုံပါပဲ၊ လာရောက်တီးခတ်ကြမယ့်သူတွေက သူတို့ရဲ့ performance တွေကိုပြမယ်၊ အနယ်နယ်အရပ်ရပ်ကလာရောက်တီးခတ်ကြမှာဖြစ်သလို ပရိသတ်တွေကလည်း အနယ်နယ်အရပ်ရပ်က လာရောက်ကြည့်ရှုကြမှာပါ။ ဒီလိုပွဲမျိုးတွေကို နိုင်ငံတကာမှာ ကျင်းပလေ့ရှိနေပြီးသားပါ။ ဂစ်တာရှိုးပွဲတွေကိုကျင်းပသလို win instrument တွေလည်း ကျင်းပလေ့ရှိကြပါတယ်။ အခြားနိုင်ငံမှာက မျက်နှာသစ်ဂစ်တာသမားတွေက နိုင်ငံကျော်အထိဖြစ်ကြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာကျတော့ ဂစ်တာသမားက စီးရီးမှာအရင်တီးမယ်၊ ပြီးမှ စတိတ်ခုံတွေမှာတက်ပြီး တီးခတ်ကြတာပါ။

နောက်ပြီး မြန်မာနိုင်ငံမှာက တစ်ဦးချင်း သူတို့ဖန်တီးထားတဲ့ music ချည်းပဲ တင်ပြတဲ့အလေ့အထမရှိသေးပါဘူး။ အခြားနိုင်ငံတွေမှာ music နဲ့ တင်ပြတဲ့စီစဉ်မှုများရှိနေလို့ ကျွန်တော်တို့ဆီမှာလည်း ဒီလိုအလေ့အထဖြစ်စေချင်တဲ့ သဘောပါ။ သီချင်းဆိုတာက စာသားနဲ့မဖော်ပြဘဲ အသံနဲ့ ဖော်ပြရတဲ့အနုပညာပါ။ music ကျတော့ ပရိသတ်တွေကို ဘယ်လောက်ဆွဲဆောင်နိုင်မလဲ။ ပရိသတ်တွေကို ဘယ်လောက်ထိခံစားခွင့်၊ နားထောင်ခွင့်ပေးနိုင်မလဲပေါ့ဗျာ။ ဒီလိုပွဲကျင်းပခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ ကျွမ်းကျင်တဲ့ဂစ်တာပညာရှင်တွေ ပေါ်ပေါက်လာနိုင်ပါတယ်။ လုပ်လည်းလုပ်သင့်တဲ့ပွဲမျိုးပါ" ဟု ပွဲစီစဉ်သူ ကိုဂဂ်က ရှင်းပြခဲ့သည်။

သီချင်းသီဆိုမှုမရှိဘဲ music သက်သက်ကိုသာ သီးသန့်ကျင်းပမည်ဖြစ်သော အဆိုပါဂစ်တာအကျော်အမော်များအပါအဝင် အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်တီးခတ်ဖျော်ဖြေကြမည့်ပွဲစဉ်များကို အကောင်းဆုံးဖြစ်အောင် နိုင်ငံတကာနည်းတူအဆင့်မီ ပြင်ဆင်ထားရှိကြောင်း၊ နိုင်ငံတကာမဂ္ဂဇင်းများသို့ ဓာတ်ပုံများလည်းပေးပို့ရန် စီစဉ်ထားရှိကြောင်း၊ ယင်းကဲ့သို့ ကျင်းပခြင်းဖြင့် နိုင်ငံတကာဂစ်တာပညာရှင်များက မိမိတို့နိုင်ငံမှ တီးခတ်ပုံများကို လာရောက်လေ့လာနိုင်ကြမည်လည်းဖြစ်ကြောင်း သိရသည်။

စိုးဝင်း(SP)

တမလန်းတားရွှေတုံးဆိုက်စုံ အတုံး ၃၀ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

ကသာ ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် လှေဘိုကျေးရွာအနောက်ဘက် တောစပ်အနီးမှ ဇန်နဝါရီ ၁၈ ရက်က ကသာခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းထွန်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဝင်းထွန်း၊ လှေဘိုဘိနယ်တောအုပ်ဦးဒယ်နီဂျိုး၊ တောအုပ်ဦးမိုးကို၊ တောခေါင်း ဦးမျိုးဦး၊ ပျဉ်ထောင်ကလေးရဲကင်းမှူး ဒုရဲအုပ်မျိုးသန့်၊ အင်းကြီးအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးခိုင်တို့ ပူးပေါင်းအဖွဲ့သည် လှေဘိုကျေးရွာအနောက်ဘက် တစ်မိုင်ခန့်အကွာ တောစပ်အနီးမှ တမလန်းခွားရွှေတုံး အရှည်ကိုးပေခန့်ရှိ ဆိုက်စုံ အတုံး ၃၀၊ ၁ ဒသမ ၂၈၆ တန်ကို ပိုင်ရှင်မဲ့တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်စစ်ဆေးရှာဖွေရာ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၀

ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု ရန်ကုန်မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ တာမွေမြို့နယ်ရှိ United Living Mall ကုန်တိုက်ရှေ့တွင် စောင့်ဆိုင်းနေစဉ် တာမွေမြို့နယ် ကျောက်မြောင်း အရှေ့ရပ်ကွက်နေ တင်ထွန်းဝင်း ရောက်ရှိလာသည်ကို တွေ့ရှိရသဖြင့် ပုဏ္ဏားကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်စစ်ဆေးရှာဖွေရာ ၎င်းကိုင်ဆောင်ထားသည့် အနက်ရောင်သားရေ ခေါက်ပိုက်ဆံအိတ်အတွင်းမှ ပလတ်စတစ်အိတ်ငယ်များဖြင့်ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားစီပါ လေးထုပ်၊ အဝါရောင် ပလတ်စတစ်စဖြင့်ထုပ်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြားတစ်ပြား စုစုပေါင်း ၄၁ ပြား၊ အဖြူရောင်ကပ်ခွာအိတ်များဖြင့်ထည့်လျက် မူးယစ်ဆေးဝါး အိုက်စ်ဟုယူဆရသော ပုံဆောင်ခဲငယ်များ ၀ ဒသမ ၆၅ ဂရမ်ခန့်စီပါ နှစ်ထုပ်၊ စုစုပေါင်း ၁ ဒသမ ၃ ဂရမ်ခန့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက်နေသူ ညီညီ(စုံစမ်းဆဲ)ထံမှ ယူဆောင်လာကြောင်း သိရှိရသဖြင့် ညီညီ၏ နေအိမ်ကို သက်သေများနှင့်အတူ ဆက်လက်ရှာဖွေရာ ၎င်းမှာ နေအိမ်တွင်မရှိဘဲ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ယင်းသို့ မူးယစ်ဆေးဝါးများ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် တင်ထွန်းဝင်းနှင့် ညီညီတို့နှစ်ဦးအား တာမွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ ထွက်ပြေးတိမ်းရှောင်နေသူ ညီညီအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဘားအံမြို့နယ်ရှိ ဆီဆိုင်မီးလောင်မှုဖြစ်ပွား

ဘားအံ ဇန်နဝါရီ ၂၀

ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူကျေးရွာမှ နှစ်မိုင်ခန့်အကွာ အိန္ဒူကျေးရွာမှ သာမညကျေးရွာသို့ အထွက် မင်္ဂအောင်ဘုန်းကြီးကျောင်းဆိုင်းဘုတ်မုခ်ဦးဝအနီး ဆီဆိုင်တွင် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးဦးအေးသန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ ရပ်မိရပ်ဖ ဦးအောင်သန်း ဦးစီးအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ဓာတ်ငွေ့ဖျန်းယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ်ငါးစီးတို့ဖြင့် ကျေးရွာသူ ကျေးရွာသား အင်အား ၂၀၀ ခန့်တို့နှင့်အတူ အိန္ဒူတပ်နယ်မှ အရာရှိအရာခံတပ်ဖွဲ့ဝင်များ၊ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များဖြင့် စုပေါင်းဝိုင်းဝန်းငြိမ်းသတ်ခဲ့ခြင်းကြောင့် မွန်းလွဲ ၁ နာရီခွဲတွင် မီးညွန့်ကျိုးခဲ့ပြီး ၁ နာရီ မိနစ် ၄၀ ခန့်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်တို့ သွားရောက်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်ကို အိန္ဒူနယ်မြေရဲစခန်းမှူးနှင့်အဖွဲ့က စစ်ဆေးရာ ဆိုင်မန်နေဂျာ ဦးသူရိန်(ခ)ဝင်းသူရိန် (၄၁)နှစ် သီရိမာလမ်း ကျောင်းပိုင်းရပ်သံဖြူဇရပ်နေသူ၏ ဆိုင်အလုပ်သမားဖြစ်သူ ကျော်ဆန်းဦး(၂၉နှစ်)ဝါးတောကျေးရွာ အိန္ဒူကျေးရွာအုပ်စု ဘားအံမြို့နယ်နေသူက ယာဉ်အမှတ် ၅ဂ/ . . . ခြောက်ဘီးယာဉ်ပေါ်ရှိ ဓာတ်ဆီပီပါများအတွင်းမှ ဓာတ်ဆီများကို ၉၄/ . . . ထော်လာဂျီယာဉ်ပေါ်ရှိ ပီပါများအတွင်းသို့ ဆီငေါက်ဖြင့် ဆီဖြည့်စဉ်အပူလွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်ပွားရခြင်း ဖြစ်ကြောင်း သိရှိရသည်။ မီးလောင်မှုကြောင့် ထော်လာဂျီယာဉ်၊ ခြောက်ဘီးယာဉ်နှင့် ဆီဘောက်ဆာအရှေ့ပိုင်း မီးလောင်ကျွမ်းခဲ့ရသည်။

ထွန်းထွန်းဦး(ဘားအံ)

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများအပြင် ယာဉ်ရပ်နားရန်နေရာပါ အခက်အခဲဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့အတွင်း၌ လက်ရှိအချိန်တွင်ယာဉ်ကြောပိတ်ဆို့မှုများအပြင် ၂၀၁၁ ခုနှစ် စက်တင်ဘာလအတွင်းမှစတင်ခဲ့သော ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှု စီမံချက်များစတင်ပြီးနောက် ပိုမိုဆိုးရွားလာခဲ့ပြီး ယာဉ်ရပ်နားရန် နေရာအတွက်ကိုပါ အခက်အခဲများကြုံတွေ့နေရကြောင်း ယာဉ်ပိုင်ရှင်နှင့် ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

"လုပ်ငန်းအတွက် လိုလို့သာ ကားဝယ်ခဲ့တာ ခုတော့ကားရပ်ဖို့နေရာက ဒုက္ခပေးနေပြီ။ နေရာကျဉ်းတော့ သူများအိမ်ရှေ့ရပ်မိမှာလည်း အားနာနေရတယ်။ အိမ်က ကျဉ်းတော့ ကားရပ်ဖို့နေရာလည်း သီးသန့်မလုပ်နိုင်ဘူး။ သတ်မှတ်ပေးထားတာနေရာလည်းမရှိတော့ အဆင်မပြေဘူး" ဟု ကားပိုင်ရှင်တစ်ဦးက ပြောသည်။

အဆိုပါ ယာဉ်ကြောပိတ်ဆို့မှုများနှင့် ရပ်နားရန်နေရာ အခက်ကြုံမှုများကိုဖြေရှင်းရန်မှာ မော်တော်ယာဉ်တင်သွင်းရာ၌ နိုင်ငံတကာစံနှုန်းဖြစ်သော ယာဉ်ရပ်နားရန်ကားပါကင်နေရာရှိမှသာ ကားတင်သွင်းခွင့်ပြုခြင်းကို လိုက်နာသင့်ကြောင်း Farmer ကားအရောင်းပြခန်းမှ ဒေါ်ကတ္တာစိုးထွန်းက ပြောသည်။

ကားပါကင်လိုအပ်

"အခြားနိုင်ငံတွေမှာက ကားတစ်စီးဝယ်မယ်ဆိုရင် ကားပါကင်ရှိလား၊ ဒါမှမဟုတ် ကားပါကင်ငှားထားသလားဆိုတာ အထောက်အထားပြရတယ်။ ဒီမှာလို ပါမစ်နဲ့ သွင်းချင်သလောက် သွင်းလို့မရဘူး။ ခုံးကျော်တံတားတွေ ဆောက်ပေးမယ့်လည်း နည်းစနစ်မမှန်ရင် ဒီဘက်က ဆောက် ဟိုဘက်က ပိတ်နေမှာပဲ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၁ခုနှစ် စက်တင်ဘာလမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်ထိ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှု စီမံချက်ဖြင့် မော်တော်ယာဉ်အစီးရေ ၁၁၁၁၀၆ စီး အစားထိုးတင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ယာဉ်အို ယာဉ်ဟောင်းအပ်နှံမှု ကြီးကြပ်ရေးကော်မတီမှစာရင်းများအရ သိရသည်။ (မထသ)မြို့တွင်းမှ အတွင်းရေးမှူး ဦးဝင်းဇော်က ပြောကြားရာတွင် လက်ရှိအချိန်၌ လမ်းစနစ်နှင့် ယာဉ်ရပ်နားစခန်းများကို နိုင်ငံတကာအဆင့်မီ အထပ်မြင့်များကို တည်ဆောက်ရာတွင် မည်သည့်စနစ်ဖြင့် ဆောက်လုပ်မည်က ပိုမိုအရေးကြီးကြောင်း၊ လမ်းစနစ်နှင့်ပတ်သက်၍ ပြောင်းလဲမှု မတွေ့ရသေးကြောင်း၊ ခုံးကျော်တံတားများကြောင့်လည်း သိသိသာသာ ထိရောက်ခြင်းမရှိသေးကြောင်း ပြောသည်။

ဖမ်းဆီးအရေးယူ

လတ်တလောတွင် ရန်ကုန်မြို့တွင်း သတ်မှတ်နေရာများတွင် ရပ်နားမှုမရှိသောယာဉ်များကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ကရိန်းကားများဖြင့် ဆွဲယူဖယ်ရှားလျက်ရှိရာ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၁၅ရက်ထိ စုစုပေါင်း မော်တော်ယာဉ် အစီးရေ ၃၀၀၀ ကျော် ဖမ်းဆီးအရေးယူခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့တွင်း၌ ဟံသာဝတီ ယာဉ်ရပ်နားကွင်း(ယာယီ)နှင့် မြေနီကုန်းယာဉ်ရပ်နားကွင်းတို့ ထားရှိပြီး အိမ်စီးမော်တော်ယာဉ်အများစုမှာ ရပ်ကွက်အတွင်း လမ်းများ၌သာ ညအိပ်ထားရလျက်ရှိသည်။

တင်မောင်ဦး

အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားခဲ့သည့် နစ်ချုပ်စာရင်း သမ္မတထံတင်ပြမည်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ၂၀၁၃ ခုနှစ်အတွင်း တိုင်ကြားလာသည့် နစ်ချုပ်စာရင်းများကို ဖေဖော်ဝါရီလအတွင်း နိုင်ငံတော်သမ္မတနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကော်မရှင်သို့ တင်ပြသွားမည်ဖြစ်ကြောင်း လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါ်စန်းစန်းက ဇန်နဝါရီ ၂၀ ရက်က ပြောကြားသည်။

၂၀၁၃ခုနှစ်အတွင်း ကော်မရှင်သို့တိုင်ကြားလာသည့်အမှုများကို အစိုးရအဖွဲ့များသို့ ၃၇၆ မှု ပေးပို့ခဲ့ပြီး တိုင်ကြားလာသည့်လူပုဂ္ဂိုလ်များ၏ အချက်အလက်မပြည့်စုံမှုကြောင့် စုစုပေါင်း ၂၇၆ မှုကို လူပုဂ္ဂိုလ်များထံသို့ ပြန်လည်ပေးပို့ခဲ့ပြီးဖြစ်သည်။ ထို့နောက် ကော်မရှင်မှတ်တမ်းအဖြစ် ၆၁၄ မှုကို မှတ်တမ်းအဖြစ်ထားရှိပြီး အစည်းအဝေးထိုင်ရန် အမှု ၂၀၀ ကျော် ကျန်ရှိနေသေးကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

"သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ ဒီနှစ်အတွင်းတိုင်ကြားခဲ့တဲ့ အမှုတွေကိုတော့ ဖြေရှင်းပြီးတယ်ဆိုတာ ပြန်ကြားလာတာမရှိသေးဘူး။ ပြီးခဲ့တဲ့နှစ်က အမှုတွေဖြေရှင်းပြီးပြီဆိုတာတော့ ပြန်ကြားလာတာတွေရှိတယ်။ တိုင်ကြားတဲ့အမှုတွေကို တိုက်ရိုက်အကြောင်းပြန်တာအပြင် သူတို့ဘာသာအရေးယူဖြေရှင်းတာတွေလည်း ရှိတယ်။ အရင်နှစ်တွေက တိုင်ကြားတဲ့အမှုတွေထဲမှာ လူ့အခွင့်အရေးနဲ့ မသက်ဆိုင်တဲ့ တိုင်ကြားမှုတွေလည်းပါတယ်။ ဒီနှစ်မှာတော့ တကယ်ဖောက်ဖျက်တဲ့အမှုမျိုးလောက်ပဲပါတယ်" ဟု ဒေါ်စန်းစန်းက ပြောသည်။

ကော်မရှင်ထံသို့ ၂၀၁၃ ခုနှစ်အတွင်း မြေယာမှုခင်းပြဿနာများ၊ တရားစီရင်ရေးနှင့်ပတ်သက်၍ တိုင်ကြားမှုများ၊ အငြိမ်းစားဆရာ၊ ဆရာမများနှင့် အစိုးရဝန်ထမ်းဌာနပေါင်းစုံမှ တိုင်ကြားမှုများ၊ အဓမ္မမှုတိုင်ကြားခြင်းများနှင့် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရန် တိုင်ကြားမှုများ စုစုပေါင်းအမှု ၁၅၉၉ မှုအထိရှိကြောင်း အဆိုပါကော်မတီ၏ တိုင်ကြားဌာနစာရင်းများတွင် ဖော်ပြထားသည်။

"အခုတိုင်ကြားစာတွေထဲမှာ မြေယာပြဿနာနဲ့တရားစီရင်ရေးကို တိုင်ကြားလာတဲ့စာတွေ အများဆုံးပါတယ်။ အဲ့ဒါအပြင် အလုပ်ရှင်နဲ့ အလုပ်သမားလုပ်အားခအပြည့်အဝမပေးတာတွေ၊ ယာဉ်တိုက်မှုဖြစ်ပွားတာတွေပါတယ်။ ဆေးဘက်ဆိုင်ရာဆေးရုံဆေးခန်းတွေကိုတိုင်ကြားတာတွေကတော့ မနှစ်က ထက်နည်းသွားတယ်" ဟု လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်က ဆိုသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၅ ရက်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး နိုင်ငံအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တင်မောင်ဦး

လမ်းဘေးရပ်ထားသော ယာဉ်နှစ်စီးကို ညဥ့်နက်သန်းခေါင်ယံ မတ်ခ်တူးက တိုက်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းမကြီးအတိုင်း ရွှေမှုနေရာက်သို့ မောင်းနှင်လာသော (ယာယီ/----) မတ်ခ်တူးအဖြူရောင် ကိုယ်ပိုင် မော်တော်ယာဉ်သည် ယနေ့နံနက် ၁ နာရီ ၅ မိနစ်ခန့်က ရဲရန်အောင်မှတ်တိုင်အနီး လမ်းဘေး၌ရပ်ထားသော (အုတ်သဲကျောက်တင်) ၃က/---- ဒိုင်ဟတ်စု မော်တော်ယာဉ်ကိုအရှိန်ဖြင့်တိုက်မိပြီး ၎င်းရှေ့ရှိ (အုတ်သဲကျောက်) ၅၉/---- ဟွန်ဒိုင်းမော်တော်ယာဉ်ကို ဆက်လက်တိုက်မိခဲ့သည်။

ဒဏ်ရာရရှိခြင်းမရှိ

အဆိုပါ ယာဉ်တိုက်မှုကြောင့် (အုတ်သဲကျောက်တင်) ယာဉ်နှစ်စီးမှာ အနည်းငယ်ပျက်စီးခဲ့သော်လည်း မတ်ခ်တူးယာဉ်မှာ ဦးခေါင်းပိုင်းကြေမွပျက်စီးသွားကြောင်းနှင့် မတ်ခ်တူးယာဉ်ပေါ်ပါ သုံးဦးဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။ (ဓပုံ) (၀၁၅)

မလေးရှားနိုင်ငံတွင် တရားဝင်နိုင်ငံခြားသားအလုပ်သမားအားလုံးကို အချက်ပြစစ်ဆေးနိုင်သော နည်းပညာဖြင့်ပြုလုပ်ထားသည့် I-KAD ထုတ်ပေးမည်

ကွာလာလမ်ပူ ဇန်နဝါရီ ၂၀

မလေးရှားနိုင်ငံတွင် တရားဝင်နိုင်ငံခြားသား ၂ ဒသမ ၅ သန်းကျော် ရွှေ့ပြောင်းသွားလာနေထိုင်မှုများကို မလေးရှားအစိုးရက သိရှိနိုင်စေရန်အတွက် ထိန်းချုပ်မှုနည်းစနစ် အချက်ပြစစ်ဆေးနိုင်သော အဆင့်မြင့်နည်းပညာများဖြင့် ပြုလုပ်ထားသည့် I-KAD အလုပ်သမား စီစစ်ရေးကတ်ပြားကို တရားဝင် နိုင်ငံခြားသားအလုပ်သမားများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက် အသေးစိတ်ပါဝင်သော လက်ဗွေပုံစံပါ ကွန်ပျူတာနည်းပညာစနစ်များဖြင့် ထည့်သွင်း အသုံးပြုထားကြောင်း မလေးရှားနိုင်ငံရှိ ၉ ရက် နေ့ထုတ် The Sun သတင်းစာတွင် ရေးသားဖော်ပြချက်ကို မလေးရှားရောက် ကိုသူရိယမှ ဆက်သွယ်ပြောပြချက်အရ သိရသည်။

အဆိုပါ I-KAD အလုပ်သမားကတ်ပြားတွင် ပါဝင်သောဘားကုတ်များကို အတုအပခွဲခြားစစ်ဆေးသည့်အခါ မူလကတ်ပြားပိုင်ရှင်၏ နာမည်၊ ကိုယ်ရေး အချက်အလက်များနှင့် ပါမစ်သက်တမ်းကုန်ဆုံးမည့်နေ့ရက်၊ ခုနှစ်များပါဝင်ကြောင်း သိရပြီး Contactless chip များဖြင့် ထည့်သွင်းဖော်ပြထားမည် ဖြစ်သည်။

I-KAD အလုပ်သမားကတ်ပြားကို ပါမစ်အသစ် သက်တမ်းတိုးထားသည့်အချိန်၌ ထုတ်ပေးမည်ဖြစ်ကြောင်းသိရပြီး ယင်းအတွက် အလုပ်ရှင်သူဌေးနှင့် အေးဂျင်စီများကို ပြည်ထဲရေးဝန်ကြီးဌာနက အသိပေးထားခဲ့ကြောင်းသိရကာ အဆိုပါ အလုပ်သမားကတ်ပြား၏ ဝန်ဆောင်မှုမှာ မလေးရှား နိုင်ငံသုံးငွေ ရင်းဂစ် ၁၁၀ သတ်မှတ်ထားကြောင်းနှင့် အလုပ်သမားများ ပြင်ပထွက်လည်သည့်အခါတွင်လည်း ပတ်စ်ပို့စာအုပ်များ ကိုင်ဆောင်စရာမလိုတော့ဘဲ ရဲ၊ ပြည်သူ့စစ်တပ်ဖွဲ့ (RELA)၊ လဝကများကို အလွယ်တကူပြသနိုင်စေရန်အတွက် ယင်းကဲ့သို့ ထုတ်ပေးရခြင်းဖြစ်ကြောင်း မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးက သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် ပြောပြခဲ့ကြောင်းလည်း သိရသည်။

6P အစီအစဉ်နှင့် လိမ်လည်ခံရသော နိုင်ငံခြားသားအလုပ်သမားများကို ဒုတိယအကြိမ် 6P အစီအစဉ် ပြုလုပ်ရန် ခွင့်ပြုထားသည့်သက်တမ်းသုံးလပြည့်ခဲ့သောကြောင့် နောက်ဆုံးသတ်မှတ်ထားသည့် ယခုလာမည့် ဇန်နဝါရီ ၂၁ ရက်တွင် မလေးရှားတစ်နိုင်ငံလုံး၌ ရှိနေကြသည့် တရားမဝင် နိုင်ငံခြားသားများအားလုံးကို OPS 6P အော်ပရေးရှင်း တရားမဝင် နိုင်ငံခြားသား ပပျောက်ရေးစီမံချက်ဖြင့် ဖမ်းဆီးအရေးယူရမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနများဖြစ်ကြသည့် အထူးရဲတပ်ဖွဲ့ (RELA)၊ ပြည်သူ့စစ်တပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးဌာနများသို့မလေးရှား နိုင်ငံ ပြည်ထဲရေးဝန်ကြီး Datuk Seri Ahmad Zahid Hamidi က တိုက်တွန်းထားသည်။

သတိပေးနှိုးဆော်ခဲ့

ဇန်နဝါရီ ၂၀ ရက်က ဖမ်းဆီးရမိသည့် တရားမဝင်နိုင်ငံခြားသားများကို ပြစ်ဒဏ်ချမှတ်ပြီးလျှင် သက်ဆိုင်ရာ သံရုံးများကို အသိပေး ဆွေးနွေးပြီးနောက် မူရင်းမိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရကာ ပြီးခဲ့သော ဇန်နဝါရီ ၁၀ ရက်က မလေးရှား စံတော်ချိန် ည ၁၀ နာရီ ဝန်းကျင်တွင် မြို့တော် ကွာလာလမ်ပူရှိ မြို့လယ်ကောင် တရုတ်တန်း (China Town) ဈေးကွက်၊ ပတာလင်ဂျာယာ မြို့နယ်များတွင် တရားမဝင် နိုင်ငံခြားသားများအပါ အဝင် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချသူ ၉၄ ဦးတို့ကို ဖမ်းဆီးခဲ့ကြောင်း သိရပြီး ဒမ်ဝမ်ကိ ရဲစခန်းရုံးချုပ်သို့ ပို့ဆောင်ခဲ့သည်ဟု မလေးရှားနိုင်ငံ ရုပ်/သံသတင်းဌာနတစ်ခုဖြစ်သော NTV 7 သတင်းတွင် ထုတ်လွှင့်ပြသခဲ့ကြောင်း သိရကာ မလေးရှားရောက် မြန်မာနိုင်ငံသားအားလုံးအတွက် သွားလာရောင်ကြဉ်ကြပါရန် သတိပေးနှိုးဆော်ခဲ့ပါကြောင်းဖြင့် ကိုသူရိယက ဆက်သွယ်ပြောကြားခဲ့သည်။

စိုးဝင်း(SP)

ကိုးမိုင် အိုးရှင်းစင်တာအနီး မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကိုးမိုင် ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့် (အိုးရှင်းစူပါမတ်ကက်ရှေ့) တပ်မတော်ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်(၄) (GE-4) ဝင်းအတွင်း ဂိုဒေါင်တစ်လုံး ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားကြောင်း သိရသည်။ (ယာဉ်)

ဖြစ်စဉ်မှာ (GE-4)ခြံဝင်းအတွင်း ပေ (၈၀×၆၀)ရှိ ဂိုဒေါင်တစ်လုံး ဝိုင်ယာရှော့ခ်ကြောင့် မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၂၇စီး၊ စက်တပ်ယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ်လေးစီး မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၁၀ မိနစ်တွင် မီးထိန်းနိုင်ပြီး ည ၇ နာရီ ၁၆ မိနစ်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

ရန်ကုန်မြို့အတွင်း CB Bank မှ ရွေ့လျားယာဉ်ဖြင့် နိုင်ငံခြားငွေလဲလှယ်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံတွင် CB Bank မှ ATM စက်ပါရှိသော Money Exchange ရွေ့လျားယာဉ် တစ်စီးကိုတွေ့ မြင်ရသည်။ (ဓပုံ)

လဲလှယ်ပေးလျက်ရှိ

အဆိုပါ CB Bank ရွေ့လျားယာဉ်ကို အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲမှစတင်၍ နေပြည်တော်တွင် နှစ်စီး၊ ရန်ကုန်မြို့တွင် တစ်စီးတို့ဖြင့် လူစည်ကားရာနေရာများတွင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံခြားငွေ လဲလှယ်ပေးလျက်ရှိကြောင်း တွေ့မြင်ရသည်။

အေးကို(သတင်းစဉ်)

အခွန်သယ်ပိုး တို့ပြည်အကျိုး ဖွံ့ဖြိုးခေတ်မီ တို့မြန်ပြည်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အထွက်နှုန်းကောင်းသည့် ထိုင်ဝမ်ခရမ်းချဉ်မျိုး ရွှေလှံကျေးရွာတောင်သူတချို့ စမ်းသပ်စိုက်ပျိုး

မိတ္ထီလာ ဇန်နဝါရီ ၂၀

အထွက်နှုန်းကောင်းသည့် ထိုင်ဝမ်ခရမ်းချဉ်မျိုးကို မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွှေလှံကျေးရွာမှ တောင်သူတချို့ စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

"ထိုင်ဝမ်ခရမ်းချဉ်က အထွက်နှုန်းလည်းကောင်းတယ်။ ရာသီဥတုဒဏ်လည်းခံနိုင်တယ်လို့ တခြားစိုက်ပျိုးပြီး တောင်သူတွေက ပြောတယ်။ ကိုယ်တိုင်လည်း သူတို့စိုက်ပျိုးတာကို လေ့လာပြီးပြီ။ ဒါကြောင့် ဒီနှစ်တော့ ထိုင်ဝမ်ခရမ်းချဉ်စိုက်ကြည့်မယ်ဆိုပြီး စိုက်တာဗျ။ ရွာကတောင်သူတော်တော်များများလည်း စမ်းသပ်စိုက်ပျိုးနေကြတယ်။ တစ်ပေကွာပြီး အတန်းလိုက်စိုက်ရတယ်။ တစ်တန်းကို ကျွန်တော်ကတော့ ၆၅ ပင်လောက်စိုက်ပျိုးထားတယ်။ စုစုပေါင်း ၄၅ တန်းဆိုတော့ အပင်ပေါင်း ၂၅၀၀ ခန့်ရှိတယ်။ အပင် ၂၀၀၀ နှုန်းနဲ့တွက်ဦး တစ်ပင်ကို နှစ်ပိဿာအထိ အသီးထွက်နိုင်တာမို့ ပိဿာချိန် ၄၀၀၀ အထိ ထွက်မယ်မှန်းထားတယ်။ အရင်းအနှီးကတော့ ဆွတ်ခူးတဲ့အထိ သုံးသိန်းလောက်ရင်းနှီးရတယ်။ သီးနှံထွက်တဲ့အချိန်မှာ ဈေးအသင့်အတင့်ရရင် အရင်းအနှီးထက် ပိုမြတ်မယ်။ ပိုကျန်မယ်တွက်ရတာပဲ။ တောင်သူဆိုတာတော့ ဒီလိုပဲ သီးနှံစိုက်ပျိုးလို့ အောင်မြင်တိုင်း ကိုယ့်အတွက်မကျန်ဘူး။ ရာသီခွင်မိ(ဈေးကောင်း)မှ ကိုယ့်အတွက်ကျန်တာ" ဟု ရွှေလှံကျေးရွာတွင် ထိုင်ဝမ်ခရမ်းချဉ် စတင်စမ်းသပ်စိုက်ပျိုးသူ တောင်သူကိုစိုးဝင်းက ပြောသည်။

ထိုင်ဝမ်ခရမ်းချဉ်ကို တန်ဆောင်မုန်းလတွင် စတင်စိုက်ပျိုးပြီး တပေါင်း၊ တန်ခူးလများတွင် သီးနှံဆွတ်ခူးရောင်းချနိုင်ပြီဖြစ်ကာ ထိုင်ဝမ်ခရမ်းချဉ်သည် ဆွတ်ခူးပြီး ၂၅ ရက်မှ ရက်ပေါင်း ၃၀ ခန့်အထိ သိမ်းဆည်းခံသည့် စားဖိုဆောင်သီးနှံ ဖြစ်သောကြောင့် ဈေးကွက်တွင် အရောင်းအဝယ် မျက်နှာပန်းလှကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၆၁၅၀၀-၆၂၂၆၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၆၁၆၀၀-၆၂၂၇၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၇-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၅၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅၆-၃၁.၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၂-၁၅.၇၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၆-၁၆၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၃၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၈၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၃၉၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၈၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၁၇၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၁၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၅၀၀-၁၇၅၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၃၀၀၀-၂၆၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၈၈
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၅၀-၇၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၃၀-၁၀၅၀
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၀၀-၈၀၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၅၀၀၀
၁၂။ သကြား	တစ်ပိဿာ	၈၉၀-၉၁၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ သားငါးကဏ္ဍတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံသည် လူဦးရေတိုးတက်လာသည်နှင့်အမျှ စားသုံးမှုပမာဏမှာလည်း မြင့်မားလာပေသည်။ သားငါးထုတ်လုပ်မှုကဏ္ဍများမှာလည်း လူဦးရေ တိုးတက်လာသည်နှင့်အညီ ထုတ်လုပ်မှုပမာဏမှာ ကျန်းမာသည့် သားငါးထုတ်လုပ်မှုမှာလည်း လိုအပ်လာသည်ဖြစ်၍ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း ၎င်းတို့၏ ကဏ္ဍမှနေ၍ စားသုံးသူပြည်သူများအနေဖြင့် ရောဂါကင်းသည့် သားငါးများ စားသုံးနိုင်ရန်အတွက် အစဉ်ဆောင်ရွက်နေကြသည်။

ညှိနှိုင်းဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ဇန်နဝါရီ ၁၉ ရက်က အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးရင်ရှိန်နှင့် သုတေသနမှူးဦးခင်ဝင်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန် လှည်းကူးမြို့နယ် တံခွန်တိုင်ကျေးရွာ ရေတလပေါင်ကျေးရွာများသို့ သွားရောက်ကြ၍ ရေချိုငါးမွေးမြူရေးလုပ်ငန်းများတွင် ရောဂါကင်းသည့် ငါးများ၊ စနစ်တကျမွေးမြူကြရန်ကို မွေးမြူရေးလုပ်ကိုင်ကြသည့် အင်းသားကြီးများနှင့် ညှိနှိုင်းကာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) **မြင့်ဦး(အင်းစိန်)**

ကြက်သွန်ဈေးကျ ပြောင်းဆန်ဈေးတက်

မြင်းခြံ ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့သည် လယ်ယာထွက်ကုန်စားသုံးသီးနှံများဖြစ်သော ကြက်သွန်နီ၊ ပဲအမျိုးမျိုး၊ ပြောင်းဆန်၊ တိရစ္ဆာန်အစာအဖြစ် အသုံးပြုသော စီပီပြောင်း၊ မြေပဲနှင့် နှမ်းများ ထွက်ရှိရာဒေသဖြစ်သည်။

ကျေးရွာများမှ ထွက်ရှိလာသော စိုက်ပျိုးသီးနှံများကို မြင်းခြံမြို့ရှိပွဲရုံများသို့ ပို့ဆောင်၍ရောင်းချကြသည်။ မြင်းခြံမြို့နယ်မှထွက်ရှိသော မိုးကြက်သွန်(ခေါ်)မြိတ်ဖြတ်အကြီးစ ဈေးနှုန်းများ တစ်ရက်လျှင် အနည်းဆုံး တစ်ပိဿာ ငွေကျပ် ၅၀ ခန့်ကျဆင်းနေပြီး လွန်ခဲ့သောသုံးရက်ခန့်က တစ်ပိဿာ ငွေကျပ်၇၀၀ မှ လက်ရှိဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၅၅၀ သာရှိသည်။ ပြောင်းဆန်အဖြူဈေးနှုန်းမှာ အနည်းငယ် ဈေးတက်လျက်ရှိပြီး ယခင်တစ်ပိဿာ ငွေကျပ် ၄၄၀ မှ ယနေ့ငွေကျပ် ၄၇၀၊ တိရစ္ဆာန်အစာအဖြစ် အသုံးပြုသော စီပီပြောင်းမှာ တစ်ပိဿာငွေကျပ် ၃၆၀ ရှိကြောင်း မြင်းခြံမြို့ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထိုသို့ ကြက်သွန်နီဈေးကျဆင်းသဖြင့် မြင်းခြံမြို့နယ်မှ ကြက်သွန်နီကို အဓိကစိုက်ပျိုးသောတောင်သူများ ဈေးကောင်းရရန် စောင့်မျှော်လျက်ရှိကြောင်းနှင့် ပြောင်းဆန်အဖြူစိုက်ပျိုးသောတောင်သူများအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ပုလဲမြို့နယ် စစ်ရင်ကျေးရွာသို့ လမ်းပေါက်ပြီ

ပုလဲ ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့၏ မြောက်ဘက် မိုင် ၄၀ ကျော်ဝေးသည့် စစ်ရင်ကျေးရွာသည် လမ်းပန်းဆက်သွယ်မှု အခက်အခဲဆုံးဖြစ်ပြီး ပုံတောင်ခြေရင်းတွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်သည်။ လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် ဌာနဆိုင်ရာများ ရောက်ရှိမှုအားနည်းခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေးကအစ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့ရသော ကျေးရွာဖြစ်ခြင်းတို့ကြောင့် ကျေးရွာနေပြည်သူများ၏လှူဒါန်းငွေကျပ် ၁၀ သိန်းကျော်ဖြင့် တောင်ရင်း-စစ်ရင်ကျေးရွာချင်း ဆက်မြေသားလမ်း အရှည် နှစ်မိုင်၊ လမ်းအကျယ် ၁၅ ပေကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှု ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄)မှ စက်ယန္တရားကူညီမှုတို့ဖြင့် ဖောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် စစ်ရင်ကျေးရွာမှ လမ်းဖောက်လုပ်ရေး ကော်မတီဝင် ဦးလှအောင်က "ကျွန်တော်တို့ကျေးရွာလေးက ပုလဲမြို့နယ်ရဲ့အဆုံး အလောင်းတော်ကဿပကြိုးဝိုင်းစပ်မှာရှိတဲ့ ကျေးရွာကလေးဖြစ်ပါတယ်။ အရင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲလွန်းတော့ ရွာနဲ့ ခုနစ်မိုင်လောက်ဝေးတဲ့ အိုင်းမကျေးရွာကို ခြေကျင်သွားပြီး စားကုန်တွေဝယ်ယူရပါတယ်။ အိုင်းမကျေးရွာကနေ ပုလဲမြို့ကို ဆိုင်ကယ်တို့၊ ကားတို့နဲ့ သွားကြရပါတယ်။ ပညာရေး၊ ကျန်းမာရေးကအစ ကျေးရွာရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေ နောက်ကျခဲ့ရတဲ့အတွက်ကြောင့် မြို့နယ်ကို လမ်းဖောက်လုပ်နိုင်ရေးအတွက် တင်ပြတဲ့အခါ မြို့နယ်က စက်ယန္တရားကူညီပေးတဲ့အတွက်ကြောင့် အခုဆိုရင် ကျွန်တော်တို့ စစ်ရင်ကျေးရွာလေးကို ဆိုင်ကယ်တွေ၊ ကားတွေ လာနိုင်ပြီဖြစ်ပါတယ်။ ရွာကိုကားစရောက်တဲ့နေ့ကဆိုရင် ကလေး၊ လူငယ်တွေဝိုင်းပြီး ကားကိုကြည့်ပြီး ဝမ်းသာပီတိဖြစ်နေကြပါတယ်။ ရွာလမ်းပေါက်ပြီဆိုတော့ ပညာရေး၊ ကျန်းမာရေးနဲ့ စားဝတ်နေရေးကအစ အဆင်ပြေချောမွေ့ပြီး ကျွန်တော်တို့ကျေးရွာလေးလည်း ဖွံ့ ဖြိုးတိုးတက် စည်ပင်ဝပြောတော့မှာကို မြင်ယောင်နေမိပါတော့တယ်။ လမ်းဖောက်လုပ်ရာမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြတဲ့ မြို့နယ်မှ တာဝန်ရှိဌာနဆိုင်ရာများနဲ့ အလှူရှင်များကို ကျေးရွာရဲ့ကိုယ်စားကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

မင်းခန့်စိုး(ဖေယျာမြေ)

ကလေးငယ်များကို ယာဉ်နောက်လိုက်အသုံးမပြုစေလို

ပဲခူး ဇန်နဝါရီ ၂၀

ပဲခူးမြို့ပေါ်ရှိ သုံးဘီးဆိုင်ကယ်(တုတ်တုတ်)ယာဉ်လိုင်းငါးလိုင်းခန့်ရှိသည်။ အချို့သောသုံးဘီးဆိုင်ကယ်(တုတ်တုတ်)များတွင် ယာဉ်မောင်းလိုင်စင်များမရှိဘဲ မောင်းနှင်နေကြသည်။ အဆိုးဆုံးမှာ အသက်မပြည့်သေးသော ကလေးများကို ယာဉ်နောက်လိုက်အဖြစ် အသုံးပြုနေခြင်းဖြစ်သည်။ အမှတ်(၃)လိုင်းမှသုံးဘီးဆိုင်ကယ်တစ်စီးသည် ကလေးငယ်တစ်ဦးကို စပယ်ယာအဖြစ် ခိုင်းစေနေခြင်းကို တာဝန်ရှိသူများ လိုအပ်သလိုဆောင်ရွက်နိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။

(အပေါ်ပုံ) **သန့်စင်**

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်စာရေးဆရာအသင်းက ကြီးမှူးကျင်းပမည့် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် ည ၇ နာရီတွင် မေခန်းမမြက်ခင်းပြင်တွင် ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ပျဉ်းမနားမြို့နေ ကဗျာဆရာများက ၂၀၁၃ ခုနှစ်တွင် မဂ္ဂဇင်းများ၌ပါဝင်ခဲ့သော ကဗျာများထဲမှ အကြိုက်ဆုံးကဗျာဆုကို ပေးအပ်ချီးမြှင့်ပြီး စာရေးဆရာဦးဘုန်း(ဓာတု)က ခဲစာလုံးနှင့်ခဲကျည်ဆန်၊ စာရေးဆရာရဲသျှမ်းက မြန်မာစာသင်တဲ့ဆရာမှာလည်း သမိုင်းတာဝန်တွေရှိတယ်၊ စာရေးဆရာကာတွန်းဝင်းအောင်က ခေတ်သုံးခေတ်ရဲ့အသံ ခေါင်းစဉ်တို့ဖြင့် သုတရသ စာပေများ ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော်ကြီး(ပျဉ်းမနား)**

မူးယစ်ဆေးဝါးအကြောင်း ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၀

ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုများကို မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဇန်နဝါ ရီ ၁၈ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူးက ပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသင်က တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၇၀ ကို မူးယစ်ဆေးဝါးများ၏ဆိုးကျိုးများနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုများအတွင်း မူးယစ်ဆေးဝါးမသုံးစွဲရေး၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်ဆက်နွှယ်မှုများမရှိစေရေးတို့ကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **စိုးဝင်း(SP)**

အားကစားမြှင့်တင်စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

၁၂ ဘီးယာဉ်က ကောက်ရိုးလှည်း၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့ကိုတိုက်မိ၍ လူနှစ်ယောက်နှင့် နွားတစ်ကောင်သေဆုံး

ဖြူး ဇန်နဝါရီ ၂၀

ရန်ကုန်ဘက်မှ ဖြူးမြို့တွင်းသို့ အရှိန်ပြင်းစွာ မောင်းနှင်လာသော ကုန်များ တင်ဆောင်လာသည့် ၁၂ ဘီးယာဉ်က ရှေ့မှသွားနေသော ကောက်ရိုးတင်လှည်းကို နောက်မှ ဝင်တိုက်မိကာ ရန်ကုန်ဘက်သို့တစ်ဖက်လမ်းကြောမှ မောင်းနှင်လာသော မော်တော်ယာဉ်ကို ဆက်တိုက်မိပြီး နောက်မှလိုက်ပါလာသော ဆိုင်ကယ်ကိုပါတိုက်မိသဖြင့် နှစ်ဦးသေဆုံးခဲ့သည်။ ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၁၈ ရက် ည ၉ နာရီခန့်က ရန်ကုန်ဘက်မှ ဖြူးမြို့နယ်အတွင်းဘက်သို့ ကောက်ရိုးများသယ်ဆောင်၍ သန်းထွန်း(၃၀နှစ်) သာစုကန်ရွာ ဖြူးမြို့နယ်နေသူ မောင်းနှင်လာသည့် နွားလှည်းကို နောက်မှ ယာဉ်ကြောအတူ ရန်ကုန်ဘက်မှ ဖြူးမြို့အတွင်းသို့ မင်းမင်းသိုက် (၂၈ နှစ်) ပြည်ထောင်စု တိုးချဲ့ရပ်ကွက် မိတ္ထီလာမြို့နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ရဲနိုင်(၃၈နှစ်)၊ ဝန်ဇင်းရပ်ကွက် မိတ္ထီလာမြို့နေသူနှင့် ကျော်မင်း(၄၃ နှစ်) လျှော်ဖြူကိုင်းရွာ၊ ရမည်းသင်းမြို့နယ်နေသူတို့ စီးနင်းလိုက်ပါလာသည့် ယာဉ်အမှတ် ၈C/----၁၂ဘီး အဖြူရောင် နီဆန်းဒီဇယ်အမျိုးအစား စပ်ကုန်တင်ယာဉ်မှ နောက်မှဝင်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင် ဖြူးမြို့တွင်းဘက်မှ ရန်ကုန်ဘက်သို့ ချစ်ကိုကို (၃၇ နှစ်) ရွာမအနောက် အင်းစိန်မြို့နေသူ မောင်းနှင်လာသည့် ၇C/--- အပြာရောင် (ဖော)ယာဉ်ခါးလယ်ပိုင်းသို့ ဖြတ်တိုက်သဖြင့် (ဖော)ယာဉ် တိမ်းမှောက်သွားသည်။ တိမ်းမှောက်သွားသော (ဖော)ယာဉ်နောက်မှ ယာဉ်ကြောတူ လိုက်ပါမောင်းနှင်လာသည့် ကျော်သူလင်း (၂၀နှစ်) လယ်လုပ်၊ ခင်ဝိုင်းရွာ ညောင်ကားယားအုပ်စု ဖြူးမြို့နယ်နေသူ မောင်းနှင်လာသော (ကင်ဘို) အမျိုးအစား ဆိုင်ကယ်ကို ထပ်မံဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မှာ ကြေမွပျက်စီးသွားကာ ၈C/---- ယာဉ်မှာ လမ်းဘေးဘယ်ဘက်ရေမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားသည်။ **(အပေါ်ပုံ)**

ယာဉ်တိုက်မှုကြောင့် ကောက်ရိုးလှည်းတိမ်းမှောက်သွားသဖြင့် နွားတစ်ကောင်သေဆုံးပြီး နွားတစ်ကောင်မှာ ခါးပိုင်းကျိုးကာ လှည်းပျက်စီးသွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် လှည်းမောင်းသူ သန်းထွန်း(၃၀)နှင့် ဆိုင်ကယ်မောင်းသူ ကျော်သူလင်း(၂၀ နှစ်)တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ကျန်သူများမှာ ဒဏ်ရာများရရှိကြသဖြင့် ဖြူးမြို့နယ်ပြည်သူ့ဆေးရုံသို့ တင်ပို့ပေးကာ ယာဉ်မောင်း မင်းမင်းသိုက်အား ဖြူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ကြံခင်းအတွင်း မူးယစ်ဆေးသုံးသူများ အရေးယူခံရ

လွယ်ဂျယ် ဇန်နဝါရီ ၂၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁)လွယ်ဂျယ်မှ ရဲအုပ်အောင်ကိုနိုင်နှင့် အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် ညနေ ၃နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ လွယ်ဂျယ်မြို့ ရပ်ကွက်(၁)ကြံခင်းအတွင်း စစ်ဆေးရှာဖွေမှုများပြုလုပ်နေစဉ် မီချယ်တီ(၁၉ နှစ်) ဆိုသူ လူငယ်တစ်ဦး၏ အနွေးထည်လက်ရှည် ညာဘက်အတွင်းအိတ်ကပ်ထဲမှ ဘိန်းဖြူမှုန့်အလေးချိန် ဝ ဒသမ ၄ ဂရမ်ပါ ချိတ်ဆန်ပုလင်း တစ်ပုလင်းတွေ့ရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လွယ်ဂျယ်မြို့ ရပ်ကွက်(၁)နေသူ မီချယ်တီ (၁၉ နှစ်)အား လွယ်ဂျယ်ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မွန်းတည့်ချိန်ကလည်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တပ်ဖွဲ့စု(၁)လွယ်ဂျယ်မှ ရဲအုပ်အောင်ကိုနိုင်နှင့်အဖွဲ့သည် လွယ်ဂျယ်မြို့ ရပ်ကွက် (၁) ကြံစိုက်ခင်းအတွင်း တွေ့ရသူ သန်းဇော်လွင် (၃၄ နှစ်)၏ နက်ပြာရောင် မိုးကာအင်္ကျီ လက်ရှည်ဘယ်ဘက်အိတ်ကပ်အတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် ဝ ဒသမ ၄ ဂရမ်ပါ ချိတ်ဆန်ပုလင်း နှစ်ပုလင်းနှင့် ညာဘက်အောက် အိတ်ကပ်အတွင်းမှ WYစာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားငါးပြား၊ အလေးချိန် ဝ ဒသမ ၅ ဂရမ်တွေ့ရသဖြင့် လွယ်ဂျယ်မြို့ ရပ်ကွက် (၁)နေသူ သန်းဇော်လွင် (၃၄ နှစ်)အား လွယ်ဂျယ်ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **မိုးခြိမ့်ညံ့ဟိန်း**

မကွေးမြို့ပေါ်တွင် မီးပွိုင့်များတပ်ဆင်

မကွေး ဇန်နဝါရီ ၂၀

မကွေးမြို့ပေါ်တွင် ယာဉ်အသွားအလာများ များပြားလျက်ရှိသည့် အချက်အချာကျသော နေရာများဖြစ်သည့် နတ်မောက်လမ်းနှင့် ပြည်တော်သာလမ်းထောင့် ပြည်တော်သာလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်များတွင် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းကစတင်ပြီး မီးပွိုင့်များကို စတင်အသုံးပြုလျက်ရှိသည်။

"ယင်းသို့ မီးပွိုင့်များတပ်ဆင်ပေးသည့်အတွက် ကျောင်းသား ကျောင်းသူများပေါ်များသည့် မကွေးမြို့တွင် ယာဉ်အန္တရာယ်များ လျော့ကျသွားလိမ့်မည်ဟု မကွေးမြို့နေပြည်သူတစ်ဦးက အရင်ကလမ်းဆုံတွေမှာ မီးပွိုင့်တွေမရှိဘူးလေ။ အခုလိုမီးပွိုင့်တွေထားပေးတော့ ယာဉ်တိုက်မှုတွေ၊ အပြင်းမောင်းနှင်မှုတွေ လျော့ကျသွားမယ်လို့ထင်ပါတယ်" ဟု ပြောကြားကြောင်းသိရသည်။

ယင်းမီးပွိုင့်များကို မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ခင်မာလာ(မကွေး)

ပြည်ကြီးမဏ္ဍိုင် ခိုင်မာဖို့ အခွန်တာဝန် ကျေပွန်စို့

ယာဉ်မောင်းလိုင်စင်အတုပြုလုပ်ပေးသူ ဖမ်းဆီးရမိ

ကသာ ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ရွှေကျောင်းရွာတွင် ယာဉ်မောင်းလိုင်စင်အတုပြုလုပ်ပေးသူ နှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် ဗန်းမောက်မြို့နယ် ဂဏန်းရွှေကျောင်းရွာတွင် လူနှစ်ဦးက ကညနဝန်ထမ်းအယောင်ဆောင်၍ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးနေကြောင်း သတင်းအရ လိပ်စောရဲကင်းမှူး ဒုရဲအုပ်မောင်ဇော်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဇေယျာလင်းနှင့်ဇော်လွင်တို့နှစ်ဦးဖြစ်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်အထောက်အထားတစ်စုံတစ်ရာမပါဘဲ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် ပြုလုပ်ပေးမည်ဟုပြောဆိုကာ လူတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် မှတ်ပုံတင်များယူဆောင်သွားရာ ဇေယျာမင်းကိုင်ဆောင်ထားသော အနက်ရောင်လွယ်အိတ်အတွင်းမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀ ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ခုနစ်ရွက်နှင့် ငွေစက္ကူရောရာ ငွေကျပ် ၄၈၀၀၀၀တို့ကို တွေ့ရှိသိမ်းဆည်းပြီး ဝန်ထမ်းအယောင်ဆောင်သူ ဇေယျာလင်းပါ နှစ်ဦးအပေါ် ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားထားသောအမှုဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ကညနဝန်ထမ်းအယောင်ဆောင်သူ ဇေယျာလင်း(၃၀ နှစ်) မိုးကောင်းရပ်ကွက် ပင်လည်ဘူးမြို့နယ်နေသူနှင့် ဇော်လွင်(၃၄ နှစ်) ကျပန်းမံလူကျေးရွာ ဗန်းမောက်မြို့နယ်နေသူတို့ကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်တွင် ပုသိမ်- မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၅၃/၀) ကြာအင်းရွာနှင့် ကြိုးကြာရွာအကြား (သူရဲတန်းဘိနယ်) နေရာမှ တရားမဝင်ကျွန်းတံခါးရွက်ဆိုဒ်စုံ ၄၆၄ ချပ်နှင့် ကျွန်းခွဲသားဆိုဒ်စုံ ၁၆၃ ချောင်း (၁၃ ဒသမ ၂၈၆၄)တန်ကို Nissan ခေါင်းပြာ ၁၈ ဘီး ယာဉ်နှင့် Container နှစ်လုံးနှင့်အတူ ဖမ်းဆီးရမိ၍ ပိုင်ရှင်ကို စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် ထုံးဘိရဲစခန်း၌ တိုင်ချက်ဖွင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် မူဆယ်ခရိုင် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးဝင်းနိုင် ပါဝင်သော ဝန်ထမ်းများနှင့် ၁၀၅ မိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ထွန်း ဦးဆောင်သော OSS (Mobile Team) အဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်တွင် သတင်းအရ မူဆယ် ၁၀၅ မိုင် အေးရှားဝေါလ်တိုးဂိတ်အနီး မော်တောင်းဘိနယ်နေရာ၌ ယာဉ်အမှတ် 3B/ 3977 မတ်တူး (အဖြူရောင်) ပေါ်မှ တရားမဝင်မြွေမျိုးစုံ (လင်းမြွေ၊ မြွေပွေး၊ မြွေဟောက်) ၅၆၇ ကောင်၊ ၄၆၅ ကီလိုရှိ မြွေမျိုးစုံ ၄၁ အိတ်ကို ပိုင်ရှင်မဲ့ဖမ်းဆီးမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၃C/၉၁၈၅ ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မီး သတိပြု

THAMEETAW Construction Group

သမီးတော်ဆောက်လုပ်ရေးအမည်အမှတ်အသားကို မှတ်ပုံတင်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၈×၅၉လမ်းကြား၊ အောင်ဆန်းလမ်းနှင့် အောင်ဇေယျလမ်းကြား၊ အိမ်အမှတ် ဆဆ-၂/၁၄နေ ဦးအောင်မျိုးသန့် (လိုင်စင်ရအင်ဂျင်နီယာ) (ဘ)ဦးသန်းထွန်း မှတ်ပုံတင်အမှတ် ၈/စလန(နိုင်)၀၆၇၄၅၉ ကိုင်ဆောင်သူက အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ **THAMEETAW Construction Group သမီးတော်** ဆောက်လုပ်ရေးလုပ်ငန်းအမည် အမှတ်အသားသည် ဦးအောင်မျိုးသန့်၏ ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် တီထွင်ပြုလုပ်ထားသော အမှတ်တံဆိပ်ဖြစ်ပါသည်။

အဆိုပါ **THAMEETAW Construction Group သမီးတော်ဆောက်လုပ်ရေး** အမှတ်တံဆိပ်ကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်ရန် ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်ရန်ရှိပါက အထောက်အထားစာရွက်စာတမ်းမူရင်း၊ တရားရုံးဒီကရီ၊ ရုံးဌာနအသီးသီး၏ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်ရန်နှင့် ထိုရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်မျိုးသန့်(လိုင်စင်ရအင်ဂျင်နီယာ)
၈/စလန(နိုင်)၀၆၇၄၅၉
အိမ်အမှတ် (ဆဆ-၂/၁၄)
၅၈×၅၉လမ်းကြား၊ အောင်ဆန်းလမ်းနှင့်အောင်ဇေယျလမ်းကြား၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

တင်ဒါခေါ်ယူသည့်ကြော်ငြာ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဦးစီးဌာနမှ **မိခင်ကလေး ကျန်းမာရေးမှတ်တမ်းစာအုပ်** ထုတ်လုပ်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

မိခင်ကလေး ကျန်းမာရေးမှတ်တမ်းစာအုပ်နှင့်ပတ်သက်သည့် အချက်အလက်များ

- စာအုပ်အရွယ်အစား	၅.၇ လက်မ×၈.၁ လက်မ
- အတွင်းစာရွက်အမျိုးအစား	Wood free 70 gsm
- အပြင်အဖုံးအမျိုးအစား	Art Card 210 gsm
- အရောင်	၄-မျိုး (4 colour)
- အတွင်းစာမျက်နှာ	(၃၈) မျက်နှာ
- အပြင်အဖုံး	(၂)မျက်နှာနှင့် ကျောဖုံးအတွင်း(၁)မျက်နှာ
၂။ **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်**	၂၀-၁-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီ
တင်ဒါပိတ်မည့်ရက်၊ အချိန်	၁၉-၂-၂၀၁၄ ရက် (ညနေ ၄း၀၀ နာရီ)
တင်ဒါဖွင့်မည့်ရက်၊ အချိန်	၂၀-၂-၂၀၁၄ ရက် (နံနက် ၁၀း၀၀ နာရီ)
နေရာ	ရုံးအမှတ် (၄)၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ မြေကွက်အမှတ် ၁၀၃၊ အလျားပေ ၆၀× အနံ ပေ ၈၀ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး အဆက်အစပ် စာချုပ်များအရ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဝင်း ၁၀/မလမ(နိုင်) ၀၅၈၈၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စကို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းနိုင်
(တရားလွှတ်တော်ရှေ့နေ)

ဒေါ်စန္ဒာအေး၊ ဒေါ်ကြည်ကြည်ထွေး
(အထက်တန်းရှေ့နေများ)

အမှတ် ၁၂၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်ထက်ကျော်လွန်သော လျှောက်လွှာများကို လက်ခံ စဉ်းစားမည်မဟုတ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးပညာဌာန၊
ရုံးအမှတ် (၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၃၈၂၊ ၀၆၇-၄၁၁၀၀၃
တင်ဒါရွေးချယ်ခေါ်ယူရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန

နိုင်ငံတကာအားကစားနှင့်ကျော်ကြား

မာဆေးအတွက် ခက်ခဲမယ့် ပြင်သစ်ဖလားပွဲစဉ်

မိုးမြင့်လင်းလက်

ပြင်သစ်ဖလား ၃၂ သင်းအဆင့် ဘောလုံးပြိုင်ပွဲတွေကို ဇန်နဝါရီ ၂၂ ရက်မှာ ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မိုနာကို၊ ဘော်ဒိုး၊ မာဆေး၊ လိုင်လီတို့ပြိုင်ဘက်တွေကို အပြင်းအထန်ကျော်လွှားရမှာဖြစ်တာမို့ ပွဲကျပ်တွေအဖြစ် ရင်ဆိုင်ရဦးမှာ ဖြစ်ပါတယ်။ မိုနာကိုတို့ကလည်း ဒီနှစ်ဘောလုံးရာသီမှာ ပြင်သစ်ဖလားကို မျှော်မှန်းနေတာမို့ ဒီပွဲစဉ်မှာ ဘယ်လိုအားထုတ်မလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

မာဆေးနှင့်နိုက်စ်

အိမ်ရှင်မာဆေးတို့အတွက် ဒီပွဲမှာတော့ သေသေချာချာပြင်ဆင်ကစားမှာဖြစ်ပါတယ်။ မာဆေးဟာ အိမ်ကွင်းမှာ ပုံမှန်ခြေစွမ်းရအောင်ကြိုးစားနေပြီး ရလဒ်တွေလည်းကောင်းအောင် ဖန်တီးနိုင်စွမ်းရှိပါတယ်။ နိုက်စ်တို့က ခြေစွမ်းမာကျောပေမယ့် တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်ပိုင်းအားနည်းမှုတွေရှိနေဆဲ ဖြစ်တာမို့ ဒီပွဲမှာ ရလဒ်ကောင်းဖို့ ခဲယဉ်းပါလိမ့်မယ်။ အသင်းလိုက်ကစားအားကောင်းပြီး နားလည်မှုလည်းရှိတဲ့ မာဆေးလ်တို့ဟာ ဒီပွဲရလဒ်ကို အကောင်းဆုံးဖြစ်အောင် ပုံဖော်ထုဆစ်သွားမယ်လို့ယူဆပါတယ်။

အဇာဂေးဖုဒ်နှင့်မိုနာကို

မိုနာကိုတို့အတွက် ပွဲကျပ်အဖြစ် ရင်ဆိုင်ရပါလိမ့်မယ်။ မိုနာကိုဟာ အဝေးကွင်းရလဒ်ကောင်းဖို့ ရုန်းကန်နေရဆဲဖြစ်ပေမယ့် အခုရဲ့အဆုံးအဖြတ်က အရေးကြီးတာမို့ အဓိက ကစားသမားအစုံအလင်နဲ့ ပွဲထွက်ပါလိမ့်မယ်။ အဇာဂေးဖုဒ်တို့ဟာ အိမ်ကွင်းမှာ အကောင်းဆုံးရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ထားမှာဖြစ်ပေမယ့် ခံစစ်ပိုင်း အားနည်းချက်ရှိနေတဲ့အတွက် မိုနာကိုတို့ ဒီပွဲမှာ နိုင်ပွဲရလဒ်ကို သိမ်းပိုက်ပြီး အိမ်ပြန်ပါလိမ့်မယ်။

ခရေ့အစ်ဖ်နှင့်လိုင်လီ

ခံစစ်ပိုင်း ယိုယွင်းမှုရှိပေမယ့် ကွင်းလယ်ကစားအားကောင်းမွန်တဲ့ ခရေ့အစ်ဖ်ကို လိုင်လီတို့ လွယ်လွယ်ကူကူကျော်ဖြတ်နိုင်ဖို့ မလွယ်ပါဘူး။ လိုင်လီဟာ တိုက်စစ်အားကောင်းအောင် ကြိုးစားဖို့လိုအပ်နေဆဲဖြစ်ပေမယ့် အသင်းလိုက်စုဖွဲ့မှုကောင်းမွန်လာဖို့ ဒီပွဲမှာ အဟုန်ပြင်းပြင်းနဲ့ ဖိအားပေးကစားနိုင်ဖို့ ကြိုးစားပါလိမ့်မယ်။ လိုင်လီကိုပဲ ဒီပွဲမှာ ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

အယ်လ်အေရှုဆေးနှင့်ဘော်ဒိုး

ဒီပွဲမှာ ဘော်ဒိုးတို့ ရုန်းကန်ရပါလိမ့်မယ်။ အယ်လ်အေရှုဆေးဟာ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပြီး ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်တဲ့အသင်းဖြစ်ပါတယ်။ ဘော်ဒိုးတိုက်စစ်မှူးတွေဟာ ဂိုးသွင်းစွမ်းရည် ကျဆင်းနေပေမယ့် အရေးကြီးတဲ့ဒီပွဲမှာတော့ လုပ်အားနှုန်းကောင်းကောင်းနဲ့ အနိုင်ရလဒ်ကို ပုံဖော်ပါလိမ့်မယ်။

ဘာစီလိုနာတစ်မှတ်သာရ

စပိန်ချန်ပီယံ ဘာစီလိုနာအသင်းသည် လာလီဂါဇယားထိပ်တွင် ဆက်လက်ရပ်တည်နိုင်သော်လည်း လီဗန်တေးကသရေလိုက်ကစား၍ တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဩဂုတ်လက အိမ်ကွင်းတွင် ခုနစ်ဂိုးပြတ်ဖြင့် လက်မထောင်ခဲ့သောဘာစီလိုနာတို့ကို လီဗာတေးနောက်တန်းကစားသမား လူးကတ်ဗင်ထရာ၏ ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ သို့သော်လည်း စပိန်နောက်တန်းကစားသမားဂျရတ်ပီကေးက ဇာဗီ၏ထောင့်ကန်ဘောမှတစ်ဆင့် ချက်ချင်းချေပဂိုးသွင်းယူခဲ့သည်။ လီယိုနယ်မက်ဆီသည် နှစ်လကြာအနားယူပြီး ပြန်ကစားသော်လည်း ဘာစီလိုနာအတွက် အနိုင်ဂိုးမသွင်းပေးနိုင်ဘဲ ဖြစ်ခဲ့ရသည်။ သို့သော်လည်းဂိုးကွာခြားချက်ဖြင့် အက်သလက်တီကိုအသင်းကို ဦးဆောင်လျက်ဇယားထိပ်ဆုံး၌ ရပ်တည်နေဆဲဖြစ်သည်။ ယင်းတို့နှစ်သင်းစလုံးသည် တတိယနေရာမှ ရီးရဲမက်ဒရစ်ထက်တစ်မှတ်သာ အသာရထားသည်။

အီတူး၏ဟက်ထရစ်ဂိုးဖြင့် ချယ်လ်ဆီးက မန်ယူကိုနိုင်

အီတူး၏ဟက်ထရစ်ဂိုးဖြင့် ချယ်လ်ဆီးအသင်းပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ရေးဆက်လက်ဖိအားပေးနိုင်ခဲ့ပြီး မန်ယူသည် ပရီမီယာလိဂ်ဖလားပြန်လည်ရယူရေးမျှော်လင့်ချက်အဆုံးသတ်သလောက်ဖြစ်သွားပြီဖြစ်သည်။ တစ်ကျော့ပြန်ဝါရင့်တိုက်စစ်မှူး အီတူးကပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်း ပြန်စချိန် တစ်ဂိုးသွင်းယူပေးခဲ့သည်။ မန်ယူအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဟာနန်ဒက်ဇ်က ပွဲချိန် ၇၈ မိနစ်တွင် သွင်းယူခဲ့သည်။ မန်ယူတို့ယင်းပွဲရှုံးနိမ့်သွား၍ထိပ်ဆုံးရောက်အာဆင်နယ်နှင့် ၁၄ မှတ်ကွာသွားပြီဖြစ်သည်။ မန်ယူတို့ လာမည့်ဗုဒ္ဓဟူးနေ့တွင် ကက်ပီတယ်ဝမ်း ဆီမီးဖိုင်နယ်ဒုတိယအကျော့အဖြစ် ဆန်းဒါးလန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားမှုကိုလည်း ရှုံးကြွေးဆပ်ရန်ကြိုးစားရလိမ့်မည်ဖြစ်သည်။

အဇာရင်ကာကွာတားတက် ရှာရာပိုဗာ ပြိုင်ပွဲမှထွက်

ဘီလာရုစ်တင်းနစ်မယ် ဗစ်တိုးရီးယားအဇာရင်ကာသည် ဆလုံးစတီဖန်ကိုအနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ အဇာရင်ကာသည် ယင်းပွဲတွင်အနိုင်ရလိုက်၍ တတိယမြောက်ဩစတြေးလျအိုးပင်းဖလားကို မျှော်လင့်နိုင်ပြီဖြစ်သည်။ နာမည်ကြီးတင်းနစ်မယ် ရှာရာပိုဗာသည် ဒိုမီနီကန် တင်းနစ်မယ် စီဗူးကိုဗာကိုရှုံးပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ယမန်နေ့က ဆီရီနာဝီလျံထွက်ပြီးနောက် ရှာရာပိုဗာထွက်ခဲ့ရသည်။ အဇာရင်ကာက ကမ္ဘာ့အဆင့် ၁၃ ရှိ စတီဖန်ကို ၆-၃၊ ၆-၂ဖြင့် နိုင်ခဲ့သည်။ ဂျိုကိုဗစ်သည်လည်း စီနီနာဟဲလက်ကိုရှုံးပြီး ထွက်ခဲ့ရသည်။ လက်ရှိအနေအထားတွင် အဇာရင်ကာသည် ဩစတြေးလျအိုးပင်းဖလားကို ဆွတ်ခူးရန် အလားအလာအကောင်းဆုံးဖြစ်လာသည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာ ပြည်တွင်းဖလား ပွဲစဉ်များ

သီဟ

ကက်ပီတယ်ဝမ်း ဆီးမီးဖိုင်နယ် ပွဲစဉ်(ဒုတိယကျော့)			**ဇန်နဝါရီ၂၁**
ဝက်စ်ဟမ်း	-	မန်စီးတီး	နံနက် ၂း၁၅
စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ်(ပထမကျော့)			**ဇန်နဝါရီ၂၁**
အက်စ်ပန်ညို	-	ရီးရဲမက်ဒရစ်	နံနက် ၂း၃၀
ပြင်သစ်ရှုံးထွက်ဖလား ၃၂သင်းအဆင့်			**ဇန်နဝါရီ၂၁**
အဂျာစီယို	-	ကာအန်	ည ၁၁း၃၀
လန်းစ်	-	ဘတ်စ်တီယာ	ည ၁၂း၀၀
အန်းဂါးစ်	-	ဆိုးချော့စ်	နံနက် ၀၀း၃၀
ဘူလော့ဂ်	-	ရန်းနက်စ်	နံနက် ၀၀း၃၀
ကွန်ကာနေး	-	ဂူအင်ဂမ့်	နံနက် ၁း၀၀
ခရေ့အစ်ဖ်	-	လိုင်လီ	နံနက် ၁း၀၀
CA ဘတ်စ်တီယာ	-	နီအော်တစ်	နံနက် ၁း၃၀
မာဆေး	-	နိုက်စ်	နံနက် ၂း၃၀

ဇန်နဝါရီ ၁၉/၂၀ ဘောလုံးပွဲရလဒ်များ

ဘိုလော့ဂ်နာ	၂-၂	နာပိုလီ
ချီယေဗို	၁-၂	ပါးမား
ဂျီနိုအာ	၁-၀	အင်တာ
ဆက်ဆူအိုလို	၀-၂	တိုရီနို
အေစီမီလန်	၁-၀	ဗီရိုနာ
ဂီတာဖေး	၂-၂	ဆိုစီဒက်
ဗီလာရီးရဲလ်	၂-၀	အယ်လ်မာရီးယား
အက်သလက်တီကို	၁-၁	ဆီဗီလာ
ရိမ်းစ်	၀-၂	လိုင်ယွန်
တူးလော့စ်	၀-၂	မိုနာကို
ပီအက်စ်ဂျီ	၅-၀	နန့်တက်စ်

ဝက်စ်ဟမ်း Vs မန်စီးတီး

ကက်ပီတယ်ဝမ်း ပထမကျော့ မန်စီးတီးအိမ်ကွင်းတွင် ၆-၀ဖြင့်အနိုင်ရထားပြီး ပရီမီယာလိဂ်တွင် မန်စီးတီးသည် အဆင့်နှစ်တွင် ရပ်တည်နေသည်။ ဝက်စ်ဟမ်းမှာ တန်းဆင်းဇုန်အဆင့် ၁၈ တွင် ရှိနေပြီး ပထမကျော့ရလဒ်ဆိုးတွေကြောင့် ဒုတိယကျော့ အိမ်ကွင်းမှာ မန်စီးတီးကို ဂိုးပြတ်ပြန်ချေပဖို့ မဖြစ်နိုင်တော့ပါဘူး။ ပရီမီယာလိဂ်တွင်လည်း တန်းဆင်းဇုန်မှာ ရုန်းကန်နေရလို့ ကက်ပီတယ်ဝမ်းကို အာရုံစိုက်မှာ မဟုတ်တော့ပါဘူး။ မန်စီးတီးက ပထမကျော့ရလဒ်ကောင်းကြောင့် ဒီပွဲမှာ အရန်လူတွေနဲ့သာ ကစားလောက်ပြီး အနာခံမှာမဟုတ်ပါဘူး။ ပရီမီယာလိဂ် နောက်ပွဲများတွင် မန်စီးတီးအသင်း ပွဲကျပ်နေပြီး စပါးနဲ့ ချယ်လ်ဆီးအသင်း ကြီးနှစ်သင်းနဲ့ ဆက်တိုက်ကန်ရမှာဖြစ်လို့ ဒီပွဲကို ထိန်းကစားမှာပါ။

မင်္ဂလာဆည်ခံပွဲ ကျေးဇူးတင်လွှာ

စစ်တွေမြို့နေ (ဦးသိန်းမောင်)-ဒေါ်ဦးလှခင်တို့၏တစ်ဦးတည်းသောသား

ဗိုလ်မှူးဝင်းနိုင် B.Sc (DSA)

တပ်မတော်(လေ)

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးလှဌေး(ငြိမ်း) အမှုဆောင်ဒါရိုက်တာ MGW Holding Ltd., - ဒေါ်ခင်လေးမြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန)တို့၏ သမီးငယ်

မနေခြည်သာ

B.A (Southeast Asia & Pacific Studies)
BBA,MBA (Yangon Institute of Economics)
Marketing Manager,Air Bagan Ltd.,

တို့၏ ၁၂-၁-၂၀၁၄ ရက်တွင် ရန်ကုန်မြို့ Sedona Hotel(Grand Ball Room) ၌ ကျင်းပသော မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော နိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ ဗိုလ်ချုပ်ကြီး(ငြိမ်း) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ မင်္ဂလာပန်းကုံးများချီးမြှင့်ပေးပါသော ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်၊ မင်္ဂလာလက်စွပ်များဆင်မြန်းပေးပါသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ(ငြိမ်း) ဦးသန်းညိန်းနှင့် ဇနီး ဒေါ်ခင်သွယ်သွယ်မြင့်တို့အားလည်းကောင်း၊ မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေး တေးသံရှင် ဒေါ်ရီရီသန့်နှင့် ရန်ပိုင်စိုးတေးဂီတအဖွဲ့အား လည်းကောင်း၊ မင်္ဂလာပန်းများကြဲဖျန်းပေးပါသော မရွှေရည်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးသော မဖြိုးပြည့်စုံဝင်း၊ မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးသော မခိုင်လဲ့ဇော်၊ သတို့သားအရံ ဗိုလ်မှူးကျော်ကျော်ထွန်းနှင့် ဗိုလ်မှူးဌေးမြင့်ဇော်၊ သတို့သမီးအရံ မသက်မွန်အေးနှင့် မချိုဇဝင်း၊ မင်္ဂလာဝတ်စုံ သီဂီရွှေဝါပိုးထည်တိုက်နှင့် ဒီဇိုင်နာပြည်စိုးအောင်၊ မိတ်ကပ်နှင့်ဆံပင်အလှ ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှပြင် မစန်းစန်းဦး၊ မင်္ဂလာဖိတ်စာ ဆောင်ရွက်ပေးပါသော 7 Colour Printing အားလည်းကောင်း၊ မှတ်တမ်းတင် ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးသော 7 Picture Photo Studio အားလည်းကောင်း၊ DSA 15th Intake ကျောင်းဆင်းအရာရှိများနှင့် ဇနီးများ၊ မင်္ဂလာဆည်ခံပွဲ အခမ်းအနားသို့ လူကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ အကျွေးအမွေးများ စီစဉ်ဆောင်ရွက်ပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာဆည်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးသော သူငယ်ချင်းများနှင့် မိတ်ဆွေများအားလည်းကောင်း၊ ၅-၁-၂၀၁၄ ရက်တွင် Sedona Hotel (Inya Room) ၌ ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာ လက်မှတ်ရေးထိုးပွဲအား ကြီးကြပ်ဦးဆောင်ကျင်းပပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် ဇနီး ဒေါ်နန်းနှင်းဆီအားလည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်မှူးစိုးအောင်ကျော်(ငြိမ်း)နှင့် ဗိုလ်မှူးအေးဟိန်း(ငြိမ်း)တို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဗိုလ်မှူးဝင်းနိုင်-မနေခြည်သာ

လူပျောက်

ကျွန်တော်၏ဇနီး မစုစုလွင်(ဘ)ဦးခင်မောင်မြင့် ၉/မထလ(နိုင်)၁၈၉၅၁၅ သည် ၁၃-၁-၂၀၁၄ရက်တွင် နေအိမ်မှ ထွက်ခွာသွားပြီး ပြန်မရောက်လာပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်းနှင့် သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။

ခင်ပွန်း -ဦးဇော်ဇော်အောင်
၁၂/စခန(နိုင်)၀၅၂၄၇၉
ဖုန်း-၀၉-၄၂၀၁၆၉၈၈၈

၂၀၁၄ ခုနှစ် နှစ်သစ်အထူးအခွင့်အရေး (အရင်းအနှီးမလို၊ နေရာရှိရုံမျှဖြင့် လုပ်ငန်းရှင်ဖြစ်နိုင်ပြီ)

၁။ အမြို့မြို့အနယ်နယ်မှ စိတ်ပါဝင်စားသူများအား ဖြန့်ဖြူးရေးကိုယ်စားလှယ်ခွဲများအဖြစ် လုပ်ဆောင်နိုင်ရန် ဖိတ်ခေါ်လိုပါသည်။

၂။ မိမိတို့ ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်က မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးပြီး လူမျိုးမရွေး၊ ဘာသာမရွေး စားသောက်သုံးစွဲနိုင်သော ပြည်ပမှ မှာယူတင်သွင်းသည့် အဆင့်မြင့်စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများစသည့် ပစ္စည်းအမျိုးပေါင်း ၁၃၀ကျော်ကို အမြို့မြို့အနယ်နယ်တွင် ဖြန့်ဖြူးပေးမည့် ကိုယ်စားလှယ်များအလိုရှိပါသည်။

၃။ ဖြန့်ဖြူးရေးကိုယ်စားလှယ်ခွဲများအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ကုန်ပစ္စည်းတစ်ခုခုကို ဖြန့်ဖြူးရောင်းချဖူးသော လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ပါက ဦးစားပေးပါမည်။ သို့မဟုတ် မိမိရပ်ရွာဒေသအတွင်း ကုန်ပစ္စည်းလိုက်လံဖြန့်ဖြူးရောင်းချသော လုပ်ငန်းကို စိတ်အားထက်သန်သူဖြစ်ရပါမည်။

၄။ စိတ်ပါဝင်စားသူများအနေဖြင့် ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၊ ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်၍ မိမိ၏ အခြေအနေနှင့် ဖြန့်ဖြူးမည့် နည်းလမ်းများကို အသေးစိတ်တွေ့ဆုံဆွေးနွေးညှိနှိုင်းနိုင်ပါသည်။

ဆက်သွယ်ရန် ။	ဒုတိယမန်နေဂျင်းဒါရိုက်တာ	ဖုန်း-၀၁-၆၅၇၈၃၄၊
	လက်ထောက်အထွေထွေမန်နေဂျာ	ဖုန်း-၀၉-၈၃၀၂၂၁၇
	လက်ထောက်အထွေထွေမန်နေဂျာ	ဖုန်း-၀၉-၄၅၀၉၉၃၀၁၀
	ဖြန့်ဖြူးရေးဌာနကြီးမန်နေဂျာများ	ဖုန်း-၆၅၇၃၁၁၊ ၆၅၇၃၁၂၊ ၆၅၇၃၂၂၊ ၆၅၇၃၁၄-၁၉ Ext: ၃၇၈/၃၇၉

ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ဘောဂဗေဒ

မင်္ဂလာပါတပည့်တို့။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြု သင်ခန်းစာများကို အပိုင်း(၂)ပိုင်းခွဲ၍ ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို တင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို အမှတ်ပြည့်ရရှိအောင် ဖြေဆိုနိုင်မည့် ဖြေဆိုပုံ ဖြေဆိုနည်းများ၊ သတိပြုရမည့် အချက်များကို ရှင်းလင်းတင်ပြပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာကို အပိုင်း(က) နှင့် အပိုင်း(ခ) ဟူ၍ (၂) ပိုင်းခွဲခြား မေးလေ့ရှိသည်။ အပိုင်း(က)တွင် မေးခွန်းနံပါတ် (၁) နှင့် (၂) မဖြေမနေရ ဖြေဆိုရမည့် မေးခွန်း (၂)ပုဒ်ပါရှိပါသည်။

မေးခွန်းနံပါတ် (၁) တွင် (က)၊ (ခ)နှင့် (ဂ) ဟူ၍ (၃)ပိုင်း ထပ်ခွဲထားပါသည်။ ၁။(က) တွင် ဖော်ပြချက် (၁၀) ခုကို မှား/မှန် ဖြေဆိုရန် ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ၊ သီအိုရီများကို ကျေညက်ပြီး နားလည်သဘောပေါက်မှုကို ဆန်းစစ်သောမေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်မှု ရှိမှသာ ဖြေဆိုနိုင်မည်ဖြစ်သည်။ ဖြေဆိုရာတွင်လည်း မှား (သို့) မှန် တစ်မျိုးကိုသာ သိသာစွာ ရေးပေးရန်ဖြစ်သည်။ ဖော်ပြချက် (၁) ခု လျှင် ရမှတ် (၁)မှတ် ဖြစ်ပြီး မတိကျသော ၊ မရှင်းလင်းသော အဖြေအတွက် အမှတ်မရရှိနိုင်ပါ။ မေးခွန်းနံပါတ် ၁။(ခ) တွင် ဖော်ပြချက် (၅) ခုကို အပြည့်အစုံ မဖော်ပြဘဲ လိုအပ်သော အဖြေကို ကွက်လပ်ဖြည့်ရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေကိုသာ နံပါတ်တပ်၍ တိကျစွာဖြေဆိုရန်ဖြစ်သည်။ ၁။(ဂ) တွင် ဖော်ပြချက် (၅) ခုကို အဖြေ (၃)မျိုး ပေးထားပြီး အဖြေမှန်ကို ရွေးချယ်ရန်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေမှန်ကို ပေးထားသည့် (က)၊ (ခ) နှင့် (ဂ) ထဲကမှ ရွေးချယ်ထားသည့်နံပါတ်ကိုသာ ရေးပေးရန် ဖြစ်သည်။

မေးခွန်းနံပါတ် (၂) တွင် ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သည့် အခန်းအားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာ အခန်း(၁) ခန်းစီမှ (၃) ခုစီနှင့် အခန်း(၆) ခန်းအတွက် (၁၈) ခု မေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ (၁၀) ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိကျမှန်ကန်ပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ အဖြေသည် တိကျမှန်ကန်မှုရှိရန်လိုအပ်ပါသည်။ မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်းမရှိကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန် လိုပါသည်။

ဥပမာ - 'အစားထိုးကုန်စည်' မေးထားခြင်းကို ကုန်စည်တစ်ခုသည် အခြားကုန်စည်တစ်ခုနှင့် တူညီသော အာနိသင်ရှိပြီး တစ်ခု၏နေရာတွင် အခြားတစ်ခုကို အစားထိုးအသုံးပြုနိုင်ပါက 'အစားထိုးကုန်စည်များ' ဟုခေါ်သည်။ ဟု ဖြေဆိုရမည့်အစား အဓိကသွင်းအားစု တူညီသော ကုန်စည်များဖြစ်ပြီး သွင်းအားစုပမာဏ ကန့်သတ်ချက်ဘောင်အတွင်း တစ်မျိုးကိုတိုး၍ ထုတ်လုပ်ပါက တစ်မျိုးကို လျှော့ထုတ်လုပ်ရသော ကုန်စည်ကို 'အစားထိုးထုတ်ကုန်' ဟု ခေါ်သည်။ ဟူ၍ ဖြေဆိုခြင်းသည် မှားယွင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သည်။

ထို့အတူ 'တွဲဖက်ကုန်စည်' မေးထားခြင်းကို ကုန်စည်တစ်ခုကို ရယူသုံးစွဲနိုင်ခြင်းကြောင့် အခြားကုန်စည်တစ်ခု၏ အသုံးဝင်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေပါက ယင်းတို့ကို 'တွဲဖက်ကုန်စည်များ' ဟုခေါ်သည်။ ဟု ဖြေဆိုရမည့်အစား ကုန်စည်တစ်မျိုးကို ထုတ်လုပ်ခြင်းဖြင့် အခြားကုန်စည်တစ်မျိုးပါ ပူးတွဲထွက်လာတတ်သော ကုန်စည်မျိုးဖြစ်သည်ဟု 'တွဲဖက်ထုတ်ကုန်'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝမရနိုင်ပါ။ သို့ဖြစ်ပါ၍ သေချာပိုင်နိုင်စွာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။

အပိုင်း(က) တွင် မေးထားသော မေးခွန်းများအတွက် စုစုပေါင်းရရှိနိုင်သည့် အမှတ်မှာ (၄၀) မှတ်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁) နှင့် (၂)ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ်(၄၀) အပြည့်ရရှိနိုင်ပါသည်။

မေးခွန်းလွှာ၏ အပိုင်း (ခ) တွင် စုစုပေါင်းမေးခွန်း (၄) ပုဒ် မေးထားပြီး ထို (၄) ပုဒ်ထဲမှ နှစ်သက်ရာ (၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း (၄) ပုဒ်အနက် မေးခွန်းနံပါတ် (၃)၊ (၄) နှင့် (၅) တို့မှာ မေးခွန်းပုံစံ ဆင်တူပါသည်။ မေးခွန်းခွဲ (က) တွင် အမှတ် (၂၀) ပေးသည့် မေးခွန်းရှည် (၁)ပုဒ်ကို မေးထားပြီး (ခ) တွင် (၁၀) မှတ်ပေးသည့် မှတ်စုတို (၄)ပုဒ် ပေးထားပါသည်။ (က) နှင့် (ခ) ထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ တစ်ဖန် မေးခွန်းခွဲ (ခ) ကို ရွေးချယ်ပါက ပေးထားသည့် မှတ်စုတို (၄) ပုဒ်အနက် နှစ်သက်ရာ (၂) ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ဆိုလိုသည်မှာ မေးခွန်းခွဲ (က) နှင့် မေးခွန်းခွဲ (ခ) (၂) ခုထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပြီး မေးခွန်းခွဲ (က) ကို ဖြေဆိုပါက မေးခွန်းခွဲ (ခ) ကိုဖြေဆိုရန်မလိုသကဲ့သို့ မေးခွန်းခွဲ (ခ) ကိုဖြေဆိုပါက မေးခွန်းခွဲ (က) ကိုဖြေဆိုရန်မလိုပါ။ မေးခွန်း(၁)ပုဒ်လုံးအတွက် ရရှိနိုင်သည့် ရမှတ်မှာ (၂၀) မှတ်ဖြစ်သည်။

မေးခွန်းနံပါတ် (၆) မှာ တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းဖြစ်သည်။ ပေးထားသော စာရင်းအင်းကိန်းဂဏန်းများကို အသုံးပြုပြီး တွက်ချက်ခြင်း၊ မျဉ်းကွေးများနှင့် ပုံများရေးဆွဲခြင်း၊ သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သော ဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းခွဲ (က)၊ (ခ)နှင့် (ဂ) မှ နှစ်သက်ရာ (၂)ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ ယင်းမေးခွန်းအတွက် ရမှတ်မှာလည်း (၂၀) မှတ်ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ခြုံငုံကြည့်ပါက မေးခွန်းအမျိုးအစား (၅) မျိုးပါဝင်သည့် မေးခွန်း (၆)ပုဒ်ပေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား (၅) မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတို မေးခွန်း၊ (၄) မေးခွန်းရှည်မေးခွန်းနှင့် (၅) တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းတို့ ဖြစ်သည်။ ယင်းတို့အနက် အပိုင်း(က)မှ မေးခွန်းနံပါတ် (၁) နှင့် (၂) မဖြေမနေရ ဖြေဆိုရမည့် မေးခွန်း (၂)ပုဒ်အပြင် အပိုင်း(ခ)မှ နှစ်သက်ရာ မေးခွန်း (၃)ပုဒ်၊ စုစုပေါင်း မေးခွန်း (၅) ပုဒ်ကို ဖြေဆိုရမည် ဖြစ်သည်။

ဖြေဆိုပုံဖြေဆိုနည်း

မေးထားသော မေးခွန်း (၆)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံ ဖြေဆိုနည်းကို မေးခွန်း(၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

မေးခွန်း (၁-က) ၌မေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော ဖော်ပြချက်က မှား (သို့) မှန် ဖြစ်သည်ကို ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ဖြေရန်မလိုဘဲ ကျောင်းသားက ရွေးချယ်ထားသော အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ - 'မည်သည့် စီးပွားရေးစနစ်တွင်မဆို ကုန်ထုတ်အင်အားစုများကို အကန့်အသတ်ဖြင့်သာ ရရှိနိုင်သည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှန်က 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းစာသားပြန်ရေးရန်မလိုပါ။ ဖြေဆိုရာတွင်လည်း မှား/မှန် တိကျပြတ်သားရန်လိုပါသည်။ စာစစ်သူ ဖတ်၍မရသော မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ဖော်ပြချက် (၁၀) ခုအတွက် (၁) ခုလျှင် (၁) မှတ်ဖြင့် စုစုပေါင်းရမှတ် (၁၀) မှတ်ဖြစ်သည်။

မေးခွန်း (၁-ခ) ၌မေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော စာကြောင်းတွင် လိုအပ်သည့်ကွက်လပ်ကို အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ စာကြောင်း ပြန်ဖြေရန်မလိုဘဲ ဖြည့်စွက်ရမည့် အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ- 'ပညာရေး၊ ကျန်းမာရေးစသော ဒြပ်မဲ့များသည် --------- ဖြစ်သည်။' ဟူသော မေးခွန်းအတွက် အဖြေမှန်မှာ 'ဝန်ဆောင်မှုများ' ဖြစ်ရာ ယင်းအဖြေကိုသာ ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် ဝေါဟာရများကို အဓိကမေးလေ့ရှိပြီး တိကျသောအဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန် လိုပါသည်။ စာကြောင်း (၅) ခုအတွက် (၁) ခုလျှင် (၁) မှတ်ဖြင့် စုစုပေါင်းရမှတ် (၅) မှတ်ဖြစ်သည်။

မေးခွန်း (၁-ဂ) ၌မေးခွန်းတွင် မေးထားသောစာကြောင်းတွင် အဖြေကို (က)(ခ)(ဂ) (၃)မျိုး ပေးထားပြီး ယင်းထဲမှ အဖြေမှန်(၁) ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်လည်ရေးရန် မလိုပါ။ ဥပမာ- 'တစ်ဦးချင်းဝယ်လိုအားကို ပြဋ္ဌာန်းသော အချက်မှာ (က) ၄ ချက် (ခ) ၅ ချက် (ဂ) ၆ ချက် ရှိသည်။' ဟူသော မေးခွန်း၏ အဖြေမှန်မှာ (က) ဖြစ်သဖြင့် မေးခွန်း (၁-ဂ) (၁) (က) ဟု ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း (၅) ခုအတွက် (၁) ခုလျှင် (၁) မှတ်ဖြင့် စုစုပေါင်းရမှတ် (၅) မှတ်ဖြစ်သည်။

မေးခွန်းအပိုင်း (က) နံပါတ် (၁) မေးခွန်းသည် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေသည့် ဒသမတန်းဘောဂဗေဒဖတ်စာအုပ်တွင် သင်ခန်းစာအခန်းတိုင်း၏ အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန် ထည့်သွင်းထားသဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကြိုတင်လေ့လာနိုင်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မေးခွန်းနံပါတ် (၃)၊ (၄)နှင့် (၅) တို့၏ မေးခွန်းပုံစံမှာ ဆင်တူ ပါသည်။ (က) တွင် အမှတ် (၂၀) မေးခွန်းရှည်ကို မေးထားပြီး (သို့မဟုတ်) ခံကာ (ခ) တွင် မှတ်စုတို (၄) ခု မေးထား၍ နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမည်ဖြစ်ပါသည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့်စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၆) ခန်းစလုံးကို ပေါင်းစပ်ရောနှောပြီး မေးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးအားလုံးကို နှံ့စပ်စွာ ကျေညက်အောင်ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။

ဖြေဆိုရာတွင်လည်း မှတ်စုတိုဖြစ်စေ၊ မေးခွန်းရှည်ကို ဖြေသည်ဖြစ်စေ မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ကို ဦးစွာ ဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာ ရှင်းလင်းချက်များကို ဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက စစ်ဆေးသူ ရှင်းလင်းပြတ်သားစွာ စစ်ဆေးနိုင်ရန် မေးထားသည့် အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁) ချက်ချင်းစီကို အသေးစိတ်ထပ်မံဖြေဆိုသင့်ပါသည်။ ဥပမာ-ဝယ်လိုအားအလျော့အတင်းကို ပြဋ္ဌာန်းထားသော အချက်များကို မေးပါက အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာဖြေဆိုပြီး ပြဋ္ဌာန်းသောအချက် (၃) ချက်ကို ဖော်ပြပေးရပါမည်။ ထို့နောက် အချက်(၁)ချက်ချင်းစီကို ရှင်းပြရပါမည်။

(၂၀)မှတ်တန် မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုမည်ဆိုပါကလည်း အထက်ပါဖြေဆိုချက်အတိုင်း ဖြေဆိုသင့်ပါသည်။ ဥပမာ 'ပြည်သူ့အသုံးစရိတ်၏ သဘောသဘာဝနှင့် အမျိုးအစားများကို ရှင်းလင်းဖြေဆိုပါ' ဟူသော မေးခွန်းကို ဖြေဆိုရာတွင် ဦးစွာ ပြည်သူ့အသုံးစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုကာ ပြည်သူ့အသုံးစရိတ်၏ သဘောသဘာဝနှင့် အမျိုးအစား (၅)မျိုးကို ဆက်လက်ဖော်ပြပြီး (၁)ခုချင်းစီကို ရှင်းပြရပါမည်။

မေးခွန်းနံပါတ်(၆)သည် တွက်ချက်မှုနှင့် ဉာဏ်စမ်းပုစ္ဆာကို (က)(ခ)(ဂ) ခွဲ၍ (၁၀) မှတ်စီမေးထားပြီး နှစ်သက်ရာ(၂) ခုကို ဖြေဆိုရမည်ဖြစ်သည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက်များယွင်းပါကလည်း အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့် ပတ်သက်၍ အထူး အလေးပေးရှင်းလင်းလိုပါသည်။

(၁) မေးခွန်းတွင်ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီး မျဉ်းကွေးများ၊ ပုံများရေးဆွဲခြင်းဖြစ်ပါက ပေးထားသည့် ကိန်းဂဏန်းပေါ် မူတည်၍ စကေးချပြီး မျဉ်းကွေးကို တိကျစွာရေးဆွဲရမည်ဖြစ်ပါသည်။ ဥပမာ 'အားမျှခြေဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသော မေးခွန်းတွင် မေးခွန်းပါ ကိန်းဂဏန်းကို လေ့လာ၍ သင့်လျော်သော စကေးကို ဦးစွာချပြီး ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို မျဉ်းဖြင့် ဆက်လိုက်ခြင်းအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများကို ရရှိပါမည်။ ၎င်းသို့ရေးဆွဲရာတွင် ပေတံဖြင့် မျဉ်းဖြောင့်အတိုင်းမဆက်ရဘဲ လက်ဖြင့် ပြေပြစ်သော မျဉ်းကွေးအဖြစ် ဆက်ရန် လိုပါသည်။ 'အားမျှခြေ'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထည့်သွင်းဖြေဆိုသင့်သည်။ တစ်ဖန် 'ထုတ်လုပ်နိုင်မှုအခြေပြဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသော မေးခွန်းတွင် ဦးစွာထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပြီး မေးခွန်းပါ ကိန်းဂဏန်းများကို အခြေခံ၍ သင့်လျော်သော စကေးကိုချကာ ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို မျဉ်းဖြင့် ဆက်လိုက်ခြင်းအားဖြင့် ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးကို ရရှိပါမည်။ အခွင့်အလမ်းစရိတ် တွက်ချက်မှုတွင် အခွင့်အလမ်းစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက် တွက်ချက်ရမည့် ပုံသေနည်းကို ဖြေဆိုပြီး မေးခွန်းတွင်မေးထားသည့် အမှတ် (၂)ခုအတွက် အခွင့်အလမ်းစရိတ်ကို တွက်ချက်ပေးရပါမည်။

(၂) အားမျှခြေတွင် အခြားမေးနိုင်သော မေးခွန်းအမျိုးအစားတစ်ခုမှာ ကုန်စည်တစ်ခု၏ ဈေးကွက်အားမျှခြေ အခြေအနေတွင် အကြောင်းတစ်စုံတစ်ရာကြောင့် ဝယ်လိုအားဘက်မှဖြစ်စေ၊ ရောင်းလိုအားဘက်မှဖြစ်စေ ပြောင်းလဲမှုဖြစ်ပေါ်ခြင်းသည် မူလအားမျှခြေကို မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို ဖြေဆိုရန်ဖြစ်သည်။ (၁၀) မှတ်အတွက် ပုံ (၂) ပုံကို မေးလေ့ရှိပါသည်။

ဥပမာ - အားကစားလှုပ်ရှားမှုများလာခြင်းနှင့် အားကစားဝတ်စုံဈေးကွက် ဟူသော မေးခွန်းကို ဖြေဆိုရာတွင်

- ပထမဦးစွာ အားမျှဈေးနှုန်းနှင့် အားမျှအရေအတွက်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ဖြေဆိုရန်၊
- ယင်းဖြစ်ရပ်ကြောင့်အားကစားဝတ်စုံဈေးကွက်ပေါ် အကျိုးသက်ရောက်ပုံကို ပုံဖြင့်ရှင်းပြရန်

စာမျက်နှာ (၁၆) သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ (၁၅) မှ



- ရှင်းလင်းချက်ကို ဖြေဆိုရာတွင် ဦးစွာ မူလအားမျှခြေအနေအထားကို အားမျှခြေအမှတ်၊ အားမျှဈေးနှုန်း နှင့် အားမျှအရေအတွက်တို့ ရှင်းပြရန်
- အားကစားလုပ်ရှားမှုများလာခြင်းသည် အားကစားဝတ်စုံ၏ ဝယ်လိုအားကို တိုးစေသဖြင့် ဝယ်လိုအား မျဉ်းကွေး လက်ယာဘက်သို့ ရွှေ့လျားသွားကြောင်း၊ ထို့ကြောင့် အားမျှခြေအမှတ်၊ အားမျှဈေးနှုန်းနှင့် အားမျှအရေအတွက်တို့ ပြောင်းရွှေ့သွားကြောင်းကို ရှင်းပြရန်
- သုံးသပ်ချက်အနေဖြင့် အားမျှဈေးနှုန်းနှင့် အားမျှအရေအတွက်တို့ မူလကထက် တိုးသွားကြောင်းရှင်းပြရန် ဖြစ်သည်။

(၃) ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီးတွက်ချက်စေသော မေးခွန်းတွင်မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက်မှ တွက်ချက်မှုကိုပြုလုပ်သင့်ပါမည်။ ဥပမာ - အလျော့အတင်းဆိုင်ရာ မေးခွန်း ဆိုပါစို့။ အလျော့အတင်းဆိုင်ရာ တွက်ချက်မှုတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ ဝင်ငွေအလျော့အတင်း၊ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအား အလျော့အတင်း ဟူ၍ (၄) မျိုး မေးနိုင်ပါသည်။ ယင်းမေးခွန်းကို ဖြေဆိုပါက ဦးစွာမေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ဖြေရပါမည်။ ထို့နောက် ပုံသေနည်းကို ဖြေပါမည်။ ထို့နောက် ပေးထားသော ကိန်းဂဏန်းကို အစားသွင်း၍ အဖြေရရှိသည်အထိ တွက်ချက်ရန်ဖြစ်သည်။ နောက်ဆုံးတွင် ရရှိလာသော အဖြေကို သုံးသပ်ရမည်ဖြစ်သည်။ သုံးသပ်ရာတွင် အလျော့အတင်းတန်ဖိုးသည် (+) သို့ (-) ထွက်ရှိခြင်း၊ (>1, <1, =1, =0) ထွက်ရှိခြင်းများအတွက် သဘောတရားများကို အခြေခံ၍ သုံးသပ်သွားရန်ဖြစ်သည်။ ဥပမာ - အလျော့အတင်းပုစ္ဆာ(၁)ခု ဆိုပါစို့။ မောင်ကျ၏ ဝင်ငွေသည် တစ်လလျှင် ကျပ် ၅၀၀၀၀ မှ ကျပ် ၇၅၀၀၀ သို့ တိုးလာသောအခါ မောင်ကျ၏ တစ်လအတွင်း ဆန်ဝယ်လိုအားမှာ (၂) ပြည်မှ (၄) ပြည်သို့ တိုးလာပါက မောင်ကျ၏ ဝယ်လိုအားပေါ် ဝင်ငွေအလျော့အတင်းကို တွက်ချက်သုံးသပ်ပြပါ။ ဟူသော မေးခွန်းကို အောက်ပါအတိုင်း ဖြေဆိုရန်ဖြစ်သည်။

- ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းအဓိပ္ပာယ်ကို ဖြေဆိုရန်
- ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းပုံသေနည်းကို ဖြေဆိုရန်
- တွက်ချက်ရန်(၂)မျိုး တွက်ချက်နိုင်သည်။ (၁) ပုံသေနည်းတွင် တိုက်ရိုက်အစားသွင်း တွက်ချက်ခြင်းနှင့် (၂) အဆင့်လိုက်တွက်ချက်ခြင်း

(၁) ပုံသေနည်းတွင် တိုက်ရိုက်အစားသွင်း တွက်ချက်ခြင်းအရတွက်ချက်ပါက

$$Em = \frac{\Delta Q}{\Delta M}\cdot\frac{M}{Q} = \frac{4-2}{75000-50000}\times\frac{50000}{2} = \frac{2}{25000}\times\frac{50000}{2} = 2$$

(၂) အဆင့်လိုက်တွက်ချက်ခြင်းအရ တွက်ချက်ပါက

$$\text{ဝင်ငွေပြောင်းလဲမှု \%} = \frac{\Delta M}{M} = \frac{75000-50000}{50000}\times 100 = 50\%$$

$$\text{အရေအတွက်ပြောင်းလဲမှု \%} = \frac{\Delta Q}{Q} = \frac{4-2}{2}\times 100 = 100\%$$

$$\therefore Em = \frac{\text{အရေအတွက်ပြောင်းလဲမှု\%}}{\text{ဝင်ငွေပြောင်းလဲမှု\%}} = \frac{100}{50} = 2$$

ယင်းအဖြေပေါ် မူတည်၍ သုံးသပ်ရာတွင် -

(က) ဝင်ငွေ (၁) %တိုးလာပါက ဆန်ဝယ်ယူသည့် အရေအတွက် (၂) % တိုးသွားသည်ကို ဖော်ပြသည်။

(ခ) အလျော့အတင်းတန်ဖိုးသည် (+) ကိန်းဖြစ်သောကြောင့် ဝင်ငွေတိုးခြင်းသည် ဝယ်လိုအား အရေအတွက်ကို တိုးစေသောကြောင့် လေ့လာနေသော ကုန်စည်သည် သာမန်ကုန်စည်ဖြစ်သည်။ ဟူ၍ ဖြေဆိုရန်ဖြစ်သည်။

အလျော့အတင်းနှင့် ပတ်သက်၍ မေးခွန်းမေးရာတွင် အထက်တွင်ဖော်ပြထားသည့်အတိုင်း စာကြောင်းဖြင့် မေးခွန်းမျိုးနှင့်မေးနိုင်သလို မေးခွန်းပါအချက်အလက်များကို ဇယားပုံစံဖြင့်လည်း မေးနိုင်ပါသည်။

(၄) တိုင်းပြည်ဝင်ငွေ တွက်ချက်နည်းဆိုင်ရာ မေးခွန်းများအတွက် တိုင်းပြည်ဝင်ငွေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပုစ္ဆာတွင်မေးထားသည့်တွက်ချက်နည်း (ကုန်ထွက်၊ ဝင်ငွေ၊ အသုံးစရိတ်) တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ထည့်သွင်းဖြေဆိုရန်လိုပါသည်။ ထို့နောက် တွက်ချက်မှုကို ဆက်လက်ဖြေဆိုရန်ဖြစ်သည်။ ဝင်ငွေနည်း၊ အသုံးစရိတ်နည်းနှင့် ကုန်ထွက်နည်း (၃) မျိုးစလုံးတွင် တစ်မျိုးမျိုးဖြင့် တွက်ချက်စေလေ့ရှိပါသည်။ များသောအားဖြင့် GDP, GNP, NNP နှင့် တစ်ဦးကျဝင်ငွေအထိ မေးလေ့ရှိသည်။ သတိပြုရန်အချက်မှာ ပေးထားသော ကိန်းဂဏန်းများ၏ ယူနစ်ကိုပြန်သုံးရန်ဖြစ်သည်။ ပေးထားသည့် တန်ဖိုးမှာ ကျပ်သိန်းပေါင်းဆိုပါက ဖြေဆိုရာတွင် ကျပ်သိန်းပေါင်း၊ ကျပ်သန်းပေါင်းဆိုပါက ကျပ်သန်းပေါင်းဖြင့် တွက်ချက်ဖော်ပြရမည် ဖြစ်သည်။

(၅) စားသုံးသူဈေးဆနှုန်းကိန်း တွက်ချက်ရန်မေးခွန်းတွင် အချိန်ကာလ(၁)နှင့် အချိန်ကာလ (၂)အတွင်း ကုန်စည် အုပ်စု (၃) မျိုး၏ဈေးနှုန်းနှင့် ဝယ်ယူသော အရေအတွက်တို့ကိုပေးထားပြီး ယင်းအချိန်ကာလ (၁)ခုခြင်းစီ၏ ဈေးဆနှုန်းကိန်းကိုတွက်ချက်ကာ ထိုမှတစ်ဆင့် ဈေးဆနှုန်းကိန်း ပြောင်းလဲမှု% ကိုတွက်ချက်ရန် ဖြစ်သည်။

ဥပမာ - အောက်ပါဇယားတွင် ကုန်စည် (၃) မျိုး၏ ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်။ ၂၀၁၃ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်။

ကုန်စည်	ဝယ်ယူသည့်အရေအတွက် (ယူနစ်)	ဈေးနှုန်း(ကျပ်) ၂၀၁၃ ခုနှစ်	ဈေးနှုန်း(ကျပ်) ၂၀၁၄ ခုနှစ်
A	၄	၁၅၀	၂၀၀
B	၂	၃၀၀	၄၅၀
C	၃	၄၀၀	၅၀၀

၁။ သက်ဆိုင်ရာနှစ်များ၏ CPI ကို တွက်ချက်ပါ။

၂။ ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ငွေဖောင်းပွမှုနှုန်းကို တွက်ချက်သုံးသပ်ပြပါ။

ဟူသော မေးခွန်းကို ဖြေဆိုရာတွင်

- ပထမဦးစွာ CPI (စားသုံးသူဈေးဆနှုန်းကိန်း) ၏အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ဖြေဆိုရန်၊
- တွက်ချက်ရာတွင်

ကုန်စည်	ဝယ်ယူသည့် အရေအတွက် (ယူနစ်)	ဈေးနှုန်း(ကျပ်) ၂၀၁၃ ခုနှစ်	ဈေးနှုန်း(ကျပ်) ၂၀၁၄ ခုနှစ်	ဈေးနှုန်းပြောင်းလဲသည့် ရာခိုင်နှုန်း
A	၄	၁၅၀	၂၀၀	၃၃. ၃
B	၂	၃၀၀	၄၅၀	၅၀
C	၃	၄၀၀	၅၀၀	၂၅

စားသုံးကုန်စည်အုပ်စု = ကုန်စည် A (၄)ယူနစ်+ကုန်စည် B (၂)ယူနစ်+ကုန်စည် C (၃)ယူနစ်

၂၀၁၃ခုနှစ်၏စားသုံးကုန်စည်အုပ်စုတန်ဖိုး = (၄×၁၅၀)+(၂×၃၀၀)+(၃×၄၀၀) = ကျပ် ၂၄၀၀

၂၀၁၄ခုနှစ်၏စားသုံးကုန်စည်အုပ်စုတန်ဖိုး = (၄×၂၀၀)+(၂×၄၅၀)+(၃×၅၀၀) = ကျပ် ၃၂၀၀

$$\text{၂၀၁၃ခုနှစ်၏ စားသုံးသူဈေးဆနှုန်းကိန်း} = \frac{\text{၂၀၁၃ခုနှစ်၏ စားသုံးကုန်စည်အုပ်စုတန်ဖိုး}}{\text{၂၀၁၃ခုနှစ်၏ စားသုံးကုန်စည်အုပ်စုတန်ဖိုး}}\times ၁၀၀$$

= (၂၄၀၀/ ၂၄၀၀) × ၁၀၀ = ၁၀၀

$$\text{၂၀၁၄ခုနှစ်၏ စားသုံးသူဈေးဆနှုန်းကိန်း} = \frac{\text{၂၀၁၄ခုနှစ်၏ စားသုံးကုန်စည်အုပ်စုတန်ဖိုး}}{\text{အခြေခံနှစ်၏ စားသုံးကုန်စည်အုပ်စုတန်ဖိုး}}\times ၁၀၀$$

= (၃၂၀၀/ ၂၄၀၀) × ၁၀၀ = ၁၃၃. ၃

$$\text{အချိန်ကာလနှစ်ခုအတွင်းဈေးဆနှုန်းကိန်း ပြောင်းလဲသည့် ရာခိုင်နှုန်း} = \frac{\text{၂၀၁၄ခုနှစ်၏ CPI} - \text{၂၀၁၃ခုနှစ်၏ CPI}}{\text{၂၀၁၃ခုနှစ်၏ CPI}}\times ၁၀၀$$

(ငွေဖောင်းပွမှုနှုန်း) = (၁၃၃. ၃ - ၁၀၀)/၁၀၀×၁၀၀ = ၃၃. ၃ %

စားသုံးကုန်စည်တို့၏ ဈေးနှုန်းအဆင့်သည် ၂၀၁၄ ခုနှစ်တွင် ၃၃. ၃%မြင့်တက်လာသည်။ ဟု ဖြေဆိုရပါမည်။

(၆) ငွေကြေးအရေအတွက်သီအိုရီမေးခွန်းတွင် ငွေကြေးပမာဏ၊ ဈေးနှုန်းနှင့် ကုန်စည်အရေအတွက်တို့ကို ပေးထားပြီး ငွေကြေးလည်ပတ်မှုအရှိန်ကို ရှာရန်မေးလေ့ရှိပါသည်။ ပထမဦးစွာ ငွေကြေးအရေအတွက် သီအိုရီ၏အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ပေးထားချက်များကို အခြေခံ၍ တွက်ချက်ရန်ဖြစ်ပါသည်။

ဥပမာ - အကယ်၍ ငွေကြေးပမာဏ M သည် (၂၅၀) ကျပ်၊ ဈေးနှုန်း P သည် (၄. ၂၅) ကျပ် နှင့် ကုန်စည် အရေအတွက် T သည် (၄၀၀) ဖြစ်ပါက

၁။ အပေးအယူပြုလုပ်သည့်တန်ဖိုး R နှင့် ငွေကြေးလည်ပတ်မှုအရှိန် V ကို ရှာပါ။

၂။ ငွေကြေးပမာဏ M သည် (၂၀) ရာခိုင်နှုန်း၊ ကုန်စည်အရေအတွက် T သည် (၁၅) ရာခိုင်နှုန်း တိုးနေပြီး (က) ငွေကြေးလည်ပတ်မှုအရှိန် V သည်ပုံသေဖြစ်ပါက ငွေကြေးပမာဏ M ၊ ဈေးနှုန်း P နှင့် ကုန်စည် အရေအတွက် T တို့ကိုရှာပါ။

(ခ) ငွေကြေးလည်ပတ်မှုအရှိန် V သည် (၇) သို့ပြောင်းသွားပါက ဈေးနှုန်း P ကိုရှာပါ။ ဟူသော မေးခွန်းကို ဖြေဆိုရာတွင်

- ပထမဦးစွာ ငွေကြေးအရေအတွက်သီအိုရီ၏အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ဖြေဆိုရန်၊
- တွက်ချက်ရာတွင်

(၁) ငွေကြေးအရေအတွက်သီအိုရီ၏ လဲလှယ်မှုညီမျှခြင်း MV= PT

အပေးအယူပြုလုပ်သည့်တန်ဖိုး R= PT= ၄. ၂၅×၄၀၀=၁၇၀၀ ကျပ်

ငွေကြေးလည်ပတ်မှုအရှိန် V= PT/M =၁၇၀၀/ ၂၅၀ = ၆. ၈

(၂) V သည်ပုံသေဖြစ်ပြီး

M သည် (၂၀) ရာခိုင်နှုန်းတိုးပါက M' = (၂၅၀×၁၂၀)/၁၀၀ = ၃၀၀ကျပ်

T သည် (၁၅) ရာခိုင်နှုန်းတိုးပါက T' = (၄၀၀×၁၁၅)/၁၀၀ = ၄၆၀ ကျပ်

ဈေးနှုန်း P = MV/T = (၃၀၀×၆. ၈)/၄၆၀ = ၄. ၄၃ ကျပ်

(၃) V=၇ ဖြစ်ပြီး

M သည်(၂၀)%တိုးပါက M'=၃၀၀ကျပ်၊ T သည် (၁၅)% တိုးပါက T'=၄၆၀ ကျပ်

ဈေးနှုန်း P = MV/T = (၃၀၀×၇)/၄၆၀ = ၄. ၅၇ ကျပ် ဟု ဖြေဆိုရပါမည်။

(၇) အခွန်စည်းကြပ်မှုနှုန်းနှင့် ပတ်သက်၍ ဝင်ငွေအဆင့်အလိုက် စည်းကြပ်သည့် အခွန်နှုန်းကို တွက်ချက်ပြီး ယင်းအခွန်သည် မည်သည့်အခွန်စည်းကြပ်မှု ပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပြခိုင်းလေ့ရှိသည်။

ဥပမာ - အိမ်ထောင်စု(၃)ခု၏ ဝင်ငွေနှင့်ဝင်ငွေခွန်ပေးဆောင်ရမည့်ပမာဏကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

အိမ်ထောင်စု	ဝင်ငွေ (ကျပ်/လ)	ဝင်ငွေခွန်ပမာဏ (ကျပ်)
A	၁၀၀၀၀	၁၀၀၀
B	၇၅၀၀၀	၉၀၀၀
C	၁၀၀၀၀၀	၁၅၀၀၀

၁။ အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကိုရှာပါ။

၂။ ဝင်ငွေခွန်သည် မည်သည့် အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပါ။ ဟူသော မေးခွန်းအတွက် ဖြေဆိုရာတွင်

- ဦးစွာ အခွန်စည်းကြပ်မှုပုံသဏ္ဌာန်၏အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ဖြေဆိုရန်
- တွက်ချက်ရာတွင်

စာမျက်နှာ (၁၇) သို့

ကျောင်းသင်ခန်းစာနှင့်ကျော်ငြာ

စာမျက်နှာ (၁၆) မှ

အိမ်ထောင်စု	ဝင်ငွေ (ကျပ်/လ)	ဝင်ငွေခွန်ပေးဆောင်ရမှု (ကျပ်)	အခွန်နှုန်း (%)
A	၁၀၀၀၀	၁၀၀၀	(၁၀၀၀/၁၀၀၀၀)×၁၀၀= ၁၀%
B	၇၅၀၀၀	၉၀၀၀	(၉၀၀၀/၇၅၀၀၀)×၁၀၀= ၁၂%
C	၁၀၀၀၀၀	၁၅၀၀၀	(၁၅၀၀၀/၁၀၀၀၀၀)×၁၀၀= ၁၅%

၁။ အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းများမှာ A အတွက် ၁၀%၊ B အတွက် ၁၂%၊ C အတွက် ၁၅% ဖြစ်ပါသည်။

၂။ ဝင်ငွေပိုမိုများပြားသော အိမ်ထောင်စုက အခွန်ပေးဆောင်ရမှုပိုမိုသဖြင့် နှုန်းတိုးခွန်ဖြစ်သည်။ ဟု ဖြေဆိုရမည်ဖြစ်သည်။

(ဇ) ကုန်ဖလှယ်မှုအချိုးနှင့် ပတ်သက်၍ အခြေခံနှစ်နှင့် အခြားနှစ် (၂) ခုတို့၏ ပို့ကုန်စျေးဆနှုန်းကိန်းနှင့် သွင်းကုန်စျေးဆနှုန်းကိန်းတို့ကို ပေးထားပြီး ယင်းနှစ်များ၏ ကုန်ဖလှယ်မှု အချိုးကို တွက်ချက်ကာ အချိုးပြောင်းလဲခြင်းများကို သုံးသပ်ပြစေလေ့ရှိပါသည်။ ဦးစွာ ကုန်ဖလှယ်မှုအချိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် (၃) နှစ်စလုံး၏ ကုန်ဖလှယ်မှုအချိုးကို (၁) နှစ်စီ တွက်ချက်ရပါမည်။ ထိုအခါ အခြေခံနှစ်၏ ကုန်ဖလှယ်မှုအချိုးသည် (၁၀၀) ဖြစ်ပြီး ကျန် (၂) နှစ်တွင် ထွက်ရှိသောအဖြေသည် (၁၀၀) ထက်နည်းပါက အခွင့်မသာသော (သို့) ကျဆင်းသော ကုန်ဖလှယ်မှုဟု သုံးသပ်ပြီး (၁၀၀) ထက်များပါက အခွင့်သာသော (သို့) တိုးတက်သော ကုန်ဖလှယ်မှုဟု သုံးသပ်ဖြေဆိုရပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာကို ဖြေဆိုရန်အတွက် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နားလည်သဘောပေါက်အောင်လေ့လာပြီး ကျေညက်အောင် မှတ်သားထားပါက အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာ ဖြစ်ပါသည်။ ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး အောင်မြင်ပါစေဟု ဆုတောင်းရင်း ပို့ချချက်ကို ရပ်နားလိုက်ပါသည်။ ။

ကချင်ပြည်နယ်ပညာရေးစုံညီပွဲတော်ကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၂၀

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ပညာရေးစုံညီမုခ်ဦးကို ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးဦးထူးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်အား စုံညီပွဲတော်အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းလုပ်ငန်း၊ ကျောင်းနှင့်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမတို့အား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတို့က လည်းကောင်း၊ မူလတန်း၊ အလယ်တန်းအဆင့် သင်ထောက်ကူပြိုင်ပွဲနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကျင်းပခဲ့သည့် ထက်၊ လယ်၊ မူအဆင့် စာစီစာကုံး၊ ပန်းချီ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ အိုင်စီတီပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် ကျောင်းသား ကျောင်းသူတို့အား ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပေးကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကွမ်းလုံခရိုင်တရားသူကြီး ရဲစခန်းအချုပ်ခန်းများ စစ်ဆေး

ကွမ်းလုံ ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင်တရားရုံး ခရိုင်တရားသူကြီး ဦးမျိုးတင့်သည် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၁ နာရီက ကွမ်းလုံမြို့မရဲစခန်း အချုပ်ခန်းသို့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

ခရိုင်တရားသူကြီးအား မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးသိန်းမြင့်ဇော်က စခန်းဖွဲ့စည်းပုံ၊ အချုပ်ခန်းလုံခြုံမှုအခြေအနေ၊ အချုပ်သားအရေအတွက်၊ အချုပ်သားများ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ခရိုင်တရားသူကြီးသည် အချုပ်သားများအား နှိပ်စက်ညှဉ်းပန်းမှု ရှိ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်ရေးနှင့် စပ်လျဉ်း၍ အချုပ်သားများအား တွေ့ဆုံမေးမြန်းခဲ့ပြီးနောက် အချုပ်သားဦးရေနှင့် နေရာထိုင်ခင်းသင့်တင့်မှု ရှိ မရှိ၊ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်မှုရှိ မရှိ၊ သောက်သုံးရေလုံလောက်မှုရှိ မရှိစသည်တို့ကို ကြည့်ရှုစစ်ဆေးသည်။

နေမျိုးနွယ်

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

တာချီလိတ် ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း ဦးဆောင်ပြီး ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းထွဋ်ဦး၊ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သတင်းမီဒီယာများပါဝင်သော အဖွဲ့သည် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းမှ စတင်ကာ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ပိန်းညောင်ရွာ အခြေခံပညာမူလတန်းကျောင်းတွင် ဒေသခံ ပလောင်တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ယာပုံ)**

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အထူးကုဆရာဝန်ကြီးများက သွားနှင့်ခံတွင်း၊ သားဖွား/ မီးယပ်၊ မျက်စိအထူးကု၊ ကလေးအထူးကုနှင့်အထွေထွေရောဂါကုသမှုများအား ဆောင်ရွက်ပေးခဲ့ကြပြီး တာချီလိတ်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ အိုင်အိုဒင်းဆားနှင့်ကြက်ဥများ၊ အာဟာရဖြည့်စွက်အစားအစာများအား လှူဒါန်းပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီးသည် ပြည်နယ်ကျန်းမာရေးဦးစီးမှူး၊ တွဲဖက်ပြည်နယ်ပညာရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရွှေတြိဂံပါရာဒိုက်စ်ဟိုတယ်၊ မြန်မာ- လာအို- ထိုင်း နယ်နိမိတ်ကျောက်တိုင်၊ ဝမ်ပုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဝမ်ပုံပြည်သူ့ဆေးရုံတို့ကို ကွင်းဆင်းစစ်ဆေးကြည့်ရှုကာ လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ယဉ်ကျေး

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အောက်ပါမြို့နယ်ရှိ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	မြို့နယ်	ပစ္စည်းအမျိုးအစား
၁။	ငပုတောမြို့နယ် (ဟိုင်းကြီးကျွန်းမြို့)	ဘိလပ်မြေ၊ ကျောက်ကြီး

တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်းနှင့်စိစစ်ရွေးချယ်နေရာ - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ မဏ္ဍူလမ်း၊ ကင် မလင်းကျွန်းရပ်ကွက်၊ ပုသိမ်မြို့

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၀-၁-၂၀၁၄ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၃-၂-၂၀၁၄ ရက် (၁၂:၀၀)နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၃-၂-၂၀၁၄ ရက် ၁၄:၀၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၄၂-၂၉၁၅၄ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC) တွင် ဇန်နဝါရီလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

Logistics Management Course for Entrepreneurs

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၂၂-၁-၂၀၁၄ ရက်မှ ၃၁-၁-၂၀၁၄ ရက် (ညနေပိုင်း ရှစ်ရက်သင်တန်း)

သင်တန်းကြေး - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆

အမှတ် (၃) ဆေးဝါးစက်ရုံ (စစ်ကိုင်း)၊ အသုံးမလို ပိုလျှံပစ္စည်း (၆၅)မျိုး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရောင်းချမည့်ပစ္စည်းအမည် - ကုန်ကြမ်း/ထုပ်ပိုးပစ္စည်း (၆၅)မျိုး

၂။ တင်ဒါပိတ်ရက် - ၇-၂-၂၀၁၄ ရက်၊ ၁၆:၀၀ နာရီ

၃။ စုံစမ်းရန် - အသေးစိတ်အချက်အလက်များကို သိလိုပါက ဆက်သွယ်ရန် ဖုန်း- ၀၆၇-၄၀၈၀၆၈၊ ၀၆၇-၄၀၈၃၅၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မုံရွာ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(မုံရွာ)အတွက် အောက်ဖော်ပြပါ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ပြုပြင်လိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ် ပြုပြင်မည့်အကြောင်းအရာ

(၁) ဆိုလာမှန်စိမ်းများ ပြုပြင်ထိန်းသိမ်းခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မုံရွာ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၈-၁-၂၀၁၄ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မုံရွာ) ဖုန်း-၀၉-၂၁၃၂၅၉၇ တွင် စုံစမ်းနိုင်ပါသည်။

ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့
နည်းပညာတက္ကသိုလ်(မုံရွာ)
ဖုန်း-၀၉-၂၁၃၂၅၉၇

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်အတွင်း ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဝယ်ယူပြီး အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာရယူမည့်ရက် - ၁၆-၁-၂၀၁၄ ရက်မှ ၂၉-၁-၂၀၁၄ ရက်အထိ

(ခ) တင်ဒါတင်သွင်းရမည့်ရက် - ၃၀-၁-၂၀၁၄ ရက်

(ဂ) တင်ဒါတင်သွင်းရမည့်အချိန် - ညနေ ၁၆:၀၀ နာရီ

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမရပူရမြို့ ဖုန်း-၀၂-၇၀၄၃၁၊ ၀၂-၇၀၅၉၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ်၁၂၂၄၊ မြေကွက်တည်နေရာ အမှတ် ၁၂၂၄၊(၃၇)ရပ်ကွက်၊ ဒဂုံမြောက် ဦးအောင်ထွန်း AA-၀၇၉၈၆၅ အမည်ပေါက် နှစ်၆၀ဂရန် မြေအား အမည်ပေါက် ဦးအောင်ထွန်း ကွယ်လွန်သဖြင့် ဒေါ်လှကြည် ၁၂/ဗတထ(နိုင်)၀၀၃၃၇၅က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှုခင်းသတင်းနှင့်ကြော်ငြာ

ခိုးလာသည့်ဖုန်းဖြင့်ဆက်မိရာမှ ခိုးရာပါပစ္စည်းနှင့်အတူဖမ်းမိ

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၁၃ ဒီဇင်ဘာ ၂၄ ရက်ညက ကြည့်မြင်တိုင်မြို့နယ် သရက်တောတောင်ရပ်ကွက် သစ်တောအရာရှိရိပ်သာ ခြံအမှတ်(၃) တိုက်(၁)အတွင်းမှ ငွေနှင့်ပစ္စည်း စုစုပေါင်း ငွေကျပ် ၁၃ သိန်းကျော်ဖိုး အခိုးခံရမှုဖြစ်ပွားခဲ့သည်။

မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) ဦးဝင်းအောင်သည် ၄င်းည ၁၂ နာရီက အိမ်အနောက်ဘက်ဝင်းရှိ ရေယာဉ်ပို့ဆောင်ရေးစက်ရုံနှင့် ပင်မစက်ပြင်အလုပ်ရုံများသို့ သွားရောက်စစ်ဆေးခဲ့ပြီး ဇန်နဝါရီ ၂၅ ရက် နံနက် ၁ နာရီတွင် နေအိမ်သို့ပြန်၍ အိပ်ရာဝင်ခဲ့သည်။

နံနက် ၅ နာရီခန့်တွင် အိပ်ရာမှထပြီး ကြည့်ရှုရာမှ နေအိမ်တံခါးပွင့်နေသည့်အတွက် မသင်္ကာ၍ မိသားစုနှင့်အတူ နေအိမ်ခန်းအတွင်း စစ်ဆေးခဲ့သည်။

နေအိမ်ခန်းအတွင်းရှိ ခုတင်အလွတ်ပေါ်တွင်တင်ထားသည့် ကွန်ပျူတာ လက်တော့(ပ်)တစ်လုံး၊ အနက်ရောင်ပိုက်ဆံအိတ်အတွင်းမှ ငွေကျပ် ၂၁၃၀၀၀၊ တီဗွီစင်ပေါ်တွင် တင်ထားသည့် Seiko နာရီတစ်လုံး၊ လိုင်းကတ်ပါ Sony Xperia လက်ကိုင်ဖုန်းတစ်လုံး စုစုပေါင်းငွေကျပ် ၁၃၁၃၀၀၀ ခန့် ခိုး

ယူခံရကြောင်း သိရှိပြီး ကြည့်မြင်တိုင်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

ယင်းအမှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး စိုးသင်၊ ဒုတိယရဲမှူးတိုးရွှေ(စခန်းမှူး) တို့၏ ညွှန်ကြားချက်နှင့်အညီ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ဖြိုးဝေမင်းနှင့်အဖွဲ့က ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖမ်းမိနိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

ခိုးယူခံရသည့် လက်ကိုင်ဖုန်းနံပါတ်ဖြင့် မြန်မာ့ဆက်သွယ်ရေးတွင် ခေါ်ယူမှုနံပါတ်များအား တိုက်ဆိုင်စစ်ဆေးခဲ့ရာ ဇန်နဝါရီ ၂၅ ရက်နံနက် ၃ နာရီ မိနစ် ၄၀ တွင် ဖုန်းတစ်ကြိမ်ခေါ်ယူထားကြောင်း တွေ့ခဲ့ရသည်။ ဖုန်းပိုင်ရှင်မှ ယင်းဖုန်းဖြင့် နောက်ဆုံးအသုံးပြုခဲ့သည့်အချိန်မှာ နံနက် ၅ နာရီခန့်က ဖြစ်သည်။

ဖုန်းသဲလွန်စမှတစ်ဆင့် ခေါ်ဆိုထားရာ ဖုန်းနံပါတ်ပိုင်ရှင်အား ဆက်လက်စုံစမ်းခဲ့ရာ ဒလမြို့နယ်မှ ခွဲတမ်းရထားသော တန်ဖိုးနည်းဖုန်းဖြစ်ပြီး ၄င်းဖုန်းမှာ မြန်မာ့ဆက်သွယ်ရေးသို့ စာချုပ်များ ပြန်လည်အပ်နှံခြင်းမပြုရသေးသော မြို့နယ်အဆင့်တွင်သာရှိသေးသည့် ဖုန်းနံပါတ်ဖြစ်သည်။ ထိုမှတစ်ဆင့် အဆင့်ဆင့်လိုက်လံစုံစမ်းခဲ့ရာ နောက်ဆုံး၌ ၄င်းဖုန်းနံပါတ်ကို ကိုင်ဆောင်ထားသူမှာ ဒလမြို့တွင်း ဆိုင်ကယ်ကယ်ရီဆွဲသူ ကြည်စင်မင်း ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြစ်မှုကျူးလွန်သူနေထိုင်ရာ ကြည့်မြင်တိုင်တစ်ဖက်လမ်းရှိ ဦးမြငါးစင်ရပ်ကွက် ဦးမြအပိုင်မှ လှမင်းထွန်း(ခ)သရဲကြီးနောက်သို့လိုက်ခဲ့ရာ ယင်းနေရာ၌မရှိဘဲ ထွက်ပြေးတိမ်းရှောင်နေခဲ့သည်။ ကွင်းဆက်မပြတ် လိုက်လံစုံစမ်းခဲ့ရာ ဇန်နဝါရီ ၁၄ ရက် ည ၈ နာရီခန့်တွင် ဒလမြို့နယ် ညောင်ကုန်းရပ်ကွက် လယ်ကွင်းအတွင်း၌ တိမ်းရှောင်နေသဖြင့် တာဝန်သိပြည်သူများနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ တိုင်ချက်ပါ SONY XPERIA လက်ကိုင်ဖုန်းနှင့်အတူ ဖမ်းမိခဲ့သည်။ **(ဓါတ်ပုံ)**

ထို့နောက် သက်သေခံပစ္စည်းများ လိုက်လံသိမ်းဆည်းပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ကြည့်မြင်တိုင်မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဖြိုးဝေမင်းက ဆောင်ရွက်လျက်ရှိသည်။

ကိုကြီးတင်

မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

တာချီလိတ် ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဇန်နဝါရီ ၁၇ ရက် ညနေ ၄ နာရီခွဲက မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖမ်းဆီး

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ရဲအုပ်ရဲဝင်းထွန်းဦးစီး ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းကိုးဘက်မှ တာချီလိတ်ဘက်သို့ နမ့်တစ်မောင်းနှင်လာသည့် ၂၅ယ/. . . Honda Wave i-125 အမျိုးအစားအနက်ရောင် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ အလေးချိန် ၄၀ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀ ခန့်ကို ရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့

ရှာဖွေပုံစံဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူနမ့်တစ် (၄၇နှစ်)ဆီနော်(၁)ရွာ မိုင်းကိုးအုပ်စု တာချီလိတ်မြို့နေသူအား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြင့်မိုရ် (တာချီလိတ်)

ကသာခရိုင် သစ်တောဦးစီးဌာနမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

ကသာ ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်သည် သစ်တောထူထပ်သော ဒေသဖြစ်သည်နှင့်အညီ မသမာသူများသစ်ခိုးထုတ်မှုလည်း များပြားလာသည်။ ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းကို တိုင်းညွှန်ကြားရေးမှူး၏ လမ်းညွှန်မှုဖြင့် အရှိန်အဟုန်မြှင့်၍ ကသာခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့နှင့်အတူ တရားမဝင်သစ်ခိုးထုတ်သူများကို ပူးပေါင်းဆောင်ရွက်ဖမ်းဆီးလျက်ရှိရာ ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်အထိ တရားမဝင်ကျွန်း ၆၀ ဒသမ ၂၃၈ တန်၊ သစ်မာ ၁၃၅ ဒသမ ၈၆၇ တန်၊ အခြားသစ် ၁၁၉ ဒသမ ၅၉၅၂ တန်၊ စုစုပေါင်း ၃၁၅ ဒသမ ၇၀၀၂ တန်နှင့်အတူ သစ်ခိုးထုတ်သူ ၁၅ ဦး၊ ကားသုံးစီး၊ မော်တော်စက်လှေလေးစင်းတို့ကို ဖမ်းဆီးရမိခဲ့ပြီး ဥပဒေအရအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ ဆက်လက်၍ ကသာခရိုင်အတွင်းရှိ တရားမဝင်သစ်ခိုးထုတ်သူများကို ခရိုင်သစ်တောဦးစီးဌာနက စီမံချက်ချလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

လှအောင်(ကသာ)

ဆိုင်ကယ်ဖြင့် ပို့ဆောင်ပေးသူထံမှ ဆိုင်ကယ်လုယူမှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၀

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် ဆိုင်ကယ်ဖြင့် ကူညီပို့ဆောင်ပေးသူကို ချွန်ထက်သောအရာဖြင့်ထိုးပြီး ဆိုင်ကယ်ကို လုယူမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၅ ရက် ည ၁၁ နာရီခွဲခန့်က ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၆၇)ရပ်ကွက်နေ ကိုဝင်းဇော်သည် ၂၀ယ/. . . နီ/ နက်ကျား KENBO-125 ဆိုင်ကယ်ဖြင့် သာကေတမြို့နယ်သို့ ဈေးသွားဝယ်စဉ် သာကေတမြို့နယ်လျှပ်စစ်ရုံးရှေ့အရောက်တွင် အမည်မသိ(လူမြင်လျှင် မှတ်မိသူ)အမျိုးသားသုံးဦးက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်သို့ လိုက်ပို့ပေးရန် အကူအညီတောင်း၍ လိုက်ပို့ခဲ့ကြောင်း၊ ထိုသို့လိုက်ပို့စဉ် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၃)ရပ်ကွက် စက်မှုဇုန်(၁) မန္တလေးလမ်းမသို့အရောက်တွင် ၎င်းတို့အနက်တစ်ဦးက ဖိနပ်ကျွတ်ကျခဲ့၍ ဆိုင်ကယ်ကို ရပ်ပေးရန် ပြောသဖြင့် ရပ်တန့်ပေးခဲ့စဉ် ကျန်တစ်ဦးက ကိုဝင်းဇော်၏လည်ပင်းကို ချွန်ထက်သောအရာဖြင့်ထိုးပြီး ၎င်းအမျိုးသားသုံးဦးက ဆိုင်ကယ်ကို ယူဆောင်မောင်းနှင်ထွက်ပြေးခဲ့ကြကြောင်း၊ ကိုဝင်းဇော်တွင် လည်ပင်းယာဘက်ထိုးသွင်းပေါက်ပြဲဒဏ်ရာတစ်ချက်ရရှိကာ စံပြဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် တက်ရောက်ကုသခဲ့ရပြီး ကိုဝင်းဇော်၏ အဘိုးဖြစ်သူ ဦးသိန်းမြင့်က ဇန်နဝါရီ ၁၈ ရက်တွင် လာရောက်တိုင်တန်းခဲ့သဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူ သုံးဦးအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

မဘိမ်းမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မဘိမ်း ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ် လဝါကျေးရွာတွင် ဇန်နဝါရီ ၁၆ ရက် နံနက် ၅ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဘိမ်းမြို့နယ်ရဲစခန်းမှ ရဲအုပ်ကိုခိုင် ဦးစီးတပ်ဖွဲ့ဝင်သုံးဦးသည် မူးယစ်ဆေးဝါးသတင်းအရ အသိသက်သေများနှင့်အတူ လဝါကျေးရွာတောင်ဘက်ဒေသအခေါ် ကျောက်လုံးကြီးကြိမ်စခန်းရှိ ဒေါ်ဂျာတောင်ဈေးဆိုင်ထဲသို့ ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအိပ်ရာဘေးတွင် မိုင်းကိုင်စက္ကူဖြင့်ထုပ်လျက် အပြာရောင်ရွက်လှေတံဆိပ်ပါအိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ စီပါ အထုပ်ကိုးထုပ်၊ စုစုပေါင်းဆေးပြား ၁၈၀၀၀ ပြား၊ အလေးချိန် ၁ ဒသမ ၆၂ ကီလိုဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀ ခန့်ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိ၍ ဒေါ်ဂျာတောင် (၄၅ နှစ်) ငေါ့ကလေ့ရွာ မန်တုံမြို့နယ်နေသူအား မဘိမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးမင်း(iprd)

တရားမဝင်ကျွန်းနှင့် သစ်မာခွဲသားများ သိမ်းဆည်းရမိ

စဉ့်ကူး ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ စဉ့်ကူးမြို့နယ်သစ်တောဦးစီးဌာနမှူး ဦးရဲမြဝင်းတို့ ကြီးကြပ်ပြီး တိုင်းဒေသကြီးသစ်တောဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တွင် နယ်မြေသတင်းနှင့် တိုင်တန်းဖော်ထုတ်မှုများအရ စဉ့်ကူးမြို့တွင် တရားမဝင်ကျွန်းသစ်ခွဲသားများနှင့် လက်ပန်လှကျေးရွာတွင် ကျွန်းနှင့်သစ်မာခွဲသားများကို သိမ်းဆည်း၍ ပိုင်ရှင်များနှင့် သစ်နှင့်သစ်ခွဲသားအရေအတွက်များကို ဖော်ထုတ်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

(၄၃၃)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)တွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများအား မြန်မာကျပ်ငွေဖြင့် တင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

(က) ကွန်ပျူတာခန်း ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်း

(ခ) ဆရာ ဆရာမအဆောင် အမိုးမျက်နှာကြက်ပြုပြင်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၀-၂-၂၀၁၄ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်) ဖုန်း-၀၉-၈၇၆၂၂၃၀ သို့ ဆက်သွယ်၍ စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
အစိုးရနည်းပညာအထက်တန်းကျောင်း (မြိတ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ရုံးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော အောက်ဖော်ပြပါစက်ကိရိယာနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က)	Computer i-3	၈ လုံး
(ခ)	Copier, Canon MF-4750	၈ လုံး
(ဂ)	Printer, Canon LBP-2900B	၈ လုံး
(ဃ)	Fax, Panasonic 503	၈ လုံး
(င)	RISO, Canon GR-2750	၁ လုံး
(စ)	အရာရှိစားပွဲ (၆ပေ×၄ပေ) (ကျွန်းစားပွဲ)	၁၀ လုံး
(ဆ)	သံမဏိဗီရို (အလျား ၃ပေ၊ အနံ ၂ပေ၊ အမြင့် ၆ပေ)	၁၀ လုံး

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၃၁-၁-၂၀၁၄ ရက် ညနေ ၁၆:၀၀ နာရီ

၃။ တင်ဒါပုံစံများကို မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ မကွေးမြို့တွင် သတင်းစာပါကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးအဖွဲ့မှူး၊ မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး ဖုန်း-၀၆၃-၂၈၁၇၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး

ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အဝေးဆက်သွယ်ရေးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အဝေးဆက်သွယ်ရေးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် DWDM ဖိုင်ဘာဆက်ကြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းနှင့် GbE IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် စက်ပစ္စည်းများ ပို့ဆောင်တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းလုပ်ငန်းများအား ဆက်ကြောင်းများဖွင့်လှစ်အသုံးပြုနိုင်သည်အထိလုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် မိုက္ကရို/ဖိုင်ဘာ Transmission လုပ်ငန်းအတွေ့အကြုံရှိသော ပြည်တွင်းကုမ္ပဏီများအား မြန်မာကျပ်ငွေဖြင့် ၃၁-၁-၂၀၁၄ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထားတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။ **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အဝေးဆက်သွယ်ရေးဌာန**
အမှတ် ၁၂၅၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၀၇၂၇

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မင်္ဂလာသာဇံရပ်၊ အရှေ့လားသော်-လမ်း၊ အနောက်လားသော်-ဒေါ်ခင်မြ၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-ဒေါ်ခင်ကြည် စသည့်အလား(၄)ရပ်အတွင်းရှိ တောင်မြောက်အလျား ၁၀၄ပေ၊ အရှေ့အနောက်အနံ ၆၃ပေ၊ ရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း၊ တောင်မြောက် ၈၈ ပေနှင့် အရှေ့အနောက် ၇၅ပေရှိ အိမ်ပိုင်းမြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အမှတ် ၉/၈ ဟုခေါ်တွင်သော တိုက်အိမ်တစ်လုံးနှင့် မီတာ၊ ရေတွင်း၊ ရေကန်၊ သီးနှံပင်များနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆင့်ဆင့်ချုပ်ဆိုရောင်းဝယ်ခဲ့သည့် အဆက်အစပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော မိဘများဖြစ်သည့် ဦးစောမောင်၊ ဒေါ်ခင်စိန်တို့ ကျန်ရစ်သောအမွေပစ္စည်းများဖြစ်ပြီး (၁)ဒေါ်လှဲ့လှဲ့စော ၉/ပမန(နိုင်)၀၂၃၅၈၃၊ (၂)ဦးစောတင်ထူး ၉/ပမန(နိုင်)၁၄၃၇၄၇၊ (၃)မောင်ဝင်းပိုင်စော၊ (၄)မောင်ထွန်းလင်းဇော် (၄င်းတို့၏အုပ်ထိန်းသူ ဒေါ်လှဲ့လှဲ့စောနှင့် ဦးစောတင်ထူး) အတူနေမောင်နှမ၊ တူများက ၄င်းတို့သာလျှင် အမွေဆက်ခံခွင့်ရှိသူများဖြစ်ကြောင်း အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းလာမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကောင်းထက်အောင်နှင့်ဇနီး ဒေါ်သန်းသန်းမြင့် (ခ)ဒေါ်ခင်လှိုင်ဦးတို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် သဘောတူညီကြပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဖော်ပြပါနေအိမ်၊ ဝိုင်းမြေကွက်နှင့် အကျိုးခံစားခွင့်တို့အား တရားဝင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏လွှဲအပ်ညွှန်ကြားချက်နှင့်အညီ ဖြစ်ပါသည်။
ဦးကောင်းထက်အောင်
၉/မထလ(နိုင်)၁၆၉၁၇၅
ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ခင်လှိုင်ဦး
၉/ပမန(နိုင်)၁၂၆၅၁၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမြင့် B.Sc (Phy;), H.G.P
အထက်တန်းရှေ့နေ (စဉ်-၁၉၂၉၂)
အမှတ် ၈/၅၉၊ ၂လမ်း၊ မင်္ဂလာသာဇံရပ်၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့၊
နေပြည်တော်၊ ဖုန်း-၀၉-၄၂၀၇၆၈၂၅၄၊ ၀၉-၈၆၂၃၃၇၂

နယ်သတင်းနှင့်ကြော်ငြာ

မိုင်းဆတ်၌ အမေနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

မိုင်းဆတ် ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ် လူငယ်များဦးဆောင်၍ ပထမအကြိမ် အမေနေ့ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက်၆နာရီက မိုင်းဆတ်မြို့ သဗ္ဗညုကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်အောင်ဇော်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့မိမြို့ဖများ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အမေနေ့ဖြစ်မြောက်ရေး လူငယ်အဖွဲ့ဝင်များကပင့်ဖိတ်ထားသောဆရာတော် သံဃာတော်များအားဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နံနက် ၆ နာရီခွဲတွင် မိမိတို့ကိုးကွယ်ယုံကြည်သည့် ဘာသာဓလေ့ထုံးစံအတိုင်း အမေကို စိတ်မှာ ရည်မှန်း၍တစ်မိနစ်ငြိမ်သက်နေကြပြီး လူငယ်အဖွဲ့ဝင်တို့က အသက်၇၀ အထက် ကန်တော့ခံ အမေ၁၀၄ဦးတို့အား လုံချည်၊ တဘက်နှင့် ငွေကျပ်၅၀၀၀တို့ကိုအသီးသီးပေးအပ်လှူဒါန်း၍ ပူဇော်ကန်တော့ကြရာ အမေများကိုယ်စား မြို့သစ်ရပ်နေ ဒေါ်စန်းက ကျေးဇူးတင်စကားနှင့် ဆုမွန်ကောင်းများ တောင်းပေးသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ မဟာမြတ်မုနိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံမှ သရဏဂုံသုံးပါးနှင့် ငါးပါးသီလခံယူဆောက်တည်ပြီး မြို့နယ်သံဃနာယကအကျိုးတော်ဆောင် မြို့ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ရေစက်ချ အနုမောဒနာတရားနာယူသည်။

ဆက်လက်၍ အမေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများကို လူငယ်အဖွဲ့ဝင်တို့က ဆုများပေးအပ်ချီးမြှင့်ပြီး သဗ္ဗညုတကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုန္ဒက အမေ့ကျေးဇူးဆိုင်ရာများကို ဟောကြားပေးတော်မူ၍ အမေနေ့ဖြစ်မြောက်ရေး လူငယ်များကိုယ်စားမနန်းဆုသီတာကကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ **သန်းဇော် (iprd)**

ကသာမြို့ ဘိုးဘွားရိပ်သာဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

ကသာ ဇန်နဝါရီ ၂၀

ကသာမြို့နယ်အတွင်းရှိခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများ၏ ဘဝနေဝင်ချိန်အခက်အခဲများအား ကူညီဖြေရှင်းပြုစုပေးနိုင်ရန်အတွက်ဘိုးဘွားရိပ်သာ တစ်ခုဆောက်လုပ်ရန် ကသာမြို့ ရပ်ကွက်(၉)တွင် ဇန်နဝါရီ ၁၈ရက် နံနက် ၇နာရီ၄၅မိနစ်က ပန္နက်တင်မင်္ဂလာ ကျင်းပသည်။

အခမ်းအနားသို့ ဘိုးဘွားရိပ်သာဖြစ်မြောက်ရေး ကော်မတီနာယက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ရိပ်သာ ဖြစ်မြောက်ရေး ကော်မတီ အတွင်းရေးမှူး၊ ဦးဇော်မင်းထိုက် (မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ)နှင့် ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များ၊ရိပ်သာမတည်အလှူရှင်ဦးသိန်းဇော်(မန္တလေး) နှင့်မိသားစုများ၊အလှူရှင်များ၊ ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊လူမှုရေးအသင်းအဖွဲ့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆောက်လုပ်မည်

ကသာမြို့ဘိုးဘွားရိပ်သာ အား (ရပ်ကွက်-၉)၊ကွင်းအမှတ် **O.S.S**၊ ဦးပိုင်အမှတ်**N-317**၊ ဧရိယာ၆ဒသမ ၅၀ဧကပေါ်တွင် အလျား၆၄ပေ×အနံ ၃၁ပေခွဲရှိသောဘိုးဆောင်နှစ်ဆောင်၊ ဘွားဆောင်နှစ်ဆောင်၊ပေ၈၀×၆၄ပေရှိ ဓမ္မာရုံတစ်ဆောင်၊၄၂ပေခွဲ×၃၁ပေရှိ သောစားသောက်ဆောင်တစ်ဆောင်၊ ၃၁ပေခွဲ×၂၄ပေရှိစားဖိုဆောင်တစ်ဆောင် ဆောက်လုပ်သွားမည်ဖြစ်ပြီးဘိုးဆောင်နှင့် ဘွားဆောင်တစ်ဆောင်စီအတွက် မန္တလေးမြို့၇၈လမ်း၊၃၉-၄၀ကြားခြူးနေဓမ္မာရုံလမ်းနေ ဦးသိန်းဇော်(ရွှေကုန်သည်) -ဒေါ်မေကြူဝင်း၊ သားမောင်ပြည့်စုံ၊သမီးမနီလာဝင်း၊မအိန္ဒြာသိန်းဇော်မိသားစုမှမတည်ငွေကျပ်သိန်း ၅၃၀ လှူဒါန်းဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တာချီလိတ်၌ သုသာန်သစ်နှင့် မီးသင်္ဂြိုဟ်စက်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်း ဆွေးနွေး

တာချီလိတ် ဇန်နဝါရီ ၂၀

တာချီလိတ်မြို့၌ သုသာန်သစ်နှင့်မီးသင်္ဂြိုဟ်စက် တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၆ရက် နံနက် ၉နာရီက တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ရှိ နဂါးနှစ်ကောင်ကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ၊ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြု အဖွဲ့ဝင်များ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နဂါးနှစ်ကောင် ဆရာတော်ကြီးမှ ဩဝါဒမြွက်ကြားပြီးနောက် သုသာန်သစ်မြေနေရာရွေးချယ်ရေးအတွက်ညှိနှိုင်းဆွေးကြသည်။ ယင်းနောက် ဟောင်လိတ်ကျေးရွာအုပ်စု ဝိန်းထမ်းတောရဆရာတော် ဘဒ္ဒန္တမုလိန္ဒက သုသာန်မြေအဖြစ် အသုံးပြုရန် မြေဧက ၂၀အား ပေးအပ်လှူဒါန်းရာ ဆရာတော်ကြီးမှ ဝမ်းမြောက်သာဓု အနုမောဒနာ မြွက်ကြားသည်။

ဆက်လက်ပြီး ခေတ်မီမီးသင်္ဂြိုဟ်စက်တည်ဆောက်ရေးအတွက် မဏိဇောတဓရဦးမောင်လေး-ဒေါ်နန်းကျိန် (အဆွေတော်မိနီမတ်)မှအလှူငွေကျပ်သိန်း ၅၀၊ဦးကြည်မြင့်-ဒေါ်နန်းခမ်း (တော်ဝင်မြန်မာ သောက်ရေသန့်)မှ ဘိလပ်မြေအိတ်၁၀၀၀၊ဦးကျော်ငြိမ်း-ဒေါ်နန်းခမ်းဆောင် (ရှုတိုင်းယဉ်ပိုးထည်တိုက်)မှ ဘိလပ်မြေအိတ် ၅၀၀၊ ဦးအောင်ဖြိုးရှိန် (တာချီလိတ်မြို့နယ်သတင်းထောက်)မှ ဘိလပ်မြေအိတ်၁၀၀တို့အား ထည့်ဝင်လှူဒါန်းကြသည်။

ရွေးချယ်

မွန်းလွဲပိုင်းတွင် နဂါးနှစ်ကောင်ဆရာတော်ကြီးနှင့် ဝိန်းထမ်းတောရဆရာတော်တို့ အမှူးပြုသော သံဃာတော်များ၊ တာချီလိတ်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်စွာလင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ သတင်းမီဒီယာများသည် သုသာန်သစ်တည်ဆောက်ရန် လျာထားသည့် ဟောင်လိတ်ကျေးရွာအုပ်စု ဝိန်းထမ်းတောရကျောင်းအနီးရှိ မြေနေရာကို ကွင်းဆင်း ကြည့်ရှုကာ ရွေးချယ်အတည်ပြုကြသည်။ **(အောက်ပုံ)**

မောင်ယဉ်ကျေး

ပူတာအိုမြို့နယ် အထက်ဆန်ဂေါင်ကျေးရွာ ထဝမ်ရာဇီစာကြည့်တိုက်ပန္နက်တင်ပွဲကျင်းပ

ပူတာအို ဇန်နဝါရီ ၂၀

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု အထက်ဆန်ဂေါင်ကျေးရွာ၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေမှ ၁၀သိန်း၊ လပြည့်ဝန်းကုမ္ပဏီမှလှူဒါန်းငွေ ၁၅ သိန်း စုစုပေါင်းကျပ် ၂၅ သိန်းဖြင့် ဆောက်လုပ်မည့် ထဝမ်ရာဇီစာကြည့်တိုက် ပန္နက်တင်အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် အဆိုပါစာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးဖုန်ဇီးဒီး၊ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နီလင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရှိန်တီးပီတာ၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်များက သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ပေ၊အနံ၁၄၊ အမြင့်၁၂ ပေရှိသမံတလင်းခင်း၊ပျဉ်ကာ၊ သွပ်မိုးဖြင့်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)သို့ တစ်လလျှင်စီဂျီအို ၄၀၀၀၀၀ ဂါလန်ခန့် သယ်ပို့မည့်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသည့် ရေကြောင်းလုပ်ငန်းရှင်၊ ဆီတွဲပိုင်ရှင်များသည် မိမိတို့သယ်ပို့ပေးနိုင်မည့် စီဂျီအိုတစ်ဂါလန် သယ်ပို့ခနှုန်းထားအား အဆိုပြုတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များကို ၂၀-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၄-၂-၂၀၁၄ ရက် ၁၂:၀၀ နာရီတွင် ရေယာဉ်/ဆီတွဲပိုင်ရှင် ကိုယ်တိုင်တင်သွင်းရန်နှင့် ၄-၂-၂၀၁၄ရက် ၁၂:၀၀ နာရီမှ ၁၂:၃၀ နာရီအတွင်း တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအားဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၅၉၊၀၆၇-၄၁၁၀၉၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စတုတ္ထ (၃)လ၊ (၂၀၁၄ခုနှစ် ဇန်နဝါရီလမှ မတ်လ)အတွင်း စီမံကိန်းစခန်း၊ ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၇-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၃၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက် စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈စ/၅၃၄၂ Shwe Min Thar Truck P/U ယာဉ်လက်ဝယ်ရှိသူဦးလှမြင့်၆/ပလန(နိုင်)၀၁၁၆၀၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
ကချင်ပြည်နယ် - မြစ်ကြီးနားမြို့
အိတ်ဖွင့်လေလံကြော်ငြာအမှတ်-၀၅/၂၀၁၃-၂၀၁၄

၁။ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်း/စက်ဌာနမှ သစ်မာ(ကညင်)သစ်လုံးများနှင့် ပုံစံ(၈) အခြားသားသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၉-၁-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀:၀၀ နာရီ

(ခ) **ရောင်းချမည့်သစ်အမျိုးအစားနှင့်တန်** - သစ်မာ(ကညင်) သစ်လုံး ၁၀၂၉.၇၁၂ တန်
-ပုံစံ(၈)အခြားသား သစ်လုံး ၄၄.၉၈၂ တန်

(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/ စက်ဌာန၊ မြစ်ကြီးနားမြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)နှင့် Web-site ဖြစ်သော www.myanmatimber.com.mmတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အိတ်ဖွင့်လေလံဖွင့်လှစ်ရောင်းချရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း၊ကချင်ပြည်နယ်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်နေ ဦးအောင်ချစ်-ဒေါ်ပဲတို့၏သား မောင်မျိုးထွန်း ၅/ကလထ(နိုင်)၁၅၈၄၅၁သည် မိဘများ၏ သွန်သင်ဆုံးမမှုများကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင်ပြုမူဆောင်ရွက်နေသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် မောင်မျိုးထွန်းနှင့် ပတ်သက်သမျှကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

ဦးအောင်ချစ် - ဒေါ်ပဲ
မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ကလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၃၃၀၂ Toyota Corolla & (E/30)၊ (S/W) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်း ၁၃/လရန(နိုင်)၀၁၅၆၂၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုး)

ဌာနဆိုင်ရာကြော်ငြာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းများနှင့် ကွန်ကရစ်ဇလီဖားစက်ရုံများတွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ၊ မီးထိုးဆီ(ဖားပေါင်းဆီ)များအား စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနများမှ သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းခွင်နှင့် စက်ရုံများသို့ လစဉ် သယ်ယူလိုပါသဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၁-၂၀၁၄ ရက် (တနင်္လာနေ့) ၁၂:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၁-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၉၄၃၅၂၊ ၂၉၁၉၈၅၊ ၂၉၁၉၉၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ရတနာပုံတက္ကသိုလ်
(၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ရတနာပုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော မြင်းခြံဒီဂရီကောလိပ်တို့မှ ဘွဲ့ရစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ရတနာပုံတက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

ဘွဲ့နှင်းသဘင် ပထမနေ့ ၂၅-၁-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၁ နံနက်ပိုင်း၊ နံနက် ၉:၀၀ နာရီ

မဟာသုတေသနဘွဲ့	သင်္ချာ (ခုံအမှတ် မဟာသုသခ-၁ မှ ၄ ထိ)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့	သမိုင်း၊ သင်္ချာ (ခုံအမှတ် ၂ မဟာသခ-၁ မှ ၁၇ ထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	သမိုင်း၊ သင်္ချာ (ခုံအမှတ် ၂ဂုဏ်သခ-၁ မှ ၁၄ ထိ)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	သမိုင်း၊ သင်္ချာ (ခုံအမှတ် ၃သခ-၁ မှ ၁၇၇ ထိ)၊ သတ္တဗေဒ (ခုံအမှတ် ၃သတ-၁မှ ၁၄၀ထိ)

ဘွဲ့နှင်းသဘင် ပထမနေ့ ၂၅-၁-၂၀၁၄ ရက် အစီအစဉ်
အပိုင်း -၂၊ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂:၀၀ နာရီ

မဟာသုတေသနဘွဲ့	သင်္ချာ (ခုံအမှတ် မဟာသုသခ-၅ မှ ၇ ထိ)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့	စာကြည့်တိုက်နှင့်သုတပညာ၊ သတ္တဗေဒ (ခုံအမှတ် ၂မဟာသတ-၁ မှ ၅ ထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	စာကြည့်တိုက်နှင့်သုတပညာ၊ သတ္တဗေဒ (ခုံအမှတ် ၂ဂုဏ်သတ-၁ မှ ၅ ထိ)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	စာကြည့်တိုက်နှင့်သုတပညာ၊ သင်္ချာ (ခုံအမှတ် ၃သခ-၁၇၈ မှ ၃၅၈ ထိ)၊ သတ္တဗေဒ (ခုံအမှတ် ၃သတ-၁၄၁ မှ ၂၉၁ ထိ)

ပထမနေ့ (အပိုင်း-၁၊ အပိုင်း-၂)၊ အစမ်းလေ့ကျင့်ရက် ၂၄-၁-၂၀၁၄ ရက် နံနက် ၉:၀၀ နာရီ

ဘွဲ့နှင်းသဘင် ဒုတိယနေ့ ၂၆-၁-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၃ နံနက်၊ နံနက် ၉:၀၀ နာရီ

မဟာသုတေသနဘွဲ့	သင်္ချာ (ခုံအမှတ် မဟာသုသခ-၈ နှင့်အထက်)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့	မနုဿဗေဒ၊ သင်္ချာ (ခုံအမှတ် ၂မဟာသခ-၁၈ နှင့်အထက်)၊ သတ္တဗေဒ (ခုံအမှတ် ၂မဟာသတ-၆ နှင့်အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	မနုဿဗေဒ၊ သင်္ချာ (ခုံအမှတ် ၂ဂုဏ်သခ-၁၅ နှင့်အထက်) သတ္တဗေဒ (ခုံအမှတ် ၂ဂုဏ်သတ-၆ နှင့်အထက်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	မနုဿဗေဒ၊ သင်္ချာ (ခုံအမှတ် ၃သခ-၃၅၉ မှ ၅၄၀ ထိ)၊ သတ္တဗေဒ (ခုံအမှတ် ၃သတ-၂၉၂ နှင့်အထက်)

ဘွဲ့နှင်းသဘင် ဒုတိယနေ့ ၂၆-၁-၂၀၁၄ ရက် အစီအစဉ်
အပိုင်း -၄ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂:၀၀ နာရီ

မဟာသုတေသနဘွဲ့	ဒဿနိကဗေဒအထူးပြုအားလုံး
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့	ဒဿနိကဗေဒ၊ ရုက္ခဗေဒ (ခုံအမှတ် ၂မဟာရခ-၁ မှ ၇ ထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	ဒဿနိကဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	ဒဿနိကဗေဒ၊ သင်္ချာ (ခုံအမှတ် ၃သခ-၅၄၁ နှင့်အထက်)၊ ရုက္ခဗေဒ (ခုံအမှတ် ၃ရခ-၁မှ ၁၃၄ထိ)

ဒုတိယနေ့ (အပိုင်း-၃၊ အပိုင်း-၄)၊ အစမ်းလေ့ကျင့်ရက် ၂၄-၁-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀ နာရီ

ဘွဲ့နှင်းသဘင် တတိယနေ့ ၁-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၅ နံနက်ပိုင်း၊ နံနက် ၉:၀၀ နာရီ

မဟာသုတေသနဘွဲ့	ရှေးဟောင်းသုတေသနပညာ (ခုံအမှတ် မဟာသုသု-၁ မှ ၄ ထိ)၊ ရုက္ခဗေဒ
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့	နိုင်ငံတကာဆက်ဆံရေးပညာ၊ ရှေးဟောင်းသုတေသနပညာ၊ ဓာတုဗေဒ (ခုံအမှတ် ၂မဟာဓ-၁ မှ ၁၀ ထိ)၊ ရုက္ခဗေဒအထူးပြု (ခုံအမှတ် ၂မဟာရခ-၈ နှင့်အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ရှေးဟောင်းသုတေသနပညာ (ခုံအမှတ် ၂ဂုဏ်သု-၁ မှ ၅ ထိ)၊ ရုက္ခဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	နိုင်ငံတကာဆက်ဆံရေးပညာ၊ ရှေးဟောင်းသုတေသနပညာ (ခုံအမှတ် ၃သု-၁ မှ ၉၂ ထိ)၊ ဓာတုဗေဒ (ခုံအမှတ် ၃ဓ-၁ မှ ၁၅၈ ထိ)၊ ရုက္ခဗေဒ (ခုံအမှတ် ၃ရခ-၁၃၅ မှ ၂၉၈ ထိ)

ဘွဲ့နှင်းသဘင် တတိယနေ့ ၁-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၆ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂:၀၀ နာရီ

မဟာသုတေသနဘွဲ့	ရှေးဟောင်းသုတေသနပညာအထူးပြု (ခုံအမှတ် မဟာသုသု-၅ နှင့်အထက်)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့	အရှေ့တိုင်းပညာ၊ ဓာတုဗေဒ (ခုံအမှတ် ၂ မဟာဓ-၁၁ မှ ၂၀ အထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	အရှေ့တိုင်းပညာ၊ ရှေးဟောင်းသုတေသနပညာ (ခုံအမှတ် ၂ ဂုဏ်သု-၆ နှင့်အထက်) ဓာတုဗေဒ (ခုံအမှတ် ၂ ဂုဏ်ဓ-၁ မှ ၂၃ အထိ)၊ ဈူကလိယရူပဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	အရှေ့တိုင်းပညာ၊ ရှေးဟောင်းသုတေသနပညာ (ခုံအမှတ် ၃ သု-၉၃ နှင့်အထက်)၊ ဓာတုဗေဒ (ခုံအမှတ် ၃ ဓ-၁၅၉ မှ ၃၃၄ အထိ)၊ ရုက္ခဗေဒ (ခုံအမှတ် ၃ရခ-၂၉၉ နှင့်အထက်)၊ ဈူကလိယရူပဗေဒ

တတိယနေ့ (အပိုင်း-၅၊ အပိုင်း-၆) အစမ်းလေ့ကျင့်ရက်၊ ၃၁-၁-၂၀၁၄ ရက် နံနက် ၉:၀၀ နာရီ

ဘွဲ့နှင်းသဘင် စတုတ္ထနေ့ ၂-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၇၊ နံနက်ပိုင်း၊ နံနက် ၉:၀၀ နာရီ

မဟာသုတေသနဘွဲ့	ဓာတုဗေဒ (ခုံအမှတ် မဟာသုဓ-၁ မှ ၄ အထိ)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့	ပထဝီဝင်၊ ဓာတုဗေဒ (ခုံအမှတ် ၂ မဟာဓ-၂၁ မှ ၃၅ အထိ)
ဝိဇ္ဇာ (ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ပထဝီဝင်၊ ဘူမိဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	ပထဝီဝင်၊ ဓာတုဗေဒ (ခုံအမှတ် ၃ဓ-၃၃၅ မှ ၅၂၄ အထိ)၊ ဘူမိဗေဒ(ခုံအမှတ် ၃ဘ-၁ မှ ၁၄၉အထိ)

ဘွဲ့နှင်းသဘင် စတုတ္ထနေ့ ၂-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၈ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂:၀၀ နာရီ

မဟာသုတေသနဘွဲ့	ဓာတုဗေဒ (ခုံအမှတ် မဟာသုဓ-၅ မှ ၉ အထိ)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ် ၂ မဟာအ-၁ မှ ၆အထိ)၊ ဘူမိဗေဒ
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ဓာတုဗေဒ (ခုံအမှတ် ၂ ဂုဏ်ဓ-၂၄ နှင့်အထက်)၊ အဏုဇီဝဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ် ၃အ-၁ မှ ၄၀ အထိ)၊ ဓာတုဗေဒ (ခုံအမှတ် ၃ဓ-၅၂၅ နှင့်အထက်)၊ ဘူမိဗေဒ (ခုံအမှတ် ၃ဘ-၁၅၀ နှင့်အထက်)၊ အဏုဇီဝဗေဒ

စတုတ္ထနေ့ (အပိုင်း-၇၊ အပိုင်း-၈) အစမ်းလေ့ကျင့်ရက် ၃၁-၁-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀ နာရီ

ဘွဲ့နှင်းသဘင် ပဉ္စမနေ့ ၈-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၉ နံနက်ပိုင်း၊ နံနက် ၉:၀၀ နာရီ

မဟာသုတေသနဘွဲ့	အင်္ဂလိပ်စာ၊ ဥပဒေပညာ (ခုံအမှတ် မဟာသုဥ-၁ မှ ၄ အထိ)
မဟာဝိဇ္ဇာဘွဲ့/မဟာဥပဒေဘွဲ့/မဟာသိပ္ပံဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ် ၂ မဟာအ-၇မှ ၁၁အထိ)၊ ဥပဒေပညာ (ခုံအမှတ် ၂ မဟာဥ-၁ မှ ၁၆အထိ) ကုန်ထုတ်ဓာတုဗေဒ
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ် ၂ဂုဏ်အ-၁ မှ ၁၅ အထိ)၊ ရူပဗေဒ (ခုံအမှတ် ၂ ဂုဏ်ရပ-၁ မှ ၁၆ အထိ)၊
ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု (ခုံအမှတ် ၄ဥ-၁ မှ ၅၃ အထိ)၊
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ် ၃အ-၄၁ မှ ၁၃၃ အထိ)၊ ရူပဗေဒ (ခုံအမှတ် ၃ ရပ-၁ မှ ၁၃၄ အထိ)၊ ကုန်ထုတ်ဓာတုဗေဒ (ခုံအမှတ် ၃ကဓ-၁ မှ ၁၂၁ အထိ)

ဘွဲ့နှင်းသဘင် ပဉ္စမနေ့ ၈-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၁၀၊ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂:၀၀ နာရီ

မဟာသုတေသနဘွဲ့	ဥပဒေပညာ (ခုံအမှတ် မဟာသုဥ-၅ မှ ၉ အထိ)
မဟာဝိဇ္ဇာဘွဲ့/မဟာဥပဒေဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ် ၂ မဟာအ-၁၂မှ ၁၆အထိ)၊ ဥပဒေပညာ(ခုံအမှတ် ၂ မဟာဥ-၁၇မှ ၃၄အထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ် ၂ ဂုဏ်အ-၁၆ မှ ၃၀ အထိ)၊ ရူပဗေဒ (ခုံအမှတ် ၂ ဂုဏ်ရပ-၁၇မှ ၃၃အထိ)
ဥပဒေဘွဲ့	ဥပဒေပညာ (ခုံအမှတ် ၄ဥ-၅၄ မှ ၁၀၆ အထိ)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ် ၃အ-၁၃၄ မှ ၂၃၃ အထိ)၊ ရူပဗေဒ (ခုံအမှတ် ၃ရပ-၁၃၅ မှ ၂၆၅ အထိ)၊ ကုန်ထုတ်ဓာတုဗေဒ (ခုံအမှတ် ၃ကဓ-၁၂၂ မှ ၂၄၂ အထိ)

ပဉ္စမနေ့ (အပိုင်း-၉၊ အပိုင်း-၁၀) အစမ်းလေ့ကျင့်ရက် ၇-၂-၂၀၁၄ ရက် နံနက် ၉:၀၀ နာရီ

ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ ၉-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၁၁ နံနက်ပိုင်း၊ နံနက် ၉:၀၀ နာရီ

မဟာသုတေသနဘွဲ့	ဥပဒေပညာ (ခုံအမှတ် မဟာသုဥ-၁၁နှင့်အထက်)၊ ရူပဗေဒ(ခုံအမှတ် မဟာသုရပ-၁)
မဟာဥပဒေဘွဲ့/မဟာသိပ္ပံဘွဲ့	ဥပဒေပညာ (ခုံအမှတ် ၂မဟာဥ-၃၅ မှ ၄၉ အထိ)၊ ရူပဗေဒ (ခုံအမှတ် ၂မဟာရပ-၁ မှ ၁၃အထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ်၂ဂုဏ်အ-၃၁ နှင့်အထက်)၊ ကုန်ထုတ်ဓာတုဗေဒ
ဥပဒေဘွဲ့	ဥပဒေပညာ (ခုံအမှတ် ၄ဥ-၁၀၇ မှ ၁၆၉ အထိ)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ် ၃အ-၂၃၄မှ ၃၃၄အထိ)၊ ရူပဗေဒ(ခုံအမှတ် ၃ရပ-၂၆၆ မှ ၄၀၄ အထိ) ကုန်ထုတ်ဓာတုဗေဒ (ခုံအမှတ် ၃ကဓ-၂၄၃ မှ ၃၆၆ အထိ)

ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ ၉-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၁၂ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂:၀၀ နာရီ

မဟာသုတေသနဘွဲ့	ရူပဗေဒ (ခုံအမှတ် မဟာသုရပ-၂ မှ ၅ အထိ)
မဟာဝိဇ္ဇာဘွဲ့/မဟာဥပဒေဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ် ၂မဟာအ-၁၇ နှင့်အထက်)၊ ဥပဒေပညာ (ခုံအမှတ် ၂မဟာဥ-၅၀ မှ ၆၂အထိ)
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ရူပဗေဒ (ခုံအမှတ် ၂ဂုဏ်ရပ-၃၄ နှင့်အထက်)
ဥပဒေဘွဲ့	ဥပဒေပညာ (ခုံအမှတ် ၄ဥ-၁၇၀ နှင့်အထက်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	အင်္ဂလိပ်စာ (ခုံအမှတ် ၃အ-၃၃၅ နှင့်အထက်)၊ ရူပဗေဒ (ခုံအမှတ် ၃ရပ-၄၀၅ မှ ၅၃၀ အထိ) ကုန်ထုတ်ဓာတုဗေဒ (ခုံအမှတ် ၃ကဓ-၃၆၈ နှင့်အထက်)

ဆဋ္ဌမနေ့ (အပိုင်း-၁၁၊ အပိုင်း-၁၂) အစမ်းလေ့ကျင့်ရက် ၇-၂-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀ နာရီ

ဘွဲ့နှင်းသဘင် သတ္တမနေ့ ၁၅-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၁၃ နံနက်ပိုင်း၊ နံနက် ၉:၀၀ နာရီ

မဟာသုတေသနဘွဲ့	မြန်မာစာ (ခုံအမှတ် မဟာသုမ-၂ မှ ၃ အထိ)၊ ရူပဗေဒ (ခုံအမှတ် မဟာသုရပ-၆ မှ ၇ အထိ)
မဟာဥပဒေဘွဲ့	ဥပဒေပညာ (ခုံအမှတ် ၂မဟာဥ-၆၄ နှင့်အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	မြန်မာစာ၊ ဇီဝဓာတုဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	မြန်မာစာ၊ ရူပဗေဒ (ခုံအမှတ် ၃ရပ-၅၃၁ နှင့်အထက်)၊ ဇီဝဓာတုဗေဒ (ခုံအမှတ် ၃ဇဓ-၁မှ ၁၅၅အထိ)

ဘွဲ့နှင်းသဘင် သတ္တမနေ့ ၁၅-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၁၄ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂:၀၀ နာရီ

မဟာသုတေသနဘွဲ့	မြန်မာစာ (ခုံအမှတ် မဟာသုမ-၄ နှင့်အထက်)
မဟာဝိဇ္ဇာဘွဲ့	မြန်မာစာ၊ စိတ်ပညာ
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	သင်္ချာ (မြင်းခြံဒီဂရီကောလိပ်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	မြန်မာမှု၊ စိတ်ပညာ၊ ဇီဝဓာတုဗေဒ (ခုံအမှတ် ၃ဇဓ-၁၅၆ မှ ၃၅၂ အထိ)
သိပ္ပံဘွဲ့	သင်္ချာ (မြင်းခြံဒီဂရီကောလိပ်)

သတ္တမနေ့ (အပိုင်း-၁၃၊ အပိုင်း-၁၄) အစမ်းလေ့ကျင့်ရက် ၁၄-၂-၂၀၁၄ ရက် နံနက် ၉:၀၀ နာရီ

ဘွဲ့နှင်းသဘင် အဋ္ဌမနေ့ ၁၆-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၁၅ နံနက်ပိုင်း၊ နံနက် ၉:၀၀ နာရီ

မဟာသုတေသနဘွဲ့	ဓာတုဗေဒ (ခုံအမှတ် မဟာသုဓ-၁၀ နှင့်အထက်)
မဟာသိပ္ပံဘွဲ့	ဓာတုဗေဒ (ခုံအမှတ် ၂မဟာဓ-၃၆ နှင့်အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	သမိုင်း၊ ဓာတုဗေဒ၊ သတ္တဗေဒ (မြင်းခြံဒီဂရီကောလိပ်)
သိပ္ပံဘွဲ့	ဇီဝဓာတုဗေဒ (ခုံအမှတ် ၃ဇဓ-၃၅၃ နှင့်အထက်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	သမိုင်း၊ ဓာတုဗေဒ၊ သတ္တဗေဒ (ခုံအမှတ် ၃သတ-၁ မှ ၉၇ အထိ) (မြင်းခြံဒီဂရီကောလိပ်)

ဘွဲ့နှင်းသဘင် အဋ္ဌမနေ့ ၁၆-၂-၂၀၁၄ ရက် အစီအစဉ်
အပိုင်း-၁၆ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂:၀၀ နာရီ

မဟာသုတေသနဘွဲ့	ရူပဗေဒ (ခုံအမှတ် မဟာသုရပ-၈ နှင့်အထက်)
မဟာသိပ္ပံဘွဲ့	ရူပဗေဒ (ခုံအမှတ် ၂မဟာရပ-၁၄ နှင့်အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	မြန်မာစာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ရုက္ခဗေဒ (မြင်းခြံဒီဂရီကောလိပ်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့	မြန်မာစာ၊ ပထဝီဝင်၊ သတ္တဗေဒ (ခုံအမှတ် ၃သတ-၉၈ နှင့်အထက်)၊ ရူပဗေဒ၊ ရုက္ခဗေဒ (မြင်းခြံဒီဂရီကောလိပ်)

အဋ္ဌမနေ့ (အပိုင်း-၁၅၊ အပိုင်း-၁၆) အစမ်းလေ့ကျင့်ရက် ၁၄-၂-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေး ငွေသွင်းပြေစာတင်ပြ၍ ရတနာပုံတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကျင်းပရက်	ဘွဲ့ဝတ်စုံများငှားရမ်းခွင့်ထောက်ခံစာများ တက်ရောက်ခွင့်ပြုလက်မှတ်နှင့်ဧည့်လက်မှတ်များ ထုတ်ပေးမည့်ရက်
၂၅-၁-၂၀၁၄	၂၂-၁-၂၀၁၄
၂၆-၁-၂၀၁၄	၂၃-၁-၂၀၁၄
၁-၂-၂၀၁၄	၂၉-၁-၂၀၁၄
၂-၂-၂၀၁၄	၃၀-၁-၂၀၁၄
၈-၂-၂၀၁၄	၅-၂-၂၀၁၄
၉-၂-၂၀၁၄	၆-၂-၂၀၁၄
၁၅-၂-၂၀၁၄	၁၁-၂-၂၀၁၄
၁၆-၂-၂၀၁၄	၁၃-၂-၂၀၁၄

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

(တင်စောထွေး)
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ရတနာပုံတက္ကသိုလ်

ရက်စွဲ-၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်။

ဌာနဆိုင်ရာနှင့် လူမှုရေး၊ စီးပွားရေးကြော်ငြာ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (၂၉)နေရာ၊ စာရင်းကိုင်-၂ ရာထူး(၄)နေရာတို့အတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ဒုတိယဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)အတွက် ပညာအရည်အချင်းသတ်မှတ်ချက်

(၁) အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခုခုမှ (Chemical/ Mining/ Civil/ Petroleum/ Textile အင်ဂျင်နီယာဘာသာရပ်ဖြင့် BE/ ME ဘွဲ့ရရှိသူများ) B.Sc (Forestry)/ B.Agr.Sc/ B.C.Sc/ B.V.Sc ဘွဲ့ရရှိသူများနှင့် ၄င်းဘာသာရပ်များတွင် မဟာဘွဲ့ရရှိသူများ

(၂) ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်တစ်ခုခုမှ (Environmental Studies/ Industrial Chemistry/ Chemistry/ Bio-Technology/ Physics/ Zoology/ Mathematics/ Botany/ Geology/ Law/ International Relation/ Geography/ English/ Business Management) ဖြင့် B.Sc/ M.Sc/ B.A/ M.A ဘွဲ့ရရှိသူများ

(ခ) စာရင်းကိုင်-၂ ရာထူး (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)အတွက် ပညာအရည်အချင်းသတ်မှတ်ချက်။ B.Com/ M.Com ဘွဲ့ရရှိသူများ

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

(ဂ) ၃၁-၁၂-၂၀၁၃ရက်တွင် အသက် (၃၀) (ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်) မကျော်လွန်သူဖြစ်ရမည်။

(ဃ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင်-

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်နှင့်အသက်

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၄င်းတို့၏အလုပ်အကိုင်

(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်၊ ဌာန

(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်

(ဇ) ဆက်သွယ်ရန် နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်

(ဈ) အမြဲတမ်းနေရပ်လိပ်စာတို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ-

(က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ခ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မူရင်းအား ရေးဖြေလာရောက်ဖြေဆိုသည့်အခါ ယူလာရမည်။)

(ဂ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် (၃)လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက်မူရင်း

(င) လျှောက်ထားသူများသည် ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးစာ ပူးတွဲပါရှိရမည်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် ၅၃၊ နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း၊ ၁၁-၂-၂၀၁၄ရက် (အင်္ဂါနေ့) နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် ၅၃၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲကို ၁၆-၂-၂၀၁၄ရက်တွင် နံနက် ၉ နာရီမှ ၁၁ နာရီထိ အင်္ဂလိပ်စာ၊ မွန်းလွဲ ၁၂း၃၀ နာရီမှ ၂း၃၀ နာရီထိ အထွေထွေဗဟုသုတ ဘာသာရပ်များအား (၂)နာရီမေးခွန်းဖြင့် အထက(၅) နေပြည်တော်၌ ဖြေဆိုရမည်။ စာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်မေးမည်ဖြစ်ပြီး ဆောင်ရွက်မည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားပါမည်။

၈။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားနှင့် ခုံနံပါတ်များကို ၁၅-၂-၂၀၁၄ ရက်တွင် အထက(၅) နေပြည်တော်၌ နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း ထုတ်ပေးပါမည်။

၉။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို (လုံးဝ)လုံးဝ ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၁၀။ အသေးစိတ်သိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာန ဖုန်း-၀၆၇-၄၃၁၃၁၆၊ ၄၃၁၄၉၄၊ ၄၃၁၃၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ် ၅၃၊ နေပြည်တော်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ဃ/၄၉၀၀၆ ယာဉ်မှတ်ပုံတင်အမည်ပေါက်သူ ဦးအောင်အောင် ၁၃/ကတန(နိုင်)၁၃၂၄၇၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်)၊ မအူပင်မြို့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ ဗိုလ်ဗစိုး ၆ လမ်း၊ မြေကွက်အမှတ် ၅၆၉၊ မြေအကျယ်အဝန်း (၄၀'×၆၀')အနက် ခေါင်းရင်းခြမ်း (၂၀'×၆၀')ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက် ဒေါ်တင်မြင့် ISN-၁၈၆၉၃၃ ကွယ်လွန်၍ ခင်ပွန်းတော်စပ်သူ ဦးသောင်းတင် ၁၂/လမန(နိုင်)၀၈၈၉၆၄ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇောထူး ၁၂/ရပသ(နိုင်)၀၃၅၉၆၈ ထံသို့ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ မဇ္ဈိမရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄

အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး
အထောက်အကူပြုဆပ်ကော်မတီ

[illegible] SME [illegible] Festivals, Trade Fairs နှင့် Expo [illegible] Schedule [illegible] Website www.[illegible].gov.mm [illegible] ၂၀၁၄ ASEAN SME Festivals, Trade Fairs နှင့် Expo Schedule [illegible] Festivals, Trade Fairs နှင့် Expo [illegible] Schedule [illegible]

(၁) ဒေါ်[illegible]
[illegible]
ဖုန်း - 01-8603826, 01-8603827
e-mail:[illegible]@gmail.com

(၂) ဒေါ်[illegible]
[illegible]
ဖုန်း - 01-8603826, 01-8603827
e-mail:[illegible]@gmail.com

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၅၉၈၆၂ Kenbo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးလွင် ၁၃/နဆန(နိုင်)၀၂၃၃၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၂၇၃၂ ဟွန်ဒါ ဒရင်း(မ်)၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုး ၁၀/ရမန(နိုင်)၀၀၄၅၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

စက်မှုဝန်ကြီးဌာန
အသေးစားနှင့် အလတ်စားလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ရုံးအဆောက်အအုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လက်ရှိတည်ဆောက်ပြီး (၄)ထပ်မှ (၈)ထပ်သို့ BOT စနစ်ဖြင့် တိုးမြှင့်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ၄င်းလုပ်ငန်းများအတွက် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါကို အောက်ဖော်ပြပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်**	-	၂၂-၁-၂၀၁၄ ရက်မှ ၇-၂-၂၀၁၄ ရက်အထိ ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ
(ခ) **အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်နှင့်အချိန်**	-	၇-၂-၂၀၁၄ရက် (သောကြာနေ့) ညနေ ၁၆း၃၀နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်နှင့်အချိန်**	-	၈-၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၀၉း၃၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာနှင့်တင်ဒါဖွင့်မည့်နေရာ**	-	အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန၊ ခြံအမှတ် (၃၅ဘီ/၁၅)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
အသေးစားနှင့်အလတ်စားလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန
ဖုန်း-၀၁-၈၆၀၃၈၂၆၊ ၀၁-၈၆၀၃၈၂၇၊ ၀၁-၅၅၉၂၃၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၇၇၀၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၉/နထက(နိုင်)၀၄၆၇၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၇၀၂ အမည်ပေါက် ဦးစိန်သန်း ၁၂/ကတန(နိုင်)၀၇၄၆၈၉၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်တင်နု ၁၂/ကတန(နိုင်)၀၀၈၈၁၄ မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့် (၁)ကွက်သစ်၊ မြေကွက်အမှတ် ၂၅၂ အမည်ပေါက် ဦးအောင်ထွန်းကြည်၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်အေးသစ်ဝင်း ၁၂/သလန(နိုင်)၀၁၉၄၆၃ က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့
Myanmar Board of Engineers
ကြေညာချက်

Professional Engineers (P.E) မှတ်ပုံတင်ရန် လျှောက်ထားမှုများကို မြန်မာနိုင်ငံ အင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့ MBE အနေဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ တိုးမြှင့်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၁ရက်နောက်ပိုင်း Professional Engineers P.E လျှောက်ထားမှုများကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီမှ လက်ခံအရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

Myanmar Board of Engineers

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ မြေကွက်အမှတ် ၉၃ ခေါ်တွင်သော မြေကွက်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂)၊ မြေကွက်အမှတ် ၉၃ ဟုခေါ်တွင်သောမြေကွက်သည် ဒုတိယဗိုလ်မှူးကြီးနိုင်တိုးအမည်ဖြင့် မှတ်သားတည်ရှိသောပါမစ်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးစိုင်းထွန်းမင်းအောင် ၁၃/လရန(နိုင်)၁၁၅၃၅၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဇော်ဝင်းနိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၄၈)
အမှတ် ၁၂၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၅၅၅၇၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မိတ္ထီလာခရိုင်တရားရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃၀

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ရန်ကုန်မြို့။	**နှင့်**	၁။ ဦးလေးမောင် ၂။ မစောနှင်းထွေး ၃။ မစောဥမ္မာ ၄။ မောင်သန်းထွန်းအောင်
တရားလို		**တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့၊ အမှတ် (၂)ရပ်၊ ညီနောင်ရပ်ကွက်နေ မစောနှင်းထွေး၊ မစောဥမ္မာ၊ မောင်သန်းထွန်းအောင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်မြို့က ချေးငွေအရင်းနှင့် အတိုးငွေကျပ် ၁၃၅၀၉၇၀၉/၇၈ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် (၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်ခင်ထွေး)
ဒုတိယခရိုင်တရားသူကြီး၊ မိတ္ထီလာခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၄၊ မြေကွက်အမှတ် ၆၄၂၊ ၆၄၃၊ ၆၄၄၊ ၆၄၅၊ ၆၄၆၊ ၆၄၇၊ ၆၄၈၊ ၆၄၉၊ ၆၅၀၊ ၆၅၁၊ မြေကွက်တည်နေရာ ၆၄၂-၆၅၁၊ နွယ်နီ ၁ လမ်း၊ (၁၅) ရပ်ကွက်၊ (ဦးကောလ်သောန်ဗဲလ်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဖခင် ဦးကောလ်သောန်ဗဲလ်နှင့် မိခင် ဒေါ်ရိုရှားမီးတို့ကွယ်လွန်သဖြင့် ဦးဆာလ်ထန်းဗုန်ငါ ၅/ကလထ(နိုင်)၁၀၉၂၄၂ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ပခုက္ကူမြို့၊ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး နယုန်လပွဲတော်နှင့် ရုံမြေနေရာ လေလံပွဲ

ပခုက္ကူမြို့၊ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော ဗုဒ္ဓပူဇနိယ နယုန်လပွဲတော်ကြီးကို ၁၃၇၆ ခုနှစ် နယုန်လဆန်း ၁၀ ရက်မှ နယုန်လပြည့်ကျော် ၁၂ ရက်အထိ (၇-၆-၂၀၁၄ ရက်မှ ၂၄-၆-၂၀၁၄ ရက်အထိ) ၁၈ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆိုင်ခန်းရရှိရေးအတွက် ကဆုန်လဆန်း ၁ ရက်မှ လကုန်အထိ ဂေါပကအဖွဲ့နှင့်ဆက်သွယ်ပြီး ဆိုင်ခန်းနှင့် လျှပ်စစ်မီးကြေးပါ ငွေကြေးပေးသွင်းလျက် ကြိုတင်ဖြတ်ယူထားကြပါရန် နှိုးဆော်ပါသည်။ ကန့်သတ်ရက်ကျော်လွန်ပါက ဆိုင်ခန်းရရှိရန် တာဝန်မယူပါ။

ဇာတ်ရုံ၊ ဘားဆပ်ကပ်ရုံနှင့် အခြားပျော်ပွဲရွှင်ပွဲရုံများ မြေနေရာလေလံပွဲကို ၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၉ ရက် (၈-၂-၂၀၁၄ ရက်) အင်္ဂါနေ့၊ နံနက် ၉ နာရီ ဘုရားကြီးတန်ဆောင်းအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လာရောက်ဆွဲဝယ်နိုင်ပါကြောင်း။

မှတ်ချက် -
၁။ သြဝါဒါစရိယဆရာတော်ကြီးများ၏ သြဝါဒမိန့်ကြားချက်နှင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊ ပခုက္ကူမြို့တို့၏ ညွှန်ကြားချက်အရ လောင်းကစားဝိုင်းများ၊ ကံစမ်းမဲဆိုင်များနှင့် အရက်သေစာဆိုင်များ လုံးဝခွင့်မပြုပါ။
၂။ ဘီး၊ ပုတီးဆိုင်များနှင့် ဗေဒင်ခန်းများအား ဂေါပကအဖွဲ့မှ သင့်လျော်သောနေရာတွင် ချထားပေးမည်ဖြစ်ပါသည်။
၃။ ကြေးနန်း၊ တယ်လီဖုန်းဖြင့်အကြောင်းကြားပြီး အချိန်မီ မရောက်လာက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ ဇာတ်ရုံ+ချားရဟတ်အပါအဝင် အခြား ပျော်ပွဲရွှင်ပွဲများသည် ဂေါပကအဖွဲ့မှ ချထားသတ်မှတ်သော နေရာသာအတည်ဖြစ်ပါသည်။
၅။ ဇာတ်ရုံနှင့် အခြားရုံများအတွက် လေလံစည်းကမ်းချက် ဝယ်ယူသူများသာ လေလံဆွဲဝယ်ခွင့်ပြုပါမည်။

ဂေါပကအဖွဲ့
ပခုက္ကူမြို့
ဖုန်း-၀၆၂-၂၁၀၆၄၊ ၂၃၇၁၆၊ ၀၉-၂၀၁၀၀၆၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃၇

၁။ ဒေါ်ခင်ခင်ဆွေ [၄င်းကိုယ်တိုင်နှင့် အမှတ်(၂)မှ (၄)အထိ တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်]	**နှင့်**	ဒေါ်မြစိန် အမှတ် ၁၂၁၊ စကားဝါပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
၂။ ဦးတင်လတ်		
၃။ ဦးဇော်ဝင်း		
၄။ ဒေါက်တာဝင်းဌေး အမှတ် ၂၃၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။		
တရားလိုများ		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ အမှတ် ၁၂၁ တွင် နေထိုင်သူဖြစ်သည့် ဒေါ်မြစိန်(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

တရားလိုများဖြစ်သူ ဒေါ်ခင်ခင်ဆွေ ပါ-၄ ဦးတို့မှ သင့်အပေါ် ဤရုံးတော်တွင် တရားမကြီးမှုအမှတ် ၃၇/၂၀၁၃ ဖြင့် "အချင်းဖြစ်မြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် အဆိုပါအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" စွဲဆိုထားသည်ဖြစ်ရာ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၈ရက် (၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်) နံနက် ၁၀ နာရီတွင် လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
ဒုတိယမြို့နယ်တရားသူကြီး
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိစေရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသော နေ့ရက်အကြောင်း အကြောင်းကြားစာ

တိုက်ကြီးမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ် -၃၅
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဦးသိန်းစိုးအောင်	**နှင့်**	ဒေါ်ခင်အေးလင်း
အရှေ့ပိုင်းရပ်ကွက်၊		အမှတ် (၁၂)၊ ရွာလယ်လမ်း၊
ဖူးကြီးကျေးရွာ၊		ပုတ္တကျေးရွာ၊ ပုတ္တကျေးရွာအုပ်စု၊
မှော်ဘီမြို့နယ်။		တိုက်ကြီးမြို့နယ်။
ဒီကရီရသူ		**တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ပုတ္တကျေးရွာအုပ်စု၊ ပုတ္တကျေးရွာ၊ ရွာလယ်လမ်း၊ အမှတ်(၁၂)နေ ဒေါ်ခင်အေးလင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါအမှုတွင် တရားရှုံးပိုင် အိမ်နှင့်ခြံကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ ဦးသိန်းစိုးအောင်က လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၇ရက် မွန်းမတည့်မီ ၁၀နာရီ ချိန်းဆိုပြီးဖြစ်သည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်သိန်း)
တွံ့ဖက်မြို့နယ်တရားသူကြီး
တိုက်ကြီးမြို့နယ်တရားရုံး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄) ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၄၉၁၊ မြေအကျယ် (အလျားပေ ၄၀ × အနံပေ ၆၀)၊ ဧရိယာစတုရန်းပေ ၂၄၀၀ ရှိ ဦးသိန်းရွှေ AE-၀၇၀၅၉၄ အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝေဝေမာ ၁၂/ဥကတ(နိုင်)၁၂၈၇၈၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆို အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမပေါ်ပေါက်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးမြတ် LL.B, WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၈၀)
အမှတ် ၃၊ သမာဓိလမ်း၊ တရားရုံးအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၁၅၂၄၃၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ် ၉၆၈၊ မြေကွက်တည်နေရာအမှတ် ၉၆၈၊ ကန်သာယာ ၂ လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဒေါ်ညွန့်ညွန့် BQ-၀၀၁၆၅၅အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ညွန့်ညွန့် ခင်ပွန်း ဦးသောင်းတင်ကွယ်လွန်သဖြင့် (၁)ဒေါ်စုစုတင် ၁၂/အစန(နိုင်)၀၃၇၂၈၀၊ (၂)ဦးမျိုးစည်သူ ၁၂/အစန(နိုင်)၀၃၆၅၅၀၊ (၃)ဒေါ်မိုးစံပါယ်တင် ၁၂/အစန(နိုင်)၀၃၆၅၄၉တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊မြေကွက်အမှတ်၇၄၃၊မြေကွက်တည်နေရာအမှတ် ၇၄၃၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးညွန့်မောင် HK-၁၀၇၉၉၇ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးညွန့်မောင်ကွယ်လွန်သဖြင့် ဒေါ်လှန္တဲ့ ၁၂/စခန(နိုင်)၀၀၃၅၀၄ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ-၁၅၊ မြေကွက်အမှတ် ၁၀၃၀/ခ၊ မြေကွက်တည်နေရာအမှတ် (၁၀၃၀/ခ)၊ မိုင်းပွန် စော်ဘွားလမ်း၊ (၁၉) ရပ်ကွက် ဦးလှကြိုင်အမည် ပေါက်ပါမစ် မြေအား အမည်ပေါက် ခင်ပွန်းဦးလှကြိုင် ကွယ်လွန်သဖြင့် ဒေါ်တင်တင်အေး၁၄/နေဖ(နိုင်)၀၆၀၁၈၆က တစ်ဦးတည်းသော ဇနီး တော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဝန်ခံကတိတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာခိုင်လုံသောအထောက် အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ(၁၄)၊ မြေကွက်အမှတ် ၃၆၆/ခ၊ မြေကွက်တည်နေရာ ၃၆၆/ခ၊ တောင်ငူလမ်း၊ (၁၅)ရပ်ကွက် ဦးသန်းငြိမ်း(ခ)ဦးသန်းထွန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသန်းငြိမ်း(ခ)ဦးသန်းထွန်းထံမှ အရပ်ကတိ အရောင်းစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဒေါ်သန်းသန်းဦး ၁၂/လသယ(နိုင်)၀၀၁၇၃၅ က ပါမစ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ EO ရုံးထောက်ခံစာတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၈၊ မြေကွက်အမှတ် ၆၈၀ဒ၊ မြေကွက်တည်နေရာအမှတ်(၆၈၀ဒ)၊ (၈) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်စိန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စိန် ၁၂/ဥကမ(နိုင်)၁၀၈၉၈၀က ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာများတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်(ဂရန်)မိတ္တူမှန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၀/က၊ မြေကွက်အမှတ် ၂၄/က၊မြေကွက်တည်နေရာအမှတ်(၂၄/က)၊ လှော်ကားလမ်း၊ ၂၀/ကရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒေါ်အေးရှင် MMN -၀၄၈၂၈၉အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အေးရှင် မိခင်နှင့် ဖခင် ဦးချစ်အေးတို့ကွယ်လွန်သဖြင့် ဒေါ်စန်းကြည် MMN -၀၄၈၂၉၀၊ ဦးမျိုးဝင်း ၁၂/ဥကတ (နိုင်)၀၁၁၂၃၀တို့က သားသမီးဖြစ်ကြောင်းကျမ်းကျိန်လွှာတင်ပြပြီး ၄င်းတို့ထံမှ GP No. ၆၃၂၇/၇-၄-၁၁ ဖြင့် ရသူ ဒေါ်ဇင်ဇင်မြင့် ၁၀/သထန(နိုင်)၀၄၂၈၁၄မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄၃၊ မြေကွက်အမှတ် ၄၂၆၊ မြေကွက်တည်နေရာအမှတ် ၄၂၆၊ စေတနာ ၂လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက် ဦးစန်းမောင် CE-၀၈၃၈၁၃အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးစန်းမောင် ဇနီးဒေါ်သိန်းဟန် ကွယ်လွန်သဖြင့် ဒေါ်ကြူကြူစန်း၁၂/အစန(နိုင်)၀၆၆၁၆၉က တစ်ဦးတည်းသော သမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၂၈၄၀၊ Toyota Stout RK 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးနိုင်အေး ၁/ဗမန(နိုင်)၀၄၉၁၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဗန်းမော်)၊ ဗန်းမော်မြို့

သင့်သွေးဖြင့် အသက်ကယ်ပါ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းအောင်ကျော် (B.Ed)
လက်ထောက်အထွေထွေမန်နေဂျာ
စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန
(စာတိုက်)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အသက် (၅၉)နှစ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန(စာတိုက်)၊ လက်ထောက်အထွေထွေမန်နေဂျာ ဦးထွန်းအောင်ကျော်သည် ၁၀-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကွယ်လွန်သူ၏ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
MGL Express.

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာကြည်မြင့်
ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန
အသက် (၅၂)နှစ်

ပိတောက်အိမ်ရာ၊ တိုက်(၇၀၁)၊ အခန်း (၁၂)နေ (ဒေါ်ခင်ပပဝင်း-စိုက်ပျိုးရေးဦးစီးဌာန)၏ ခင်ပွန်း၊ မဝင်းဖြူစင်(သတ္တမတန်း၊ အထက -၅၊ နေပြည်တော်)၏ဖခင် စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဒေါက်တာကြည်မြင့်သည် ၁၈-၁-၂၀၁၄ရက် နံနက် ၀၉း၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
၁၉၈၅ခုနှစ် ဘွဲ့ရသူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာကြည်မြင့်
ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန
အသက် (၅၂)နှစ်

ပိတောက်အိမ်ရာ၊ တိုက်(၇၀၁)၊အခန်း(၁၂)နေ (ဒေါ်ခင်ပပဝင်း-စိုက်ပျိုးရေးဦးစီးဌာန)၏ ခင်ပွန်း၊ မဝင်းဖြူစင်(သတ္တမတန်း၊ အထက -၅၊ နေပြည်တော်)၏ဖခင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဒေါက်တာကြည်မြင့်သည် ၁၈-၁-၂၀၁၄ရက် နံနက် ၀၉း၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
၁၉၈၅ခုနှစ် Cereal -2 သူငယ်ချင်းများ

(၆)လပြည့် လွမ်းဆွတ်တမ်းတခြင်း

ကိုမျိုးသော်ဦး B.Sc (Phys:)
၂၁-၇-၂၀၁၃
အသက် (၄၅)နှစ်

ချစ်ရပါသောအဖေရေ ရုတ်တရက် နှုတ်မဆက်ဘဲ ခွဲခွာသွားတာ (၆)လပြည့်သွားပြီနော်၊ အချိန်တိုင်း လွမ်းဆွတ်သတိရနေပြီး အဖေ့ပုံရိပ်တွေက အချိန်တိုင်းစိုးမိုးနေလျက်ပါ။ နေ့စဉ် ကုသိုလ်ကောင်းမှုတွေလည်း လုပ်ပေးနေပါတယ်၊ မြင့်မြတ်တဲ့ဘုံဘဝကို ရောက်ပါစေလို့လည်း ဆုတောင်းပေးနေပါတယ်။

ချစ်ဇနီး - မဥမ္မာရီ
ချစ်သားလေး - မောင်မြတ်ဘုန်းသက်
G-6,C အထက-၂၊ ကမာရွတ်

ကိုအောင်မိုး (ခ) ဆူးခုံး

(မိုးကောင်းမြို့)

မိုးကောင်းမြို့၊ အလယ်ရပ်နေ (ဦးအုန်းမောင်)၊ ဒေါ်ခင်မေလွင်တို့၏သားကြီး၊ ကိုအောင်မိုး(ခ)ဆူးခုံး အသက် (၄၂)နှစ်သည် မြိတ်မြို့၊ ဗန္ဓုလလမ်း၊ ပုလဲဒီပါရပ် နေအိမ်၌ ၁၈-၁-၂၀၁၄ ရက် နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညီအစ်ကိုမောင်နှမများ

(၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းရီ (ငပယင်း)
၂၁-၁-၂၀၁၄

ခက်ထန်ကြမ်းတမ်းလှတဲ့ ဘဝခရီးလမ်းကိုဖြတ်သန်းရင်း သားသမီးတို့အပေါ် ပိုက်ထွေးယုယ လူ့ဘဝမှာ လိုတရအောင် ပြုစုလာခဲ့တဲ့အမေရေ…

ဘဝအမောတွေပြေချိန်ရောက်မှ ချစ်တဲ့မိသားစုကို ခွဲခွာသွားတာ ဒီနေ့ဆိုရင် (၃)နှစ်တင်းတင်း ပြည့်ခဲ့ပေမယ့် နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရလျက်ပါ…

အမေ့ကိုရည်စူးပြီး အမေချစ်တဲ့ အမေ့ဇာတိမြေမှာ သိမ်၊ ကျောင်း၊ ဓမ္မာရုံဆောက်လုပ် လှူဒါန်းခြင်းတို့နှင့် အတူ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်နှင့်အမျှ မြတ်ဒါနအစုစုတို့ကို အမေ့အတွက် ပြုလုပ်လျက်ပါအမေ…

အခုဆိုရင်လည်း အမေ့သက်စေ့ သံဃာတော် ၇၅ပါး ဆွမ်းကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ကို ပြုလုပ်နေပါပြီ။

ဤမြတ်ဒါန အစုစုတို့ကို အမေနှင့်အတူ ရေစက်သွန်းချ အမျှပေးဝေချင်ပေမယ့်လည်း မဖြစ်နိုင်တော့တဲ့အဆုံး ရောက်လေရာ မြင့်မြတ်သော ဘုံဘဝကနေသာ အမေမြင်နိုင်၊ ကြားနိုင်၊ သိနိုင်၍ သာဓုခေါ်ဆိုနိုင်ပါစေလို့ ညှိုးငယ်သောစိတ်နှင့် ဆုတောင်းလိုက်ရပါတယ်။

အမေရေ အမျှ-အမျှ-အမျှ

ရွှေနန်းထိုက်မိသားစု
ပြင်ဦးလွင်မြို့

21-1 (22).pmd 1 1/20/2014, 11:17 AM

ဦးတင်လွင်
(M.A YANGON) (M.A LONDON)
မြန်မာစာအဖွဲ့ အဖွဲ့ဝင်
အသက်(၈၆)နှစ်

မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဆရာကြီး ဦးတင်လွင်သည် ၁၈-၁-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ခေတ္တပြည်ထောင်စုဝန်ကြီးနှင့်
ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများ

ဦးတင်လွင်
(M.A YANGON) (M.A LONDON)
မြန်မာစာအဖွဲ့ အဖွဲ့ဝင်
အသက်(၈၆)နှစ်

မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဆရာကြီး ဦးတင်လွင်သည် ၁၈-၁-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာအဖွဲ့ အဖွဲ့ဝင်များ
ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
မြန်မာစာအဖွဲ့ ဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးထက်အောင်ကျော်
(အငယ်တန်းစာရေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)
အသက်(၂၉)နှစ်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ထုတ်လုပ်ဌာနမှ အငယ်တန်းစာရေး ဦးထက်အောင်ကျော်သည် ၁၉-၁-၂၀၁၄ရက် ညနေ ၃း၅၀နာရီတွင် ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ဦးမြင့်ထူး(ခ)စတင်လီထွန်းဦး(စိန့်ပေါလ်ကျောင်းသားဟောင်း)
ဦးစီးမှူး (လှိုင်သာယာ သမဝါယမဦးစီးဌာန၊ ငြိမ်း)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၉၃ (ပထပ်)ဝဲ၊ ၄၃လမ်းနေ (ဦးထွန်းဦး-ဒေါ်အေးမြင့်)တို့၏သား၊ ဦးမြင့်ဦး(တာမွေမြို့နယ်၊ သ/မဦးစီးဌာန၊ ငြိမ်း)-(ဒေါ်မီမီသက်)တို့၏အစ်ကို၊ ဒေါ်ခင်ချိုချို(တိုင်း သ/မဦးစီးဌာန၊ ငြိမ်း)၏ ခင်ပွန်း၊ မသီရိမွန်(ကျွန်းစုမြို့နယ် သ/မဦးစီး)၊ မမေမြတ်မွန်(နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက်)၊ မောင်ကျော်ဇေယျတို့၏ဖခင်သည် ၂၀-၁-၂၀၁၄ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စောအေးခိုင် (စစ်တွေမြို့)
အသက်(၆၁)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ် ၂၀၇နေ (ဦးဦးသာထွန်း-ဒေါ်ဦးကြာဖံ)တို့၏သမီး၊ ဒေါ်စောမြအေး (စက်မှုလယ်ယာ၊ ငြိမ်း)-(ဦးကောက်)၊ ဦးရွှေထွန်းအေး (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၊ ဦးသာဒိုးအေး(ကျောက်ဖြူ ရေဒါစခန်း၊ ငြိမ်း)-ဒေါ်သန်းသန်းခိုင်(အလပြ၊ ကျောက်ဖြူ)၊ ဦးမောင်ရွှေအေး(ရေကြောင်းပို့ဆောင်ရေး၊ ငြိမ်း)-ဒေါ်သန်းကြည် တို့၏ညီမ၊ ဗိုလ်မှူးကြီးအောင်ကျော်အေး-ဒေါ်မိုးဆမ်းဦး (အလပြ၊ ငြိမ်း)တို့၏ အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏ရှင်ရှင်၊ ဒေါ်စောအေးခိုင်(အထပြ၊ အထက-၃၊ စစ်တွေ၊ ငြိမ်း)သည် ၂၀-၁-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်လတ်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ(ဦးငွေသိန်း)-ဒေါ်အုံးသွင်တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၃၆၊ ကံ့ကော်မြိုင်လမ်း၊(၂၃)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးဘမော်)-ဒေါ်ခင်တင့်မော်တို့၏သားသမက်၊ ဒေါ်ခင်ယုမော်၏ခင်ပွန်း၊ မောင်ရဲမင်းလတ်၊ မောင်ကောင်းမင်းခန့်တို့၏ဖခင်သည် ၁၉-၁-၂၀၁၄ရက် နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၁၄ရက် (အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လီရွှေဝှါး(ခ)ဝှါးဝှါး
Senior Accountant SKY STAR HOTEL
[အထက(၂)လသာ ကျောင်းသူဟောင်း]
အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉လမ်း။ အမှတ် ၁၃၂ (သုံးလွှာ)နေ [ဦးလီပိုဝှါ(ခ)ဦးအောင်နိုင်]-ဒေါ်ပေါကျော်တို့၏သမီးငယ်၊ ဦးကျော်မြင့်-ဒေါ်ခင်စိန်ကြည်တို့၏သမီးချွေးမ၊ မလီရွှေပင်း(ခ)ဖိန်ဖိန်း၏ညီမ၊ မသီရိအေးအောင်၊ မောင်ကောင်းခန့်ကျော်တို့၏မိခင်၊ (ဦးကျော်ကျော်အောင်)၏ဇနီးသည် ၂၀-၁-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၆း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လှကြည်
(ညောင်တုန်း၊ ချောင်းကြီး)
အသက်(၈၄)နှစ်

ညောင်တုန်းမြို့၊ ချောင်းကြီးကျေးရွာနေ ဦးရုံးကြီး-ဒေါ်အေးမြိုင်တို့၏သမီးကြီး၊ ဦးရွှေဝင်-ဒေါ်လှရီ၊ (ဦးထွန်းရီ)-ဒေါ်အေးမြင့်၊ ဦးမြင့်သိန်း-ဒေါ်ကျင်မြင့်၊ (ဦးကျင်တိတ်)-ဒေါ်နွဲ့၊ (ဒေါ်တင်ငွေး)တို့၏အစ်မကြီး၊ (ဦးကောက်စိန်)၏ဇနီး၊ ဒေါ်မျိုးမျိုးသန့်၏မိခင်သည် ၂၀-၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်ငွေး
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၄၁၊ ငါးလွှာနေ (ဦးသန်း-ဒေါ်စန်းမြင့်)တို့၏သား၊ (ဦးချစ်သွင်)-ဒေါ်ခင်သန်းတို့၏သားသမက်၊ ဦးထွန်းလွင်-ဒေါ်လှသန်း၊ ဦးလှစိုး-ဒေါ်ငွေးငွေးရီ၊ ဦးတင်အုန်း-မဂျူလီအဲနာ၊ ဒေါ်တင်ချိုတို့၏ညီ/မောင်၊ ဦးစန်းလွင်-ဒေါ်အေးအေးမွန်တို့၏အစ်ကို၊ မနီနီဝင်း၏ခင်ပွန်း၊ မခိုင်သီတာအောင်ငွေး၊ မခင်ယမုံ၊ မောင်မျိုးခန့်ကို၊ မမိုးသိမ့်ထက်တို့၏ဖခင်၊တူ၊တူမ ၂၅ယောက်တို့၏ဦးလေးသည် ၁၉-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)ညနေ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၁၄ရက် (အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ရင်ရင်သန်း
အသက်(၈၈)နှစ်

သထုံမြို့နေ (ဦးဘသော်-ဒေါ်သင်းမြိုင်)တို့၏သမီး၊ (ဦးဘတင်-ဒေါ်ငွေနု)တို့၏သမီးချွေးမ၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ အမှတ် ၁၂-ခ/၅နေ ဦးဦးဘ(ငြိမ်း၊ ဗိုလ်မှူး၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် ကိုယ်စားလှယ်လုပ်ငန်း)၏ဇနီး၊ (ဦးမောင်မောင်-ဒေါ်သန်းတင်)တို့၏ညီမ၊ (ဗိုလ်မှူးမြင့်ဆွေ-ဒေါ်ရင်ရင်မြ)တို့၏အစ်မ၊ ဦးဉာဏ်ထွန်းဦး(ဝန်ကြီး၊ လျှပ်စစ်နှင့်စက်မှုလက်မှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)-ဒေါ်ခင်စောဥမ္မာ၊ ဦးငွေထွန်းဦး-ဒေါ်မေစမ်း၊ ဦးရန်ပြေ-ဒေါ်သူဇာဦး၊ ဦးလှိုင်ထွန်းဦး-ဒေါ်ခင်မေလေး၊ ဦးတောက်ထွန်းဦး-ဒေါ်ရီရီဝင်း၊ ဒေါ်မှုယာဦး၊ ဦးခင်မောင်သန်း-ဒေါ်ကြေးမှုံဦး၊ ဒေါ်သီတာဦး၊ ဦးအောင်လွင်ဦး-ဒေါ်နီလာဦးတို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၀-၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇း၄၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ကြည်
အသက်(၈၄)နှစ်

နေပြည်တော်၊ ခရေအိမ်ရာနေ(ဦးအောင်သန်း)၏ဇနီး၊ ဦးအေးကို(ဒု-အင်ဂျင်နီယာချုပ်၊ ရေ/သန့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးကျော်နိုင်ထူး-ဒေါ်လှလှသန်းတို့၏မိခင်၊ ကိုအောင်နိုင်ဟိန်း[ငယ်/ယာ ရေ/သန့်၊ အဆောက်အအုံအထူး(၁)]-မဥမ္မာအေး၊ ကိုဇော်ဝင်းနိုင်-မအေးမီမြင့်၊ ကိုမင်းနိုင်-မမေဇင်နီ၊ မောင်ထက်ဝေအောင်၊ မောင်အောင်မျိုးကိုတို့၏အဘွားသည် ၂၀-၁-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ပဒုမ္မာလမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ ခြံအမှတ် ၉၄၊တိုက်အမှတ် ၆၊အခန်း ၄ သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ဂင်ယု(မြိတ်) သက်ကြီးကန်တော့ခံ၊ အသင်းဝင်အမှတ်-၁၅၀၈
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅လမ်း၊ အမှတ် ၂၃-B နေ ဦးဂွမ်စွန်၏ဇနီးသည် ၁၈-၁-၂၀၁၄ရက်တွင်ကွယ်လွန်သွားပါ၍ ၂၂- ၁-၂၀၁၄ ရက် မွန်းလွဲ၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မြိတ်အသင်းနှင့်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဒေါ်အမာရီ
အရာခံဗိုလ်(ငြိမ်း)၊ တပ်မတော်(ရေ)
အသက်(၇၅)နှစ်

(ဦးအောင်ချစ်-ဒေါ်စောဥ)တို့၏သမီး၊ (ဒေါ်ခင်စီ)၊ ဗိုလ်မှူးဒေါ်သန်းရှင်(ငြိမ်း)တို့၏ညီမသည် ၂၀-၁-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၂၀/၁၉၂၊ ဦးအောင်ဇေယျလမ်း၊ ရွှေပေါက်ကံနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လှမြင့်
အသက်(၇၄)နှစ်

မန္တလေးမြို့၊ သီရိမာလာအရှေ့ရပ်ကွက်၊ ပိတောက်ဆောင်၊ အခန်း ၂၃နေ (ဦးအောင်နိုင်ဦး)-ဒေါ်ကြေးမုံစိုး၊ ဒေါ်သီဂီဝင်း(လဝက၊ စစ်ကိုင်းခရိုင်)၊ ဦးညီညီမောင်-ဒေါ်သန္တာဝင်း၊ ဒေါ်သဥ္ဇာဝင်းတို့၏မိခင်၊ မောင်အာကာမင်းမြတ်၏ အဘွား၊ (ဦးတင်မောင်ဝင်း)၏ဇနီးသည် ၂၀-၁-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကြီးစိုးတင့်(ငြိမ်း) (ကြည်း-၁၂၃၈၁)
M.B.,B.S (YGN) Dip.in General Medicine
အထူးအရာရှိ(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ FMI City နေ (ဦးညွန့်ရှိန်)-ဒေါ်ကြွယ်ကြွယ်တို့၏သားကြီး၊ စစ်ကိုင်းမြို့၊ နန်းတော်ရာရပ်နေ (ဦးကြူ-ဒေါ်ရီ)တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်(ငြိမ်း)-ဒေါ်ဥမ္မာ၊ ဦးအေးချို-ဒေါ်မြင့်မြင့်ကြည်[ဒု-စာရင်းကိုင်ချုပ်(ငြိမ်း)၊ ဆသရ၊ အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး)၊ M.T.N Co.,Ltd.]၊ ဦးတင်အုန်း(စစစ၊ ငြိမ်း)-ဒေါ်စောနန်းကြည်၊ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)-ဒေါ်သန်းသန်းလှိုင်၊ ဦးစိုးဝင်း၊ ဦးငြိမ်းအောင်၊ (ဦးကျော်စိုး)တို့၏အစ်ကိုကြီး၊ ကိုစောနိုင်မင်း(ခေတ္တ-စင်ကာပူ)၊ ဒေါက်တာသက်သက်စိုး(ခေတ္တ-မလေးရှား)တို့၏ဖခင်၊ မန္တလေးမြို့၊ အောင်မြေသာဇံရပ်နေ ဒေါက်တာဒေါ်မိမိ၏ခင်ပွန်းသည် ၁၄-၁-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၄ ရက် ညနေ ၃နာရီတွင် စစ်ကိုင်းမြို့ မြို့မသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးအောင်စိုး(ခ)အံ့ဘိ
ဘားအံမြို့၊ ဝတ်ကြီးရွာ(ငါးသုံးလီ)
ဘားအံမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်
အသက်(၇၁)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ (၃)ရပ်ကွက်၊ ဓမ္မပီယကျောင်းလမ်းနေ (ဦးစိန်အံ့-ဒေါ်အုံးတင်)တို့၏ သားကြီး၊ ဦးမြင့်စိုး-ဒေါ်တင်တင်ဝင်း၊ ဦးလှစိုး-ဒေါ်နန်းခင်ကြည်၊ ဦးတင်စိုး-ဒေါ်စုကျန်၊ ဒုရဲမှူးကြီးအောင်သန်းဦး(ဒု-ညွှန်မှူး၊ ဥပဒေ/စည်းကမ်းဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်) - ဒေါ်သန်းသန်းစိုးတို့၏အစ်ကိုကြီး၊ ကိုအောင်ကျော်ဦး၊ မမိုးမိုးဟန်၊ မဝိုင်းဝိုင်းဝင့်တို့၏ဖခင်၊ တူ၊ တူမ ၁၂ယောက်တို့၏ဘဘကြီး၊ မပန်းဖြူ၏ဘိုးဘိုးကြီး၊ ကမာရွတ်မြို့နယ်၊ရွှေပုန်းညွှန့်ရိပ်မွန်အိုင်(3)နေ ဒေါ်လှနေ၏ခင်ပွန်းသည် ၂၀-၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးလှကြည်(ခ)ဦးကျီးညို
(ကြည့်မြင်တိုင်)
(စန္ဒာရပ်ရှင်၊ ရတနာဓာတ်ပုံတိုက်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၈၆၃/ခနေ (ဦးမောင်တင်-ဒေါ်လှရွှေ)တို့၏သား၊(ဦးမောင်မောင်-ဒေါ်အုံးချစ်)တို့၏သားသမက်၊ (ဒေါ်ဟန်တင်)၏ ခင်ပွန်း၊ (ကိုသက်အောင်)၊ ကိုဝင်းဖေ-မဖြူဖြူအေး၊ မအေးအေးဟန်၊ မစမ်းစမ်းအေး၊ ကိုကျော်ကျော်မြင့်(ဓာတ်ပုံ)-မမိုးမိုးဆွေ၊ မခင်ခင်ချော၊ မောင်မောင်သိန်းတို့၏ဖခင်၊ မောင်မျိုးကိုကို၊ မောင်ဝေစည်ဖြိုး (မြဝတီဘဏ်)-မယမင်းရွှေစင်၊ မောင်ကျော်စည်သူဟိန်း၊ မယွန်းသီရိဟန်တို့၏အဘိုးသည် ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ယဉ်ကြည်
အလပြဆရာမ(ငြိမ်း)
အထက(၁)ပုဇွန်တောင်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ လင်းလွန်းလမ်း၊ အမှတ် ၄၇နေ (ဦးမောင်မောင်လေး)၏ဇနီး၊ ဦးညွန့်စီ(KTM သောက်ရေသန့်)-ဒေါ်ခင်မော်ဝေ (ဒု-ညွှန်မှူး၊ စက်မှုဝန်ကြီးဌာန)၊ (ဦးချိုဝင်း)-ဒေါ်ခင်ဖြူဝင်း၊ ဒေါက်တာနိုင်ဝင်း (စိတ်ကျန်းမာရေး၊ အထူးကုဆရာဝန်ကြီး၊ ကျောက်ဆည်ဆေးရုံ)-ဗိုလ်ကြီးထိပ်တင်ချို(ဆေးတပ်)၊ ဦးညွန့်ဝင်း-ဒေါ်ရင်ရင်မြင့်(အလယ်တန်းပြ၊ လှိုင်သာယာ)တို့၏ မိခင်၊ (ဗိုလ်ကြီးဝင်းကြည်)-ဒေါ်သန်းတင်တို့၏အစ်မ၊ ဦးတိုးနိုင်၊ ဒေါ်မေစုဝင်းတို့၏ကြီးကြီး၊ မြေးရစ်ယောက်တို့၏အဘွားသည်၂၀-၁-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၃း၃၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး(ဂျပန်)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Pu Tawng Khen Thang
(ဦးသောင်းခင်)
Khuomun Man Tuong
အသက်(၆၃)နှစ်

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ခေါ်မွန်ကျေးရွာနေ(Pu Suon Kho Mang-Pi Hoi Za Ciin)တို့၏သား၊ (Pi Dim Kho Nieng-Pu Zam Kho Mang), (Pi Cin Kho Nien-Pu Huot Cin Thang), Pu Tawng Cin Laang - Pi Khan Kho Ciin, (Pu Pau Kha Thang)-Pi Ciin Kho Man, Pi Cing Khan No-(Pu Thang Cin Khup), Pi Aih Kho Man-(Pu Kam Cin Hau), Pi Kham Khan Cing-(Pu Khan Cin Thang) တို့၏ညီ/မောင်၊ (Tg Tawng Kap Thang)၏အစ်ကို၊ Nu Ciin Nem Cing-Pa Lien Hau Khup (USA), Nu Man Nien Nieng-Pa Hau Ngaih Lien(မလေးရှား)၊ Tg Mang Dal Lien (မလေးရှား)၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့၊ ခိုင်သဇင်လမ်း၊ အမှတ် ၃၅၁နေ Tg Mang Muon Pau, Tg Khup Lam Kim,Lie Ciin Dam Luon, Tg Thang Kann Saang, (Tg Mang Vanng Lal) တို့၏ဖခင်၊ (Nu Man Zam No), Nu Nieng Lam Vung တို့၏ခင်ပွန်း၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၉-၁-၂၀၁၄ရက် ညနေ ၅း၃၀နာရီတွင် တာမွေ နား၊ နားခေါင်း၊ လည်ချောင်းဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၂-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [အထက်ပါနေအိမ်နှင့် ဇောနွေလဘုရားကျောင်းရှေ့၊ လှိုင်သာယာ၊ ကျန်စစ်သားအိမ်ရာ၊ ဈေးလေးမှတ်တိုင်၊ ယုဇနမြို့တော်မုခ်ဦး မ/ဒဂုံ၊ (၇/၈)လမ်းစုံများမှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မသာစိန်
(ဘူးသီးတောင်၊ မြောက်ဦး)
အသက်(၅၈)နှစ်

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နေ (ဦးရဲမြ - ဒေါ်စိန်ဝင်းဖြူ)တို့၏သမီး၊ မြောက်ဦးမြို့၊ ညောင်ပင်ဈေးရပ်ကွက်နေ (ဦးစိန်သာလှ)-ဒေါ်စောနုလှတို့၏ ချွေးမ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ တိုက် ၁၃၃၈၊အခန်း ဝ၆နေ ဦးမောင်သာတင် (သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး)၏ဇနီး၊ ဦးမြင့်ဇော်ဦး (ဆက်သွယ်ရေး) - ဒေါ်နှင်းယဉ်မြင့် (မြောက်ဦးမြို့နယ် သ/မဦးစီးဌာန)၊ ဦးစစ်ကျော်မြင့် - ဒေါ်ဖြိုးဝေအောင် (ရိုးမမြေ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည်၂၀-၁-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီးမှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ နန္ဒမာလာ
တောင်ဥက္ကလာစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ
မြို့နယ်သံဃနာယကဥက္ကဋ္ဌဟောင်း၊ တောင်ဥက္ကလာပမြို့နယ်၊
ရတနာသိင်္ဂီကျောင်းတိုက်၊ တောင်ဥက္ကလာပမြို့နယ်တို့၏
ပဓာနနာယကဆရာတော်ကြီး
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ အမှတ်(၅)ဝိုင်း၊ ကန်ဦးကျောင်းတိုက်၊ ရတနာသိင်္ဂီစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော်သည် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်) ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) ၂၃-၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (မွန်းတည့် ၁၂ နာရီတွင် အန္တိမဈာပနအခမ်းအနား ကျင်းပပူဇော်ပြီး မွန်းလွဲ ၁နာရီတွင် ရတနာသိင်္ဂီကျောင်းမှ ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ
တပည့် ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစိန်တင် (ရွှေဂွန်း)
အသက်(၈၄)နှစ်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရွှေဂွန်းမြို့နေ (ဦးထွန်းရှိန်-ဒေါ်ငွေညှာ)တို့၏သား၊ (ဦးသိန်းတင်-ဒေါ်အုန်းကျင်)တို့၏ညီ/မောင်၊ (ဒေါ်တင်မြင့်)၊ (ဦးကိတ္တိ)၊ (ဦးစိုးရီ)-ဒေါ်ညွန့်မေ၊(ဦးငွေစော-ဒေါ်သိန်း)၊ ဦးသန်းကျော်-ဒေါ်လှထွေး၊ ဦးစိုးမင်း-ဒေါ်ဟန်ကြည်၊ (ဦးကျော်ညွန့်)တို့၏အစ်ကို၊ ဆရာမဒေါ်ခင်မာဝေ၊ ဦးသာအောင်ကျော်၊ ဦးမောင်ကြီး(ခ)ဦးငွေးဝင်း၊ ဦးရဲနိုင်၊ ဒေါ်လှလှဝေ၊ ဒေါ်လှတိုးဝေ၊ ဦးဇော်ဝင်း-ဒေါ်မာယဉ်အေး၊ ဦးအောင်စိုးနိုင်၊ ဦးအောင်မင်းစိုးတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ (ဒေါ်အုန်းမြိုင်)၏ ခင်ပွန်းသည် ၁၉-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရွှေဂွန်းသုသာန်၌သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၄ရက်(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်လှိုင်ဦး(သန်လျင်) အထက်တန်းပြ(ငြိမ်း)၊ ခနောင်တိုလယ်စိုက်ရှင်း(ငြိမ်း)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာနေ (ဦးလှမောင်-ဒေါ်ညွန့်)တို့၏သား၊ (ဦးနီသင်း-ဒေါ်ငွေကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၂၀၆ (ပထပ်)၊ လမ်း ၃၀အထက်၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်နှင်းရီ၏ ခင်ပွန်း၊ (ဦးတင်နွယ်)၏ညီ၊ ဒေါ်ခင်ဥ၊ဒေါ်ခင်ရွှေ၊ ဒေါ်ခင်သိန်း၊ ဦးလှချို၊ဦးတင်အုန်း၊ ဦးမြင့်ထွေးတို့၏အစ်ကို၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်နေ (ဦးအောင်စိုးလှိုင်)-ဒေါ်ခင်မာသက်၊(ဦးသန်းထွဋ်လှိုင်)၊မိုးကုတ်မြို့၊ကျပ်ပြင်ရပ်နေ ဦးအောင်မိုးလှိုင်-ဒေါ်ဖြူဖြူဝင်း၊ ဦးဇော်လင်းအောင်-ဒေါ်မိမိလှိုင် (မိုးကျော်စာပေ၊ လမ်း ၃၀)၊ ဦးဉာဏ်ထွန်းလှိုင်-ဒေါ်သင်းသင်းစိုး(၂၅ရပ်ကွက်၊သုဝဏ္ဏ)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၀-၁-၂၀၁၄ရက် နံနက် ၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[လမ်း ၃၀ နေအိမ်နှင့် (၂၅)ရပ်ကွက် နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဦးလှသွင်(ဗိုလ်ကြီး၊ ငြိမ်း) လေ-၁၅၃၂
မြို့နယ်စစ်မှုထမ်းဟောင်း-ဥက္ကဋ္ဌ(ငြိမ်း)၊ လှိုင်မြို့နယ်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ် ၁၅/က၊ ဓမ္မာရုံလမ်းနေ (ဦးဘလှ-ဒေါ်သိန်းညွန့်)တို့၏သား၊ မောင်ဗမာစွပ်ကျယ်စက်ပိုင်ရှင် (ဦးဘရှိန်-ဒေါ်သန်းသန်း)တို့၏သားသမက်၊ ဒေါ်ရီရီ၏ခင်ပွန်း၊ ဦးအေးကျော်မင်း-ဒေါ်ခင်မာဝေ၊ ဒေါက်တာဦးအောင်ကျော်ညွန့်(ကောင်းမြတ်သွား/ခံတွင်း)-ဒေါ်ချိုစီသွင် (DZEC စာသင်ဝိုင်း)၊ ဦးဇော်မင်းသွင် (DD Venus Co.,Ltd.) - Ms Chantana Kantaprom တို့၏ဖခင်၊ ဦးမြလွင်-ဒေါ်ညွန့်ညွန့်ဆိုင်တို့၏အစ်ကို၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၁၅/က၊ ဓမ္မာရုံလမ်း၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမျိုးအောင် B.A (Myanmar)
ဖိုးကံကောင်း Agency (M.D)၊ အတွင်းရေးမှူး(၁) MCBA
အသက်(၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပွဲစားတန်းလမ်း၊ အမှတ် ၅နေ (ဦးမောင်ခင်)-ဒေါ်တင်အေးတို့၏သား၊ (ဦးနော)-ဒေါ်သန်းရွှေတို့၏သားသမက်၊ ဦးမောင်မောင်ငွေး(အုန်းသီးရောင်းဝယ်ရေး)-ဒေါ်လှလှဝင်း၊ ဒေါ်ခင်စန်းဝင်း၊ (ဦးအုန်းသိန်း၊ ဆိပ်ကမ်းအာဏာပိုင်၊ ငြိမ်း)-ဒေါ်ခင်စီ၊ ဦးသိန်းထွန်း(တကက၊ အမှတ်-၁၊ ယာဉ်သိုလှောင်ရေးတပ်)-ဒေါ်ခင်အေးဝင်းတို့၏ညီ/မောင်၊ ဦးမောင်မောင်လွင်(ခေတ္တ-စင်ကာပူ) - ဒေါ်ခင်အေးမြင့်၊ ဦးမြင့်နိုင် (တကက၊ ထပရ-၃၂၃)-ဒေါ်သန်းသန်းဆင့်တို့၏အစ်ကို၊ ဗိုလ်ကြီးကျော်သူ (စာပေ-၂)-ဒေါ်ရွှေရည်ဖူး(Telecome Co.,Ltd.)၊ ကိုသူရသိန်း(Master Glory Co.,Ltd.)၊ မောင်ငွေးကိုကို(AYA Bank)၊ မောင်ခန့်စည်သူ(G-10,A၊ အထက-၂၊ ဗဟန်း)တို့၏ဦးလေး၊ ဒေါ်သစ်သစ်၏ခင်ပွန်း၊ မနှင်းဦးဝတ်ရည်(ခ)စန္ဒီမျိုးအောင်(G-5,A-2၊ အမက-၇၊ တာမွေ)၏ဖခင်သည် ၁၉-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၀နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

mmalin.npt @ gmail.com, နှင့်
www. facebook.com/MYANMAALINNNEWS

(၂၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပခဲ့ရာ ပိတ်ပွဲအခမ်းအနား တင်ဆက်မှု အစီအစဉ်ဖြင့် ဇန်နဝါရီ ၂၀ ရက်က မီးရှူးမီးပန်းများ ပစ်ဖောက် ဂုဏ်ပြုစဉ်။ (သတင်းစဉ်)

ရေကြောင်းတက္ကသိုလ်နှင့် ကုန်သွယ်ရေကြောင်းကောလိပ်တို့အပြင် ပုဂ္ဂလိကသင်တန်းကျောင်းများဖြင့် သင်္ဘောသားများအရည်အသွေးမြှင့်တင်

သတင်း
သိမ့်သိမ့်မိုး

ရန်ကုန် ဇန်နဝါရီ ၂၀

အလုပ်အကိုင်အခွင့်အလမ်းကောင်းတစ်ခုအနေဖြင့် လူငယ်များ စိတ်ဝင်တစားတက်ရောက်မှုများပြားသည့် ရေကြောင်းအတတ်ပညာ သင်တန်းများကို အစိုးရသင်တန်းကျောင်းများအပြင် ပုဂ္ဂလိကသင်တန်းကျောင်း ၁၀ ကျောင်းအထိ တိုးမြှင့်ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်(IMO)ကသတ်မှတ်ထားတဲ့ လိုအပ်ချက်အတိုင်း မြန်မာသင်္ဘောသားတွေ ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်တွေ ရရှိလာဖို့အတွက် လေ့ကျင့်သင်ကြားပေးနေပါတယ်။ သင်ကြားမှုအပြင် သင်ယူတတ်မြောက်မှုဆိုင်ရာ အကဲဖြတ်မှုတွေမှာလည်း အပြည်ပြည်ဆိုင်ရာရေကြောင်း ဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ စီမံခန့်ခွဲပေးပြီး စောင့်ကြည့်စိစစ်မှုတွေပြုလုပ်ပေးနေပါတယ်။ လိုအပ်ချက်အရ ရေကြောင်းတက္ကသိုလ်နဲ့ ကုန်သွယ်ရေကြောင်းကောလိပ်တွေအပြင် ပုဂ္ဂလိကသင်တန်းကျောင်းတွေအနေနဲ့လည်း ရေကြောင်းအတတ်ပညာတွေ သင်ကြားမှုအတွက် ဖွင့်လှစ်ပေးတာ ၁၀ ကျောင်းခန့်ရှိပါပြီ" ဟု ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရေကြောင်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပြောကြားသည်။

သင်တန်း ကျောင်းများတွင် သက်ဆိုင်ရာသင်တန်းအလိုက် စာမေးပွဲများ စစ်ဆေးလျက်ရှိရာ ရေယာဉ်မှူး(ပင်လယ်ရပ်ခြားသွား) ၁၁၇၂၂ ဦး၊ ပထမအရာရှိ (ပင်လယ်ရပ်ခြားသွား) ၂၁၅၁ ဦး၊ ဒုတိယအရာရှိ (ပင်လယ်ရပ်ခြားသွား) ၆၅၄၆ ဦးနှင့် (ကမ်းရိုးတန်းသွား)ရေယာဉ်မှူး ၈၂ ဦး၊ (ကမ်းရိုးတန်းသွား)ပထမအရာရှိ ၅၀၀ တို့ သင်တန်းအောင်မြင်ပြီးဖြစ်ကြောင်း သိရသည်။

ပုဂ္ဂလိကသင်တန်းကျောင်း ၁၀ ကျောင်းမှလည်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်မှ ချမှတ်ထားသည့် သင်ရိုးအတိုင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ သင်တန်းကျောင်းအလိုက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိသည်။

ကျွမ်းကျင်မှုလက်မှတ်ရသင်တန်းများကို ဖေဖော်ဝါရီ၊ ဇွန်နှင့် အောက်တိုဘာလတို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တအပတ် ၄၀ ဖြစ်သည်။ ရေယာဉ်မှူးသင်တန်းကာလမှာ ၁၂ ပတ်မှ အပတ် ၄၀ ထိရှိကြောင်း သိရသည်။

သင်ကြားမှု ထိရောက်စေရေးအတွက် သင်တန်းသားဦးရေကို ကန့်သတ်ထားပြီး သင်တန်းတစ်ခုလျှင် ဦးရေ ၄၀ ခန့်သာ လက်ခံ၍ တာဝန်ခံဆရာတစ်ဦးက ပို့ချပေးလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၅ ▲

ယနေ့ မာတိကာ

နယူးဇီလန်၌ အားပြင်းငလျင်လှုပ်သော်လည်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခြင်းမရှိ စာ - ၄

အပြောလွယ်သလောက် အလုပ်ခက်သည့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ကျရေးကိစ္စ(၂) ဆောင်းပါး စာ - ၆

မလေးရှားနိုင်ငံတွင် တရားဝင်နိုင်ငံခြားသား အလုပ်သမားအားလုံးကို အချက်ပြစစ်ဆေးနိုင်သော နည်းပညာဖြင့်ပြုလုပ်ထားသည့် I-KADထုတ်ပေးမည် စာ - ၁၁

မာဆေးအတွက် ခက်ခဲမယ့် ပြင်သစ်ဖလားပွဲစဉ် စာ - ၁၄

အချပ်ပိုများပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲ အထူးကဏ္ဍ လေးမျက်နှာနှင့် ဥပဒေကြမ်း သုံးမျက်နှာနှင့် ကြော်ငြာအချပ်ပို ကိုးမျက်နှာ ပါရှိပါသည်။

အခွန်စနစ်နှင့် အသားမကျသေးသည့် ရန်ကုန်အိမ်ခြံမြေဈေးကွက်

ရန်ကုန် ဇန်နဝါရီ ၂၀

သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - မန်းသားလေး

အိမ်ခြံမြေဈေးနှုန်းများ အနည်းငယ်ကျဆင်းလာပြီး နှစ်ဆန်းပိုင်းအတွင်း အရောင်းအဝယ်မရှိသလောက်နီးပါး ဖြစ်နေရခြင်းမှာ အခွန်သတ်မှတ်မှုနှုန်းထား လိုအပ်ချက်များကြောင့်ဖြစ်ကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

ရန်ကုန်အိမ်ခြံမြေဈေးကွက်အတွင်း တန်ဖိုးသင့်တိုက်ခန်းများနှင့် မြို့စွန်များရှိ မြေကွက်များမှာ အရောင်းအဝယ် နည်းပါးလာခြင်းကြောင့် ခေါ်ဆိုဈေးနှင့် အမှန်တကယ် ရောင်းချဈေးများလည်း ကွာခြားလျက်ရှိသည်။ ထို့အပြင် မြို့တွင်း၌လည်း အရောင်းအဝယ်မရှိသလောက်ဖြစ်နေပြီး အရောင်းအဝယ်အားနည်းမှု ဆက်လက်ကြာရှည်လာပါက ဈေးနှုန်းများလည်း လိုက်ပါကျဆင်းလာနိုင်ဖွယ်ရှိကြောင်း အိမ်ခြံမြေလုပ်ငန်း ကျွမ်းကျင်သူအချို့က ခန့်မှန်းသည်။

"ပြီးခဲ့တဲ့နှစ် အောက်တိုဘာလကတည်းက အရောင်းအဝယ်ကျဆင်းလာတာဖြစ်ပါတယ်။ အကြောင်းရင်းကတော့ မြို့နယ်အလိုက် ကာလတန်ဖိုးစံနှုန်းတွေ သတ်မှတ်ပြီး အခွန်ပေးဆောင်စေခဲ့တဲ့နောက်ပိုင်းမှာ အခွန်အခနဲ့ အလုပ်မ်းဝေးတဲ့ဝယ်ရောင်းသမားတွေက ငြိမ်သွားတော့ ဈေးကတန့်သွားခဲ့ရတယ်။ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က ရန်ကုန်မြို့မှာရှိတဲ့ မြို့နယ်အလိုက် အိမ်ခြံမြေဈေးနှုန်းတွေကို ကန့်သတ်ပေးခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အိမ်ခြံမြေဈေးတွေ ကျဆင်းလာပြီး အရောင်းအဝယ်လည်း တန့်နေခဲ့တယ်"ဟု အိမ်ခြံမြေအကျိုးဆောင်အသင်းမှ တာဝန်ရှိသူ ဦးသန်းဦးက ရှင်းပြသည်။

သို့ရာတွင် မြို့နယ်အလိုက် အခွန်သတ်မှတ်မှုနှုန်းထားများမှာ ကွာခြားမှုအနည်းငယ်ရှိပြီး

စာမျက်နှာ ၅ ကော်လံ ၁ ○

ဥပဒေကြမ်း

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ် လ ရက်

(၂၀၁၃ ခုနှစ် လ ရက်)

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **"အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသေးစားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ-

(၁) ထုတ်လုပ်မှုလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၅၀ ဦးအထိရှိသော သို့မဟုတ် မတည်ရင်းနှီးငွေ **ကျပ်သိန်း ၅၀၀** အထိရှိသောလုပ်ငန်း။

(၂) လုပ်အားအခြေပြုထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစား လုပ်ငန်းကို အဓိကလုပ်ကိုင်သောလုပ်ငန်းဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၃၀၀ ဦးအထိရှိသော သို့မဟုတ် မတည်ရင်းနှီးငွေ **ကျပ်သိန်း ၅၀၀** အထိရှိသောလုပ်ငန်း။

(၃) လက်ကားရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၃၀ ဦးအထိ ရှိသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ **ကျပ်သိန်း ၁၀၀** အထိရှိသောလုပ်ငန်း။

(၄) လက်လီရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၃၀ ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ **ကျပ်သိန်း ၅၀** အထိရှိသောလုပ်ငန်း။

(၅) ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၃၀ ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ **ကျပ်သိန်း ၁၀၀** အထိရှိသောလုပ်ငန်း။

(၆) အထက်အပိုဒ်ခွဲငယ် ၁၊ ၂၊ ၃၊ ၄ နှင့် ၅ တို့မှအပ အခြားလုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၃၀ ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ **ကျပ်သိန်း ၅၀** အထိရှိသောလုပ်ငန်း။

(ခ) **အလတ်စားစီးပွားရေးလုပ်ငန်း**ဆိုသည်မှာ-

(၁) ထုတ်လုပ်မှုလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၃၀၀ ဦးအထိရှိသော သို့မဟုတ် မတည်ရင်းနှီးငွေ **ကျပ်သိန်း ၅၀၀** အထက်မှ **ကျပ်သိန်း ၁၀၀၀** အထိရှိသောလုပ်ငန်း။

(၂) လုပ်အားအခြေပြုထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစားလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၆၀၀ ဦးအထိရှိသော သို့မဟုတ် မတည်ရင်းနှီးငွေ **ကျပ်သိန်း ၅၀၀** အထက်မှ **ကျပ်သိန်း ၁၀၀၀** အထိရှိသော လုပ်ငန်း။

(၃) လက်ကားရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၆၀ ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ **ကျပ်သိန်း ၁၀၀** အထက်မှ **ကျပ်သိန်း ၃၀၀** အထိရှိသော လုပ်ငန်း။

(၄) လက်လီရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၆၀ ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ **ကျပ်သိန်း ၅၀** အထက်မှ **ကျပ်သိန်း ၁၀၀** အထိ ရှိသောလုပ်ငန်း။

(၅) ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၁၀၀ ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ **ကျပ်သိန်း ၁၀၀** အထက်မှ **ကျပ်သိန်း ၂၀၀** အထိရှိသောလုပ်ငန်း။

(၆) အထက်အပိုဒ်ခွဲငယ် ၁၊ ၂၊ ၃၊ ၄ နှင့် ၅ တို့မှအပ အခြားလုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၆၀ ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ **ကျပ်သိန်း ၅၀** အထက်မှ **ကျပ်သိန်း ၁၀၀** အထိရှိသောလုပ်ငန်း။

(ဂ) **လုပ်ငန်းဆောင်ရွက်သူ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်း သို့မဟုတ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းနှစ်ရပ်လုံးကို လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းလုပ်ဆောင်သူ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

(ဃ) **စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့** ဆိုသည်မှာ သက်ဆိုင်သည့် တည်ဆဲဥပဒေများအရ မှတ်ပုံတင်ထားသည့် လုပ်ငန်းဆောင်ရွက်သူများ၏ အကျိုးအမြတ်မယူသော အသင်းအဖွဲ့၊ ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း၊ တစ်ဆင့်ခံအဖွဲ့အစည်းနှင့် အဖွဲ့ခွဲတစ်ခုခုကို ဆိုသည်။

(င) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(စ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဆ) **အေဂျင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဗဟိုကော်မတီက ဖွဲ့စည်းထားသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဇ) **အကြံပေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းကော်မတီက ဖွဲ့စည်းသည့် ပြည်တွင်းနှင့် ပြည်ပတို့မှ ကျွမ်းကျင်သူပညာရှင်များ ပါဝင်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပေးအဖွဲ့ကိုဆိုသည်။

(ဈ) **အေဂျင်စီရုံးခွဲများ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သို့မဟုတ် ပြည်ထောင်စုနယ်မြေတို့တွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသော ရုံးခွဲများကို ဆိုသည်။

(ည) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ ထူထောင်ထားသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေကို ဆိုသည်။

(ဋ) **ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေနှင့်အညီ ဗဟိုကော်မတီက ဖွဲ့စည်းပေးထားသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို စီမံခန့်ခွဲသည့်အဖွဲ့ကို ဆိုသည်။

(ဌ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော်ရာတွင် အဓိကတာဝန်ယူဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **သက်ဆိုင်ရာဝန်ကြီးဌာနများ** ဆိုသည်မှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော်ရာတွင် ဆက်စပ်ပါဝင်နေသော ဝန်ကြီးဌာနများကို ဆိုသည်။

(ဎ) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်း ပြည်ထောင်စုအစိုးရက ခွင့်ပြုသော ဘဏ်တစ်ခုခုကို ဆိုသည်။

(ဏ) **ဆန်းသစ်အသုံးပြုမှု** ဆိုသည်မှာ စျေးကွက်ဝင် ပိုမိုအသုံးတည့်သော နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုနှင့် ဖွဲ့စည်းဆောင်ရွက်မှုများကိုဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **နိုင်ငံအဝန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊**

(ခ) **အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးရန်၊**

(ဂ) **ဝင်ငွေအသစ်များရရှိစေရန်၊**

(ဃ) **လူနေမှုအဆင့်အတန်း တိုးတက်စေရန်၊**

(င) **စီးပွားရေးနှင့်ဆက်စပ်သည့် သတင်းအချက်အလက်၊ နည်းပညာအထောက်အကူပြုဝန်ဆောင်မှုများ၊ ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာရရှိနိုင်စေရန်၊**

(စ) **ပြည်တွင်းပြည်ပ စျေးကွက်များသို့ လက်လှမ်းမီစေရန်၊**

(ဆ) **ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တိုးတက်ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ရပ်ကို ဖော်ဆောင်ပေးရန်။**

အခန်း (၃)

အခြေခံမူများ

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ၏ အဟန့်အတားများကို လျှော့ချရန်အတွက် လည်းကောင်း၊ စွန့်ဦးတီထွင်မှု၊ ဆန်းသစ်အသုံးပြုမှု၊ စျေးကွက်ဦးစားပေးလုပ်ငန်းခွင်အသက်မွေးဝမ်းကျောင်းပညာရေးနှင့် သင်တန်းများ၊ သင့်လျော်သည့် ဘဏ္ဍာရေးဆိုင်ရာ ယန္တရားများကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း၊ လိုအပ်သည့် ဥပဒေရေးရာနှင့် စီမံခန့်ခွဲရေးမူဘောင်ကို ချမှတ်ပေးခြင်း။

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်တွင်းစျေးကွက်တွင်သာမက ပြည်ပစျေးကွက်များတွင်ပါ နိုင်ငံတကာစံချိန်စံညွှန်းမီ အရည်အသွေးရှိသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရည်နှင့် စျေးကွက်ရရှိရေး ဆောင်ရွက်ပေးခြင်း။

(ဂ) မှတ်ပုံမတင်ရသေးသော စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် တိုက်တွန်းအားပေးခြင်း။

(ဃ) အသစ်စတင်မည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်နည်းပညာ၊ သင်တန်းနှင့် ငွေကြေးရရှိစေရန် အထောက်အကူပေးခြင်း။

(င) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ် တိုးတက်ရေးနှင့် အရင်းအမြစ်လုံလောက်စွာရရှိရေးတို့ကို တိုးမြှင့်ပေးခြင်း။

(စ) စီးပွားရေးလုပ်ငန်းရှင်များအား ဆန်းသစ်တီထွင်သည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများထုတ်လုပ်ရန်နှင့် ကုန်ထုတ်လုပ်မှုစွမ်းရည် တိုးတက်ရန်တို့အတွက် ကုန်ထုတ်လုပ်ငန်းနှင့် ဖြန့်ဝေမှုတို့တွင် ခေတ်မီနည်းပညာနှင့်အထောက်အကူပြုပစ္စည်းများကို လိုက်လျောညီထွေအသုံးပြုရန်နှင့် အတုယူရန်အတွက် အားပေးတိုက်တွန်းခြင်း။

(ဆ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူသားအရင်းအမြစ် တိုးတက်ရေးကို အားပေးခြင်း။

(ဇ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်လုပ်ကိုင်ခြင်း။

အခန်း (၄)

ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သောပုဂ္ဂိုလ်အား ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရဌာနနှင့် အသင်းအဖွဲ့များမှသင့်လျော်သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုကော်မတီကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

၆။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ခြင်း၊

(ခ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများ ရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ကျေးလက်ဒေသအထိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းစျေးကွက်များ ဖွံ့ဖြိုးရေးအားပေးမြှင့်တင်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများအတွက် ပုံမှန်စျေးကွက်ချိတ်ဆက်ရေးလုပ်ငန်းများ ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

စာမျက်နှာ ၁ သို့

ဥပဒေကြမ်း

စာမျက်နှာ ကမှ

(င) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေး စီစဉ်ပေးခြင်း၊

(စ) စွမ်းအင်ချွေတာသုံးစွဲရေး နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဆ) တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုရေးအတွက် လိုအပ်သည်များ ပံ့ပိုးပေးခြင်း၊

(ဇ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကြံပေးအဖွဲ့ဖွဲ့စည်းရေးကို ခွင့်ပြုပေးခြင်း။

အခန်း(၅)
လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သောပုဂ္ဂိုလ်အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာနနှင့် အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက်မှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

၈။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တာဝန်ခံဝန်ကြီးဌာနမှ ရေးဆွဲသောနည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုစိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင် ဆောင်ရွက်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းသုံးသပ်တင်ပြခြင်း၊

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အဟန့်အတားဖြစ်နေသော ကိစ္စရပ်များအား ဖြေရှင်းပေးခြင်း၊

(ဃ) ဈေးကွက်များသို့ ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ရေး၊ ဈေးကွက်ဖွံ့ဖြိုးရေး အားပေးဆောင်ရွက်ခြင်း၊

(င) ကျွမ်းကျင်လုပ်သားများ ပြည့်စုံလုံလောက်မှုရှိစေရေး လေ့ကျင့်ပျိုးထောင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(စ) နည်းပညာလိုအပ်ချက်အတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးနှင့်ချိတ်ဆက်၍ ပညာပေးမြှင့်တင်ခြင်း၊

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် အသေးစားငွေချေးလုပ်ငန်းဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်း၊

(ဇ) နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အကြံပြုချက်များရယူဖြန့်ဖြူးနိုင်ရန် ပြည်တွင်း/ပြည်ပ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများရှိ နည်းပညာဆိုင်ရာ သုတေသနဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

အခန်း(၆)
အေဂျင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ ဗဟိုကော်မတီသည် တာဝန်ခံဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး သက်ဆိုင်ရာအခြားဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့် အေဂျင်စီတစ်ရပ်ကို ဖွဲ့စည်းရမည်။

၁၀။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များအပေါ် နှစ်ပတ်လည်တိုးတက်မှုအစီရင်ခံစာကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်း။

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် လုပ်ငန်းသဘာဝအလိုက် လက်ရှိတွေ့ကြုံနေရသော အားနည်းချက်များနှင့် ကွာဟချက်များကို လျော့နည်းစေခြင်း။

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား မှတ်ပုံတင်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်းနှင့် အခြားဝန်ဆောင်မှုများပေးရန်တို့အတွက် စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အေဂျင်စီရုံးခွဲများက စီမံခန့်ခွဲသော တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် ဒေသဆိုင်ရာဌာနများ ထူထောင်ခြင်း။

(င) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေများနှင့် နည်းဥပဒေများကို သိရှိနိုင်ရေးအတွက် အထောက်အကူပေးခြင်း။

(စ) အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆွေးနွေးတိုင်ပင်ခြင်းနှင့် အကြံဉာဏ်ပေးခြင်း။

(ဆ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန်အတွက် လိုအပ်သော ကူညီမှုများပေးခြင်း။

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့် ပူးပေါင်းလျက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရရှိစေရန် ငွေကြေးမဟုတ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း။

(ဈ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးကွန်ရက်များ တည်ထောင်နိုင်ရန် အားပေးခြင်း။

(ည) တီထွင်ကြံဆမှုနှင့် ဈေးကွက်တိုးတက်ရေးကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် အောင်မြင်သည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ ကိစ္စရပ်များကို သတ်မှတ်ပြဋ္ဌာန်းရန်နှင့် တိုးမြှင့်နိုင်ရန် ယှဉ်ပြိုင်မှုများနှင့် ပြပွဲများကျင်းပခြင်း။

(ဋ) အစိုးရ၏တင်ဒါများတွင် ပါဝင်နိုင်ရန် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ကူညီပေးခြင်း။

(ဌ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်းဖျန်ဖြေပေးခြင်းနှင့် ခုံသမာဓိနည်းဖြင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း။

(ဍ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းဆိုင်ရာစာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့်စစ်ဆေးခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အထောက်အကူပေးခြင်း။

(ဎ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း။

(ဏ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်တိုးတက်ရေးနည်းလမ်းများ အကောင်အထည်ဖော်ရန်အတွက် ငွေကြေးအဖွဲ့အစည်းများနှင့်နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်ရယူခြင်း။

(တ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းအမျိုးအစားမှ ပြောင်းလဲဖြစ်ပေါ်လာပြီး နောက်သုံးနှစ်အထိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်းထားရှိခြင်း။

အခန်း(၇)
အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများ၊ ပညာရှင်များနှင့်ပုဂ္ဂလိကကဏ္ဍမှကိုယ်စားလှယ်များ အထူးသဖြင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များဖြင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၂။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အကြံပေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တိုးမြှင့်ရေးတို့အတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အေဂျင်စီတို့အား လိုအပ်သော အကြံဉာဏ်များပေးခြင်း။

(ခ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လေ့လာသုံးသပ်ရန်၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ရေးဆွဲချမှတ်ရန်နှင့်မူဝါဒများရေးဆွဲသတ်မှတ်ရန်တို့အတွက် ဦးတည်ဆောင်ရွက်ခြင်းနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြခြင်း။

(ဂ) ဥပဒေ၏ရည်မှန်းချက်များနှင့် အခြေခံမူများကို အကောင်အထည်ဖော်ရန်အကြံပေးခြင်း။

အခန်း(၈)
အေဂျင်စီရုံးခွဲများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ အေဂျင်စီသည် အေဂျင်စီရုံးခွဲများတစ်ခုစီတွင် သက်ဆိုင်ရာ တစ်နေရာတည်း၌ ဝန်ဆောင်မှုဗဟိုဌာနမှတစ်ဆင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို လွှမ်းခြုံဖြည့်ဆည်းပေးနိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ပြည်ထောင်စုနယ်မြေတို့တွင် အေဂျင်စီရုံးခွဲများကို ဖွဲ့စည်းရမည်။ ဤဥပဒေအရ တစ်နေရာတည်းတွင် ခွင့်ပြုမိန့်များကို လျှောက်ထားရယူနိုင်ခြင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် မှတ်ပုံတင်နိုင်ခြင်းတို့ ဆောင်ရွက်ရန်အတွက် အေဂျင်စီက ဖွဲ့စည်းထားသည့် ရုံးများဖြစ်သည်။

၁၄။ အေဂျင်စီရုံးခွဲများ၏ လုပ်ငန်းတာဝန်များကို အေဂျင်စီမှ သတ်မှတ်ရမည်။

အခန်း (၉)
စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

၁၅။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များသည် ဤဥပဒေ၏ အခြေခံမူဝါဒများကို လိုက်နာဆောင်ရွက်နိုင်စေရန် ဗဟိုကော်မတီ၊ အခြားဆက်စပ်သည့်အဖွဲ့အစည်းများနှင့် နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၆။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ယင်းတို့၏ စီးပွားရေးအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရမည်။

၁၇။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များ၏ အဖွဲ့ဝင်များသည် အေဂျင်စီနှင့် ပူးပေါင်းလျက် အပြန်အလှန်အာမခံသည့် ရန်ပုံငွေများကို သီးခြားဖြစ်စေ၊ ပူးပေါင်း၍ဖြစ်စေ ထူထောင်နိုင်သည်။

အခန်း (၁၀)
လုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်နှင့် အခွင့်အရေးများ

၁၈။ လုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်နှင့်အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မှန်ကန်သည့် အချက်အလက်များကိုတင်ပြ၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို မှတ်ပုံတင်ခြင်း။

(ခ) စီးပွားရေး သို့မဟုတ် လူမှုပတ်ဝန်းကျင် ပြောင်းလဲဖြစ်ပေါ်မှုများကို တုံ့ပြန်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီမံခန့်ခွဲမှုပုံစံနှင့် တိုးတက်သော နည်းပညာများကို လွတ်လပ်စွာ ပြောင်းလဲဆောင်ရွက်ခြင်း။

(ဂ) ဤဥပဒေပါအခွင့်အရေးများကို ရရှိခံစားနိုင်ရန် ဤဥပဒေကိုလိုက်နာခြင်း။

(ဃ) ဥပဒေအရ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအဖြစ် အကျုံးဝင်သည့် မတည်ရင်းနှီးငွေနှင့် လုပ်သားဦးရေသတ်မှတ်ချက် တစ်ရပ်ရပ်နှင့် မကိုက်ညီတော့သည့်အခါ လုပ်ငန်းဆောင်ရွက်သူက အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းမှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း သို့မဟုတ် ပြောင်းလဲမှတ်ပုံတင်ခြင်း။

(င) ဤဥပဒေနှင့်အညီရရှိသည့် အခွင့်အရေးနှင့်ဝန်ဆောင်မှုများကို ရရှိရန် အေဂျင်စီရုံးခွဲများကို လျှောက်ထားခြင်း။

(စ) နစ်နာမှုများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန်အတွက် အေဂျင်စီသို့ ရုံးခွဲမှတစ်ဆင့် တင်ပြခြင်း။

အခန်း(၁၁)
အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်း

၁၉။ ဤဥပဒေအရခွင့်ပြုထားသည့် အခွင့်အရေးများကို ရရှိခံစားလိုသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဤဥပဒေအရ မှတ်ပုံတင်ရမည်။

၂၀။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် အေဂျင်စီရုံးခွဲများ၏ တစ်နေရာတည်း ဝန်ဆောင်မှုဗဟိုဌာနမှတစ်ဆင့် စီးပွားရေးလုပ်ငန်းအတွက် မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်းလိုင်စင်ထုတ်ယူခြင်းနှင့် လုပ်ငန်းအဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သောထောက်ခံချက်များ လျှောက်ထားနိုင်သည်။

၂၁။ အေဂျင်စီရုံးခွဲများသည် ဤဥပဒေနှင့်အညီ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းကို လက်ခံရမည်။ အသီးသီးသော ဒေသဆိုင်ရာ အေဂျင်စီရုံးခွဲများသည် လွယ်ကူသည့် မှတ်ပုံတင်ခြင်းလုပ်ငန်းအဆင့်ဆင့်အတွက် ရွှေ့ပြောင်းနိုင်သော မှတ်ပုံတင်ခြင်းဝန်ဆောင်မှုများနှင့် အွန်လိုင်းမှတ်ပုံတင်ခြင်း ဝန်ဆောင်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

၂၂။ အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းအဖြစ် မှတ်ပုံတင်ခြင်းမှ ပျက်ပြယ်သည်-

(က) လုပ်ငန်းဆောင်ရွက်သူက မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း။

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း။

(ဂ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ထက်ကျော်လွန်၍ စီးပွားရေးလုပ်ငန်းများ ပြောင်းလဲဖြစ်ပေါ်မှုသည် ကန့်သတ်ကာလ ၃ နှစ်ထက်ကျော်လွန်ခြင်း။

အခန်း(၁၂)
ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၂၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်ရေးအတွက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

၂၄။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် အသေးစားနှင့်အလတ်စားစီးပွားရေး

စာမျက်နှာ ဂ သို့

ဥပဒေကြော်ငြာ

စာမျက်နှာ ၁ မှ

လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေတစ်ရပ်ကိုထူထောင်၍ နိုင်ငံတော်ပိုင်ဘဏ်တစ်ခုခုတွင်ဖြစ်စေ၊ သင့်လျော်စိတ်ချရသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုတွင်ဖြစ်စေ၊ တစ်ခုထက်ပိုသော ဘဏ်များတွင် ခွဲဖြန့်၍ဖြစ်စေ အပ်နှံထားရှိရမည်။

၂၅။ ရန်ပုံငွေကို အောက်ပါငွေများဖြင့်မတည်ရမည်-

(က) နိုင်ငံတော်မှ မတည်ရင်းနှီးငွေ။

(ခ) ပြည်တွင်း ပြည်ပငွေကြေးအကူအညီဖြင့် အတိုးသက်သာသော ချေးငွေ။

(ဂ) ငွေချေးစာချုပ်များ ပြည်တွင်းပြည်ပတွင် ထုတ်ဝေရောင်းချခြင်း။

(ဃ) ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံလိုသူများ၏ ရင်းနှီးမြှုပ်နှံငွေ။

၂၆။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်နိုင်ငံတော်ဘတ်ဂျက်တွင် ထည့်သွင်းလျာထားရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တွက်ချက်တင်ပြခြင်း။

(ခ) ငွေချေးစာချုပ်များ ပြည်တွင်းပြည်ပတွင် ထုတ်ဝေရောင်းချခြင်း။

(ဂ) အဆိုပါ ထုတ်ဝေရောင်းချထားသော ငွေချေးစာချုပ်များအတွက် အတိုးနှင့်အရင်းကို ငွေချေးစာချုပ်စည်းကမ်းချက်များနှင့်အညီပေးဆပ်ခြင်း။

(ဃ) ပြည်တွင်းပြည်ပဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများထံမှ အတိုးသက်သာသော ချေးငွေများရယူခြင်းနှင့် အဆိုပါချေးငွေများအတွက် အတိုးနှင့်အရင်းများကို သက်ဆိုင်ရာစည်းကမ်းများနှင့်အညီ ပေးဆပ်ခြင်း။

(င) ပြည်တွင်းပြည်ပအဖွဲ့အစည်းများထံမှ အတိုးမဲ့ငွေကြေးအကူအညီများရယူခြင်း။

(စ) မိမိရန်ပုံငွေတိုးပွားရန် သင့်တော်သော ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ခြင်း။

(ဆ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသို့ တိုက်ရိုက်ဖြစ်စေ၊ ကြားခံအဖွဲ့အစည်းတစ်ခုခုမှတစ်ဆင့်ဖြစ်စေ၊ အတိုးနှုန်းမဲ့ဖြင့်ဖြစ်စေ၊ သက်သာသောအတိုးနှုန်းဖြင့်ဖြစ်စေ ငွေချေးခြင်း။

(ဇ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကိစ္စများတွင် ငွေကြေးကျခံခြင်း။

(ဈ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေထုတ်ချေးရာတွင် အထောက်အကူပြုစေရေးအတွက် ချေးငွေသတင်းဌာန (ခရက်ဒစ်ဗျူရို)ကို မိမိကိုယ်တိုင်ဖြစ်စေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ဖြစ်စေ ထူထောင်ခြင်း။

(ည) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေထုတ်ချေးရာတွင် ဆုံးရှုံးမှုကို ကာကွယ်နိုင်ရန်အတွက် ချေးငွေအာမခံကော်ပိုရေးရှင်းကို မိမိကိုယ်တိုင်ဖြစ်စေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ဖြစ်စေ ထူထောင်၍ ချေးငွေအာမခံရရှိစေရန် ဆောင်ရွက်ပေးခြင်း။

(ဋ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်ဘဏ်၊ အများပိုင်ကုမ္ပဏီ၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ၊ အသေးစားချေးငွေအဖွဲ့အစည်းစသည်တို့ကို ထူထောင်ခြင်း။

(ဌ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း။

(ဍ) ရန်ပုံငွေတိုးပွားလာစေရန် အခြားနည်းလမ်းများဖြင့် စီမံခန့်ခွဲခြင်း။

၂၇။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် အေဂျင်စီ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်။

၂၈။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းတိုင်ပင်၍သာ ဆောင်ရွက်ရမည်။

အခန်း(၁၃)

တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်

၂၉။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသည် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်အား ဆောင်ရွက်နိုင်စွမ်းရှိသော ဝန်ထမ်းများကို လုပ်ပိုင်ခွင့်အခွင့်အာဏာများပေးအပ်၍ အေဂျင်စီနှင့်အေဂျင်စီရုံးခွဲများတွင် ပူးတွဲတာဝန်ပေးရမည်။

၃၀။ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများသည် အေဂျင်စီ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိရမည်။

အခန်း(၁၄)

အထွေထွေ

၃၁။ ဗဟိုကော်မတီသည် ဤဥပဒေ မပြဋ္ဌာန်းမီဖွဲ့စည်းထားသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆက်ခံဆောင်ရွက်ရမည်။

၃၂။ လုပ်ငန်းကော်မတီသည် ဤဥပဒေ မပြဋ္ဌာန်းမီဖွဲ့စည်းထားသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆက်ခံဆောင်ရွက်ရမည်။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် တာဝန်ခံဝန်ကြီးဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ အေဂျင်စီရုံးခွဲ၊ အကြံပေးအဖွဲ့၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကို ကျခံရမည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အေဂျင်စီသည် လိုအပ်သောလုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၅။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၂/၉၀)နှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၄/၂၀၁၁)တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူအများ လေ့လာသိရှိအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်စောင်းတန်းလေးသွယ်၌ ATM ငွေထုတ်စက်နှင့် ငွေလဲလှယ်ရေးကောင်တာထားရှိ

ရန်ကုန် ဇန်နဝါရီ ၂၀

ရွှေတိဂုံစေတီတော်သို့ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် လာရောက်မှုများပြားခဲ့သည်။ ယခုနှစ်တွင် ပိုမိုလာရောက်နိုင်သည်ဟု ခန့်မှန်းထားသည်။ လာရောက်လေ့လာကြည်ညိုကြသည့် ပြည်တွင်းပြည်ပခရီးသွားများ အဆင်ပြေချောမွေ့စေရန်အတွက် ဂေါပကအဖွဲ့က အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တွင် ရွှေတိဂုံစေတီတော်ကြီး၏ စောင်းတန်းလေးသွယ်၌ ATM ငွေထုတ်စက်နှင့် ငွေလဲလှယ်ရေးကောင်တာများ ဖွင့်လှစ်ထားရှိသည်။ ကမ္ဘာလှည့်ခရီးသည်များနှင့် ဘုရားဖူးပြည်သူများ ဘာသာရေး၊ သာသနာရေးဆိုင်ရာပစ္စည်းများ၊ ရိုးရာယဉ်ကျေးမှုပစ္စည်းများ ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရန်နှင့် သွားလာရေးအဆင်ပြေစေရန်အတွက် ATM ငွေထုတ်စက်နှင့် ငွေလဲလှယ်ရေးကောင်တာများ ဖွင့်လှစ်ပေးထားခြင်းဖြစ်သည်။

စေတီတော်၏ အရှေ့ဘက်စောင်းတန်းတွင် CB ဘဏ်၏ ငွေထုတ်စက်နှင့် ငွေလဲလှယ်ရေးကောင်တာ၊ အနောက်ဘက် စောင်းတန်းတွင် စွမ်းထက်ရည်ငွေလဲလှယ်ရေးကောင်တာ၊ တောင်ဘက်တွင် ကမ္ဘောဇဘဏ်၏ ငွေထုတ်စက်နှင့် ငွေလဲလှယ်ရေး ကောင်တာနှင့် မြောက်ဘက်တွင် ဧရာဝတီဘဏ်၏ ငွေထုတ်စက်နှင့် ငွေလဲလှယ်ရေးကောင်တာတို့ကို ဖွင့်လှစ်ထားသည်။ United Amara ဘဏ်၏ ATM ငွေထုတ်စက်ကိုလည်း တနင်္ဂနွေထောင့် ကုန်းလမ်းပို့ဆောင်ရေးဓမ္မာရုံ၌ ထားရှိသည်။

အသုံးပြု

အဆိုပါ ATM ငွေထုတ်စက်အားလုံးကို ၂၄ နာရီပတ်လုံး အသုံးပြုနိုင်ပြီး ငွေလဲလှယ်ရေးကောင်တာများမှာမူ သက်ဆိုင်ရာဘဏ်များ၏ ဖွင့်ချိန်၊ ပိတ်ချိန်အတိုင်းသာ ဆောင်ရွက်ပေးသည်။ ယင်းဘဏ်များ ဖွင့်လှစ်ခြင်းကို တင်ဒါစနစ်ဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သက်တမ်းရှိကြောင်း သိရသည်။

ခင်ချိုဝင်း

လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံတွင် အထူးကုဆေးအဖွဲ့ အခမဲ့လာရောက်ကုသပေး

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ပြည်သူ့ဆေးရုံတွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် အထူးကုဆရာဝန်ကြီးများ လာရောက်၍ အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

မြို့နယ်ပြည်သူ့ဆေးရုံသို့ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်ဦးစီး၍ ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီလှိုင်နှင့် မျက်စိအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ အထွေထွေရောဂါကုသမားတော်တို့မှ လူနာ ၂၀၀ ကို အခမဲ့စမ်းသပ်ကုသပေးခဲ့ပြီး မျက်စိဝေဒနာရှင်များ လာရောက်ပြသမှုများကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

ကျောက်ဆင်းတုဘုရားခိုးခံရမှု မဲအိုးကျေးရွာ၌ဖြစ်ပွား

ရေဦး ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် မဲအိုးကျေးရွာ ပတ္တမြားကျောင်းတိုက် သိမ်စေတီအတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ပလ္လင်အထက်ဉာဏ်တော်အမြင့် နှစ်ပေရှိ ကျောက်ဆင်းတုဘုရား ပျောက်ဆုံးသွားကြောင်း ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်မောင်ထံမှ သိရသည်။ သိသိချင်း မြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများထံ ဆက်လက်အသိပေးကာ ဘုရားခိုးသူအမြန်ဖမ်းမိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ **သန်းထိုက်(ရေဦး)**

စက်ရေတွင်း တူးဖော်

စလင်း ဇန်နဝါရီ ၂၀

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သစ်ခေါက်တောင်ကျေးရွာအုပ်စု ကိုင်းကြီးကျေးရွာတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံကိန်းအရ မကွေးတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေမှ အကုန်အကျခံကာ နှစ်လက်မစက်ရေတွင်းတစ်တွင်း တူးဖော်ပေးခဲ့ပြီး ၎င်းစက်ရေတွင်းမှာ အနက် ၄၁၅ ပေ ရှိပြီး ရေဂါလန် ၈၀၀ ဆံ့ ရေကန်တစ်ကန်၊ ရေစုပ်စက်ရုံ၊ အင်ဂျင်လေမှုတ်စက်ပါ တပ်ဆင်ပေးခဲ့သည်။

အဆိုပါ စက်ရေတွင်းဖွင့်ပွဲကို ကိုင်းကြီးကျေးရွာတွင် ဇန်နဝါရီ ၁၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေးအမှုဆောင်အရာရှိနှင့် လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

တာမွေမြို့နယ်တွင် ဓားပြ၍ ခြိမ်းခြောက်ကာ လက်ကိုင်ဖုန်းများ ယူဆောင်မှုဖြစ်ပေါ်

ရန်ကုန် ဇန်နဝါရီ ၂၀

တာမွေမြို့နယ်တွင် ဓားပြ၍ ခြိမ်းခြောက်ကာ လက်ကိုင်ဖုန်းများ ယူဆောင်သွားသူအား ဇန်နဝါရီ ၁၈ ရက်က အရေးယူလိုက်ကြောင်း သိရသည်။

အမှုဖွင့်

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် တာမွေမြို့နယ်နေ ဒေါ်ဟန်စုကျော်သည် နေအိမ်၌ရှိနေစဉ် တူဖြစ်သူ မောင်ရှင်းသန့်အောင်မှာ သူငယ်ချင်းများဖြစ်သော မောင်ကျော်ဇင်ဟိန်း၊ မောင်ဟိန်းထက်ဇော်တို့နှင့် အတူ ရောက်ရှိလာပြီး ၎င်းတို့သုံးဦးမှာ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သမိန်ဗရမ်းလမ်းရှိ YKKO ကြေးအိုးဆိုင်ဘေးလမ်းကြား၌ ဖုန်းပြောနေစဉ် အမည်မသိအမျိုးသားတစ်ဦး ရောက်ရှိလာပြီး အဆိုပါအမျိုးသားက ၎င်း၏ သူငယ်ချင်းများမသိအောင် ကွယ်၍ လိုက်ပေးရန်ပြောကာ မောင်ရှင်းသန့်အောင်ပါ သုံးဦးအား လူရှင်းသော မွေးမြူရေးနှင့်ရေလုပ်ငန်း ဘဏ်ရှေ့လမ်းကြားသို့ ခေါ်သွားခဲ့ကြောင်း၊ အဆိုပါနေရာအရောက်တွင် အမည်မသိအမျိုးသားက ဓားမြှောင်တစ်ချောင်းထုတ်ပြ၍ မောင်ရှင်းသန့်အောင် ကိုင်ဆောင်ထားသော ဆင်းကတ်ပါ HUAWEI 8825 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ တန်ဖိုးငွေကျပ် ၁၁၀၀၀၀ နှင့် မောင်ကျော်ဇင်ဟိန်းကိုင်ဆောင်ထားသော ဆင်းကတ်ပါ HUAWEI 8813 အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံး၊ တန်ဖိုးငွေကျပ် ၁၃၀၀၀၀ တို့ကို ယူဆောင်သွားခဲ့ကြောင်း သိရှိရသဖြင့် အဆိုပါ အမည်မသိအမျိုးသား(စုံစမ်းဆဲ)အား အရေးယူပေးရန် ဒေါ်ဟန်စုကျော်က တိုင်တန်းခဲ့၍ တာမွေမြို့မရဲစခန်းက အမှုဖွင့်ပြီး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

အခွန်ဘဏ္ဍာပြည့်ပါမှ
လုပသာယာ တို့ပြည်မြန်မာ

(၁)၃၀-၉-၂၀၁၃(မြန်လည်ရောက်ရှိ) (၆) ၉-၁၂-၂၀၁၃(မြန်လည်ရောက်ရှိ) (၁၁) ၁၇-၂-၂၀၁၄(မြည်ကြီး)
(၂) ၁၄-၁၀-၂၀၁၃(မြန်လည်ရောက်ရှိ) (၇)၂၃-၁၂-၂၀၁၃(မြန်လည်ရောက်ရှိ) (၁၂) ၃-၃-၂၀၁၄(၈ဦးထိ)
(၃)၂၈-၁၀-၂၀၁၃(မြန်လည်ရောက်ရှိ) (၈) ၆-၁-၂၀၁၄(မြန်လည်ရောက်ရှိ) (၁၃) ၁၇-၃-၂၀၁၄(၁၅ဦးထိ)
(၄)၁၁-၁၁-၂၀၁၃(မြန်လည်ရောက်ရှိ) (၉)၂၀-၁-၂၀၁၄(ထွက်ခွာ) (၁၄) ၃၁-၃-၂၀၁၄(၂၀ဦးထိ)
(၅)၂၅-၁၁-၂၀၁၃(မြန်လည်ရောက်ရှိ) (၁၀) ၃-၂-၂၀၁၄(၅)ဦးထိ (၁၅) ၁၄-၄-၂၀၁၄(၆)ဦးထိ(သင်္ကြန်ပိတ်ရက်)

Power Palace Hotel

AUNG HTUSAN PREDICTION CENTER
Mind reader through Occult Science
(Occult Treatment)
(To make reservation well in advance)

Since 1989
SAYA-TONY
* IELTS / TOEFL
IELTS - Exam Training (15-Feb, 15-March)
* Elementary Spoken English (ESE)
* Intermediate General English (IGE)
* Advanced General English (AGE)
* Basic Grammar & Essay (BGE)
☎ : 349178, 09-5138867, 09-8061343, 09-448000410

"Certificate in Financial Management" @ WISE College
WISE College ၏ Certificate in Financial Management
Understanding the Financial Terms, Interpreting the Financial Statements, Analysis Of Financial Performance, Budget Plan and Budgetory Control(Budgeting), Participating in Budgetary Process, Times Value of Money, Capital Investment Decision, Special Price Decision, Product Mix Decision When Capacity Constraints exist, Outsourcing Decision, Discontinuating Decision,
WISE College 1009(A/B),
100% off for WISE ABE Students

EDE မော်ဒယ်မြင့်ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ် OBD-II (၂လ)သင်တန်း
Scan Tools
Engine Doctor Engineering

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် ၁၉၃/ခ၊ ဦးဘသိန်း ဒီစီ-၀၀၇၉၀၆ အမည်ပေါက် မြေပိုင်မြေ (လ/န-၃၉)မြေအား အမည်ပေါက် ဦးဘသိန်း(ဖခင်)နှင့် ဒေါ်ခင်နု(မိခင်)တို့ကွယ်လွန်သဖြင့် (၁)ဒေါ်နီနီ ၇/ပမန(နိုင်)၀၈၉၀၄၃၊ (၂)ဦးမျိုးမြင့် ၇/ပမန(နိုင်)၀၈၈၉၇၃၊ (၃)ဦးဆန်နီ ၁၂/သဃက(နိုင်)၁၃၁၆၄၁ တို့က သားသမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းစာချုပ်ရန် GP No.၂၆၁၀၇/၁၇-၁၂-၁၃ရသူ ဦးခင်မောင်ကြည် ၁၂/လကန(နိုင်)၁၄၀၃၁၅က ပါ၀ါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါ၀ါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများ ဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက် ၁၂၊ အခန်း ၂၃နေ ဦးသိန်းသန်းဝင်း ၂/ဖရဆ(နိုင်)၀၁၂၇၁၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းသန်းဝင်းသည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းကွင်း၊ ဦးပိုင်အမှတ်(၈၅)၊ ကွင်းအမှတ်(၄၁၄/အေ)ရှိ မြေကွက်တစ်ကွက်လုံးအား မြေသယ်ယာဉ်စက်ယန္တရားများပါ၀င်သော အလုပ်သမားအင်အားများဖြင့် မြေချိုင့်ဝှမ်းများအား မြေညှိဆောင်ရွက်ခြင်း၊ မြေသယ်ယာဉ်များဖြင့် မြေဖို့ခြင်း၊ အဆိုပါ မြေကွက်အတွင်းရှိ နိုင်ငံတော်ပိုင်လမ်းများပျက်စီးမှုရှိပါက ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခြင်းအပြင် ကျွန်ုပ်၏မိတ်ဆွေသည် အဆိုပါမြေကွက်အတွင်း မြေကွက်များဖြစ်ပေါ်လာရေးအတွက် ပြုလုပ်ဆောင်ရွက်ခြင်း၊ ကွန်ကရစ်လမ်းများခင်းပေးခြင်း၊ ရေနုတ်မြောင်းများတူးဖော်ထားရှိပြီး ယနေ့တိုင် အုတ်တံတိုင်းများကာရံလျက်ရှိခြင်းအပြင် အထက်ဖော်ပြပါမြေကွက်နှင့် ဆက်စပ်လျက်ရှိသော ပတ်ဝန်းကျင်ရှိ အခြားမြေကွက်များပေါ်တွင် အဆောက်အအုံများဆောက်လုပ်ပေးခြင်းတို့ကိုလည်း ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အထက်ဖော်ပြပါမြေကွက်တွင် မြေကွက်တစ်ကွက်ပိုင်ဆိုင်လက်ရောက်မှုရှိနေပြီဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၁၊ ဌာနာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြေကွက်အမှတ် ၉၇၊ မြေကွက်တည်နေရာအမှတ် ၉၇၊ အောင်ရတနာ ၁၀လမ်း၊ (၁၆)ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်စန်းစန်းကြည် ၁၂/သဃက(နိုင်)၀၆၅၃၆၀အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းစန်းကြည် ကွယ်လွန်သဖြင့် ဦးမျိုးသိန်းဦး ၁၂/သဃက(နိုင်)၀၀၃၀၅၇ က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၁၅၆/၁၃ (၃၀-၁၀-၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်မာမာအေး ၁၄/မအပ(နိုင်) ၀၅၆၄၃၇က ပါ၀ါပေးသူသက်ရှိထင်ရှားရှိကြောင်း ပါ၀ါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအ၀ယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးအေးမင်းထွန်း(ခ)တရုတ်ကြီး ၁၂/သလန(နိုင်)၀၈၈၆၀၀ နှင့် ပတ်သက်ဆက်နွှယ်သူများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းသန့်ကြည် ၁၂/အစန(နိုင်)၁၆၆၄၅၅ အောင်ဟိန်းကုမ္ပဏီ ဒါရိုက်တာ၏လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရပ်ကွက်၊ အရှေ့ပိုင်း(၁)၊ အမှတ် ၁/၁၅၇တွင် နေထိုင်သူ ဦးအေးမင်းထွန်း (ခ)တရုတ်ကြီး ၁၂/သလန(နိုင်)၀၈၈၆၀၀နှင့် အများသိစေရန် ကြေညာအပ်သည်မှာ-

ဦးအေးမင်းထွန်း(ခ)တရုတ်ကြီး ၁၂/သလန(နိုင်)၀၈၈၆၀၀သည် အောင်ဟိန်းကုမ္ပဏီမှ တရားဝင်ခန့်အပ်ထားသော ဝန်ထမ်းတစ်ဦးမဟုတ်သည့်အပြင် ကုမ္ပဏီနှင့်ပတ်သက်၍ ငွေအား မည်သည့်တာဝန်မှ ပေးအပ်ထားခြင်း၊ စေခိုင်းထားခြင်းမရှိပါ။ ကျွန်ုပ်၏မိတ်ဆွေနှင့် ပုဂ္ဂိုလ်ရေးခင်မင်မှုကို အခွင့်ကောင်းယူပြီး ကျွန်ုပ်၏ မိတ်ဆွေအမည်အား အလွဲသုံးစားပြု၍ ဦးအေးမင်းထွန်း(ခ)တရုတ်ကြီး ၁၂/သလန (နိုင်)၀၈၈၆၀၀ ၏ပြုမူဆောင်ရွက်သည့်ကိစ္စအားလုံးသည် ကျွန်ုပ်၏ မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှလည်း မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ထို့ပြင် ဦးအေးမင်းထွန်း(ခ)တရုတ်ကြီး ၁၂/သလန(နိုင်)၀၈၈၆၀၀မှ ကျွန်ုပ်၏ မိတ်ဆွေထံ ယုံကြည်အောင်ပြောဆိုပြီး ရယူထားသောငွေကြေးများ စိုက်ထုတ် ရှင်းလင်းပေးထားသောငွေများနှင့်ပတ်သက်၍ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၄ါးရက်အတွင်း အမြန်ဆုံးလာရောက်ရှင်းလင်းပေးရန်နှင့် ထိုသို့ရှင်းလင်းဆောင်ရွက်ပေးခြင်းမရှိပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ တရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရှေ့နေများနားနေခန်း
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၂၁၁၂၃၊ ၀၉-၄၂၈၀၂၂၄၉၀

စည်သူအုံ့ဘွယ် LL.B
တရားလွှတ်တော်ရှေ့နေ (Advocate)
(စဉ်-၈၄၅၃)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၁၀လမ်း (မြောက်)၊ အမှတ် ၆၉ ဟု ခေါ်တွင်သော မြေအကျယ်အဝန်း (၆၀×၅၂×၄၁)ပေရှိ မြေကွက်နှင့် ၄င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ ပျဉ်ထောင် အဆောက်အအုံနှစ်လုံးအပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးမောင်စံ ၁၂/လမန(နိုင်)၁၀၄၇၇၂နှင့် ဒေါ်ဆွေဆွေဝင်း ၁၂/လမန(နိုင်)၁၀၄၇၇၃တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးတင်မြင့်+၁က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများမှ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့် (စဉ်-၆၈၄၈) **ဒေါ်အုံးအုံး (စဉ်-၉၁၀၆)**
တရားလွှတ်တော်ရှေ့နေများ
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်၊
ဖုန်း-၀၉-၄၃၀၈၀၉၉၁၊ ၀၉-၇၃၀၀၇၅၃၄

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၃၅၄/၂၊ မြေကွက်တည်နေရာအမှတ် ၃၅၄/၂၊ စက္ကဝတ် ၁ လမ်း၊ (၈၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးထွန်း ၁၂/ဥကမ(နိုင်)၁၀၃၃၅၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ကွယ်လွန်သဖြင့် ဒေါ်မြသွင် ၁၄/ပသန(နိုင်)၀၀၉၄၅၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၂၉၀/ ၃၁-၁၀-၂၀၁၃အရ ရရှိသူ ဦးဝဏ္ဏသစ္စာ ၁၂/ဥကမ(နိုင်)၂၂၁၇၈၇က ပါ၀ါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါ၀ါမရုပ်သိမ်းကြောင်းဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၅၇၉ အမည်ပေါက် ဒေါ်မိုးမိုးကြည် ၁၂/သလန(နိုင်)၀၂၉၈၆၂၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်နှင်းနှင်းလတ် ၁၂/သလန(နိုင်)၀၇၇၇၈၇က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၄ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ရပ်ကွက်၊ မာဃ ၁၄လမ်း၊ မြေကွက်အမှတ် ၃၁၈/က အစား ၃၈၁/က ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဓာတ်ပုံ - ကိုကိုစိုးညွန့်

ဓာတ်ပုံ - ကိုကိုစိုးညွန့်

ဓာတ်ပုံ-ကိုကိုစိုးညွန့်

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီး

ဓာတ်ပုံ - ကိုကိုစိုးညွန့်

ဓာတ်ပုံ - ကိုကိုစိုးညွန့်

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဇမ္ဗူသီရိ ဟိုတယ် အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်၊ National Paralympic Council of S'pore တို့မှ ဥက္ကဋ္ဌများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းနှင့် အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. DATO ZAINALABU ZARIN တို့က အာဆီယံနှင့် မြန်မာနိုင်ငံတို့၏ မသန်စွမ်းအားကစားဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပသတင်းထောက်များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

Friendship, Equality, Unity ဟူသည့် ရည်ရွယ်ချက်များနှင့် ကျင်းပခဲ့သည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသည် ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်သည်။ ယခု (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံက ရွှေတံဆိပ် ၉၉ ခုဖြင့် ပထမ၊ ထိုင်းနိုင်ငံက ရွှေတံဆိပ် ၉၆ ခုဖြင့် ဒုတိယ၊ မလေးရှားနိုင်ငံက ရွှေတံဆိပ် ၅၀ဖြင့် တတိယ၊ ဗီယက်နမ်နိုင်ငံက ရွှေတံဆိပ် ၄၈ခုဖြင့် စတုတ္ထအသီးသီးရရှိခဲ့ကြပြီး မြန်မာနိုင်ငံက ရွှေတံဆိပ် ၃၄ခုဖြင့်ပဥ္စမနေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ဇန်နဝါရီ ၂၀ ရက် ညနေပိုင်းက အစီအစဉ် (၁၃) ခုဖြင့် ကျင်းပသည့်အနက် တင်ဆက်မှုတစ်ခုကို တွေ့ရစဉ်။ ဓာတ်ပုံ - ကိုကိုစိုးညွန့်

ဓာတ်ပုံ - တင်စိုး

ဇန်နဝါရီ ၁၉ရက်က အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများ၏ နောက်ဆုံးနေ့အဖြစ် ထိုင်လျက်အမျိုးသားဘော်လီဘောပြိုင်ပွဲ၌ အိမ်ရှင်မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ယှဉ်ပြိုင်ရာ သောင်းသောင်းဖြဖြ ဤသို့ အားပေးခဲ့ကြသည်။

ပြည်တွင်းသတင်း

ပြည်ထောင်စုနေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မန္တလေး၌ ကျင်းပမည်

မန္တလေး ဇန်နဝါရီ ၂၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ဆရာဒဿစီစဉ်ပြီး မြန်မာတို့ရဲ့ မြန်မာ မန္တလေးဘီယာမှ အဓိကကူညီပံ့ပိုးပေးသည့် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားရုံ၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပမည်ဟု သိရသည်။

ရွှေစွန်ညို(တောင်ပြုံး)နှင့် စောသဲမျိုး(တွံတေး)

ယခင်က မန္တလေးမြို့တွင် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့နှင့် အခြားနေ့ကြီးရက်ကြီးများတွင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ကျင်းပမြဲဖြစ်သည်။ ယခုလည်း အထက်မြန်မာပြည်လက်ဝှေ့ကျော်များနှင့် အောက်မြန်မာပြည်လက်ဝှေ့ကျော်များ၏ လက်ဝှေ့စွမ်းရည်၊ သတ္တိ၊ ဗျတ္တိ၊ ယောကျ်ားကောင်းတို့၏ သတ္တိ၊ ဗျတ္တိကို ပြသသည့် ပွဲကြီးတစ်ပွဲဖြစ်သည်။ ယခုပွဲ၏ ထူးခြားချက်မှာ ယခင်က မန္တလေးရိုးရာလက်ဝှေ့ပွဲများကို ညပိုင်းတွင် ကျင်းပသည့်အစဉ်အလာရှိခဲ့သော်လည်း ယခုပွဲကို မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်မှာ ထူးခြားချက်တစ်ခုပင်ဖြစ်သည်။

ထိုးသတ်မည့် လက်ဝှေ့တွဲဆိုင်းများမှာ ၁၉-မောင်(ဗထူး)နှင့် နောင်နောင်(စစ်ကိုင်း)၊ မျိုးဆက်သစ် (မြွေပွေး)နှင့် ညီဖိုက်တာ(မိတ္ထီလာ)၊ မြွေပွေးမိုက် (မြွေပွေး)နှင့်ဗထူးမောင်(ဗထူး)၊ စိန်မျိုးအောင်(ဇာတိမာန်)နှင့် မြလှုံချယ်(ရွှေလက်သီး)၊ ရွှေစွန်ညို(တောင်ပြုန်း)နှင့် စောသဲမျိုး(တွံတေး)၊ ပိတောက် (စစ်ကိုင်း)နှင့် လွမ်းချိုင်း(ဝမ်းချိုင်း)၊ ဖိုက်တာ(ကျားဖြူ)နှင့် ဒေါင်းဖြူ (ဝမ်းချိုင်း)၊ ကျွဲကြီး(ကျားဖြူ)နှင့် စိုင်းဝဏ္ဏ(စစ်ကိုင်း)၊ ၁၂ တောင်ကျား(ကျားဖြူ) နှင့် တာယာအောင်(ရွှေကျား)၊ ကြယ်စင်ဖြိုး (ဖြူ/သစ်)နှင့် အောင်နိုင်ထူး (ရွှေကုက္ကို)၊ မိုးမခ(စွမ်းကေကေ)နှင့် ဒေါင်းသည်းခြေ(ဝမ်းချိုင်း)၊ ဖိုးသား (ဧဝရတ်)နှင့် ရွှေမင်းရာဇာ (ရွှေကုက္ကို) တို့အတွဲများဖြစ်ကြသည်။

ဖိုးသား (ဧဝရတ်)မှာ ကင်ဘိုဦးအောင်မြင့်၏သား မန္တလေးသား ပထမတန်းလက်ဝှေ့ကျော်ဖိုးကေ၏ အစ်ကိုဖြစ်ပြီး ဖိုးသားသည် မကြာမီက ကျင်းပခဲ့သည့် (MMA) ရွှေခါးပတ်ပိုင်ရှင်ဖြစ်သည်။ ဖိုးသားသည် ရိုးရာလက်ဝှေ့လမ်းကြောင်းပေါ်တွင် ဖခင်နှင့်ညီဖြစ်သူ၏ ဦးဆောင်လမ်းပြကူညီပေးမှုနှင့် ကိုယ်တိုင်ရိုးရာလက်ဝှေ့ကို ချစ်မြတ်နိုးပြီး ဇွဲ၊ သတ္တိ၊ လုံ့လဝီရိယဖြင့် ကြိုးစားပြီး အောင်မြင်မှုရလာသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

ရွှေမင်းရာဇာသည် ကရင်ပြည်နယ် ရွှေကုက္ကိုမှ မန္တလေးသို့ အစွယ်ချွန်လို့ နယ်ကျွံလာသူဖြစ်သလို ဖိုးကေကိုလည်းအနိုင်ထိုးဖူးသည်ဟု သိရသည်။ ဖိုးသားနှင့်ရွှေမင်းရာဇာတို့အတွဲက ကြည့်ကောင်းမည့်ပွဲဖြစ်သလို ကျန်ပွဲစဉ်များကလည်း လက်ဝှေ့သမားကောင်းများပြိုင်ပွဲဝင်ကြမည်မို့ ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်ပေမည်။

MMA ရွှေခါးပတ်ချန်ပီယံ ဖိုးသား(ဧဝရတ်)နှင့် ရွှေခါးပတ်ချန်ပီယံ ရွှေမင်းရာဇာ(ရွှေကုက္ကို)

မော်ဒယ်အမျိုးသမီးလေးများကလည်း ပွဲစဉ်နံပါတ်ကိုင်ဆောင်၍သရုပ်ပြမည်ဖြစ်ရာ ပွဲပိုစည်နိုင်သည်။

ရုံဝင်ကြေးများမှာ ငွေကျပ် ၈၀၀၀နှင့် ၅၀၀၀ ဖြစ်ပြီး ဖုန်း ၀၉-၄၃၀၇၃၀၉၆၊ ၀၉-၂၅၆၄၂၈၈၈၇၊ ၀၉-၇၃၂၁၈၁၅၁ တို့ထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

သပိတ်ကျင်းမြို့နယ်အတွင်း စစ်ကျန်ဗုံးတစ်လုံးတွေ့ရှိ

သပိတ်ကျင်း ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာအရှေ့တောင်ဘက်တွင် လွန်ခဲ့သော သုံးလခန့်က ရေအေးတွင်းဘုန်းကြီးကျောင်းမှ ကိုရင်နှစ်ပါးဆွမ်းခံကြွစဉ် ဝါးစခန်းကွက်ရပ် ချောင်းအတွင်း၌ ဗုံးတစ်လုံးတွေ့ရှိ၍ သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့သဖြင့် အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး နယ်မြေရဲစခန်းသို့ သတင်းပေးပို့ခဲ့သည်။ **(ယာပုံ)**

လိုလား

ဗုံးတွေ့ရှိသည့်နေရာသို့ သပိတ်ကျင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူးသန်းဌေး ဦးစီးအဖွဲ့မှ သွားရောက်စစ်ဆေးရာ ချောင်းကြီးကျေးရွာ ဝါးစခန်းကွက်ရပ် ချောင်းအနောက်ဘက် လက်ပံပင်ရေတိုက်စားရာမှ သစ်မြစ်အောက်ခြေတွင် အရှည် လက်မ ၄၀၊ လုံးပတ် ၄၁ လက်မခန့်ရှိ မပေါက်ကွဲသေးသည့် စစ်ကျန် ဗုံးသီးဟောင်းတစ်လုံး

ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး နယ်မြေခံတပ်အား ဆက်လက်သတင်းပို့ထားကြောင်း ဗုံးတွေ့ရှိသည့်နေရာတွင် နယ်မြေခံရဲကင်းမှ အများပြည်သူအန္တရာယ်ကင်းရှင်းရေး ဖြတ်သန်းသွားလာမှုမရှိအောင် စီစဉ်စောင့်ရှောက်လျက်ရှိပြီး အန္တရာယ်ကင်းရှင်းမည့်နေရာသို့ သယ်ဆောင်၍ ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသော်လည်း ယခုအချိန်ထိ ရှင်းလင်းဆောင်ရွက်ခြင်းမရှိသေးကြောင်း ဒေသခံများ၏ ပြောပြချက်အရသိရပြီး အမြန်ဆုံးဖယ်ရှားဆောင်ရွက်ပေးနိုင်ရေး ပြည်သူများလိုလားလျက်ရှိကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဂျပန်နိုင်ငံမှာ ရန်ပုံငွေရှာဖွေခဲ့သည့် ဂုဏ်ရည်အေးကျော် ကလေးငယ်များအတွက် စာသင်ကျောင်းဆောက်ရန်ငွေလှူဒါန်းမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့သည့် Miss International 2013 Beauty Pagent ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု People's Choice Award ဆုရရှိခဲ့သည့် ဂုဏ်ရည်အေးကျော်က ကချင်ဒေသပြည်သူများအတွက် ဂျပန်နိုင်ငံတွင် ရန်ပုံငွေရှာဖွေခဲ့ကြောင်း၊ ကချင်ပြည်နယ် မိုင်ဂျာရမ်ဒေသရှိ ကလေးငယ် ၁၈၀၀ ကျော်ခန့်အတွက် စာသင်ကျောင်းဆောက်လုပ်ရေး ရန်ပုံငွေအဖြစ် လှူဒါန်းခဲ့ကြောင်း သိရသည်။

"ပြိုင်ပွဲရဲ့ ဦးတည်ချက်ဖြစ်တဲ့ ချစ်ခြင်းမေတ္တာ၊ ငြိမ်းချမ်းရေးနဲ့ ပျော်ရွှင်မှုတွေ ကမ္ဘာကြီးကို ဆောင်ကြဉ်းပေးခြင်းဆိုတဲ့အတိုင်း ဂုဏ်ရည်အနေနဲ့ ကမ္ဘာ့စင်မြင့်ထက်မှာ အကောင်းဆုံးမြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ခွင့် ရရှိခဲ့ပါတယ်။ နိုင်ငံတကာပြိုင်ပွဲဖြစ်တဲ့အတွက် မတူညီတဲ့ ယဉ်ကျေးမှုနဲ့ အလှအပတွေကြားမှာ People's Choice Award ဆုကို ပြန်လည် သယ်ဆောင်လာနိုင်ခဲ့ပါတယ်။ နောက်ပြီး ဂျပန်နိုင်ငံပြိုင်ပွဲဆုတစ်ခုတည်းတင်မဟုတ်ဘဲ မြန်မာနိုင်ငံအတွက် နောက်ထပ်အကျိုးရှိမယ့် တစ်ခုကို ပြန်လည်ယူဆောင်ခဲ့မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ မြန်မာနိုင်ငံကို မပြန်ခင်တစ်ရက်အလို ဒီဇင်ဘာ ၂၂ ရက်က ဂျပန်နိုင်ငံမှာ ဂုဏ်ရည်က မော်ဒယ်လ်အနေနဲ့ပါဝင်ခဲ့ပြီး ရန်ပုံငွေပွဲလေးတစ်ပွဲ ကျင်းပဖြစ်ခဲ့တယ်။ ဂျပန်မှာရောက်ရှိနေတဲ့ နိုင်ငံတကာမီဒီယာတွေက ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ရရှိလာခဲ့တဲ့ရန်ပုံငွေ ဂျပန်ယန်း ၆၆၀၀၀ ကျော် (အမေရိကန်ဒေါ်လာ ၇၀၀ ခန့်)ကို ကချင်ပြည်နယ် ရန်ပုံငွေအတွက် လှူဒါန်းဖို့ရည်ရွယ်ခဲ့ပါတယ်။ ရန်ပုံငွေကို မိုင်ဂျာရမ်ဒေသက ကလေး ၁၈၀၀ ကျော်အတွက် စာသင်ကျောင်းဆောက်တဲ့နေရာမှာ အသုံးပြုသွားပါမယ်။ စာသင်ကျောင်းအတွက် ခန့်မှန်းရန်ပုံငွေက သိန်း ၃၀၀နဲ့ ၅၀၀ကြား ရှိပါတယ်။ အခု အလိုတော်ပြည့်ကျောင်းက ဆရာတော် ဦးကုမာရ၊ မဆန်းဘောက်ရာတို့နဲ့အတူ ရန်ပုံငွေကောက်ခံနေပါတယ်။ မတ်လ အကုန်လောက်မှာ သွားရောက်လှူဒါန်းသွားပါမယ်"ဟု ပြောကြားခဲ့သည်။

ဒီဇိုင်နာ မဆန်းဘောက်ရာ၏ ဖန်တီးပုံဖော်ထားသည့် ကချင်ရိုးရာဝတ်စုံကိုဝတ်ဆင်ထားသော ဂုဏ်ရည်အေးကျော်

Talent and Model Agency မှ M.D မတင်မိုးလွင်က "မြန်မာ့လူငယ်အညွန့်အဖူးလေးတွေ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်ပြီဖြစ်တဲ့အတွက် အလွန်ပဲ ဂုဏ်ယူရပါတယ်။ ဂုဏ်ရည်အေးကျော်က ဂျပန်မှာကျင်းပတဲ့ ပြိုင်ပွဲမှာ People's Choice Award ဆုရရှိခဲ့တယ်။ ပြည်ပနိုင်ငံမှာ သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ အခြားခေါင်းစဉ်တွေနဲ့ ယှဉ်ပြိုင်တိုင်းဆုတွေနဲ့ ပြန်လာတာတွေ့ရတော့ အင်မတန်ဝမ်းသာမိပါတယ်။ သူတို့လေးတွေရဲ့ ချိုသာတဲ့ မျက်နှာပေး၊ ဖော်ရွေတဲ့အပြုံးတွေက ကျွန်မတို့နိုင်ငံရဲ့ အမှတ်သင်္ကေတတစ်ခုလိုပါပဲ"ဟု ပြောကြားခဲ့သည်။

အဆိုပါပွဲ၌ ဂုဏ်ရည်အေးကျော် ဝတ်ဆင်ပြသခဲ့သည့် ဒီဇိုင်နာ မဆန်းဘောက်ရာ၏ ကချင်ရိုးရာဝတ်စုံသည် နိုင်ငံတကာမှ Pagent Expert များ ဖွဲ့စည်းထားသည့် Ideal beauty website မှ ၂၀၁၃ ခုနှစ်အတွင်း ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများ၏ ဒီဇိုင်းရွေးချယ်မှုတွင် Best Top 10 နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

ရောင်စုံသတင်းစာဖတ်ရ၍ ဒေသခံများ ပီတိဖြစ်

တာချီလိတ် ဇန်နဝါရီ ၂၀

မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများအား တာချီလိတ်မြို့နယ်အတွင်း ဇန်နဝါရီ ၁၇ ရက်ထုတ် သတင်း စာများမှစတင်ကာ ရောင်စုံသတင်းစာများအဖြစ် ဖြန့်ချိပေးသည့်အတွက် ဒေသခံပြည်သူများ အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရသည်။

"မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာတွေကို အစိုးရသစ်လက်ထက်ကစပြီး ရောင်စုံစာမျက်နှာတွေနဲ့ ထုတ်ဝေနေတယ်ဆိုတဲ့ သတင်းတော့ကြားသိရပါတယ်။ ဒါပေမယ့် အခုမှပဲ မြင်ဖူးတော့တာပါ။ ကျွန်တော်တို့ဒေသမှာ မြန်မာ့အလင်း၊ ကြေးမုံ၊ မြဝတီနဲ့ Newlight of Myanmar သတင်းစာဆိုပြီး လေးမျိုးရောက်ရှိရာမှာ မြဝတီနဲ့ နယူးလိုက်ဖ်ကတော့ ရောင်စုံတွေနဲ့ပါ၊ ကျန်တာတွေကတော့ အဖြူအမည်းသာဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ဒေသက တစ်ဖက်နိုင်ငံနဲ့ အစစယှဉ်ပြိုင်နေရတဲ့အနေအထားမှာ ရှိပါတယ်။ ဟိုဘက်က ထုတ်တဲ့သတင်းစာတွေက စက္ကူ ဆေးသားကအစ ကောင်းနေတော့ ကျွန်တော်တို့ဘက်က တစ်ပန်းရှုံးနေရသလိုပဲ၊ ကျွန်တော့်အနေနဲ့ကတော့ မြန်မာ့အလင်းကိုပိုကြိုက်ပါတယ်။ တစ်ခုတော့ ဝေဖန်ချင်တယ်ဗျာ၊ သတင်းတွေကို ဒီ့ထက်မက ပိုများစေချင်တယ်၊ အခုကတော့ နည်းနည်းကြော်ငြာတွေများနေတယ်လို့ ထင်ပါတယ်"ဟု စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောပြသည်။

အဆိုပါသတင်းစာများ ရောင်စုံဖြင့်ဖြန့်ချိသည့် အချက်နှင့်ပတ်သက်၍ တာချီလိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦး၏ Facebook စာမျက်နှာတွင် ကျိုင်းတုံမြို့ရှိ ကိုယ်ပွားသတင်းစာတိုက်ကို ပြောင်းရွှေ့မှုပြုလုပ်နေသည့်အတွက် ယာယီအားဖြင့် သတင်းစာများအား ရန်ကုန်မြို့မှ တိုက်ရိုက် လေယာဉ်ဖြင့်ပေးပို့နိုင်မည်ဖြစ်ကာ လေယာဉ်ခရီးစဉ်အရ နေ့စဉ်ဖြန့်ချိပေးနိုင်မည်မဟုတ်ကြောင်း ဖော်ပြချက်နှင့် ပတ်သက်ပြီး "သတင်းစာက အရင်ကလည်း နောက်ကျနေကျပါပဲ၊ နှစ်ရက်သုံးရက်လွန်မှ စုပြီရောက်လာတာမျိုးက မဆန်းတော့ပါဘူး၊ နောက်ကျမယ့်အတူတူ စက္ကူအမျိုး အစားကည့်၊ မှုန်ဝါးဝါးနဲ့ ဆေးသားမပီ အဖြူအမည်းထက် အခုလို စက္ကူကောင်းကောင်းနဲ့ ရောင်စုံလေးဆိုတော့ ပိုကောင်းတာပေါ့ဗျာ၊ ယာယီမဟုတ်ဘဲ အမြဲတမ်းရောင်စုံသတင်းစာတွေကို ဖြန့်ချိပေးစေလိုပါတယ်"ဟု မီဒီယာသမားတစ်ဦးက မှုဒိတာစကားပြောကြားသွားသည်။

မောင်ယဉ်ကျေး

ကြော်ငြာ

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၄-၁-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)ဖြင့် ချီးမြှင့်အပ်နှင်းသော စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိခဲ့ကြသည့် မိတ္ထီလာမြို့မှ ဦးစောဌေး(မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၊ ဦးကျော်အေး(မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၊ ဦးတင်မောင်စိုး(ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဦးခင်ဇော်(၃) လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ဆည်မြောင်း(ထိန်းသိမ်းရေး)ဦးစီးဌာနနှင့် ဦးသိန်းထွန်းဇော်(ဦးစီးအရာရှိ၊ မြို့နယ်မြေစာရင်းဦးစီးဌာန)တို့အား မိတ္ထီလာမြို့ မြို့မိမြို့ဖများ၊ စည်ပင်သာယာအကြံပေးကော်မတီနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

မြို့နယ်စည်ပင်သာယာအကြံပေးအဖွဲ့

ကျေးဇူးဆပ်မည်

၁၉-၁-၂၀၁၄ရက် နံနက် ၉နာရီတွင် စမ်းချောင်း၊ ဗဟိုလမ်း၊ TAXI နံပါတ်မသိတွင် အိတ်အမည်းနှင့်အတူ နိုင်ငံကူးလက်မှတ် ကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၁-၂၄၆၅၀၉၊ ၀၉-၂၅၆၁၈၉၂၆၉**

ပျောက်ဆုံးကြောင်း

ကျွန်တော်၏ ကားလိုင်စင် အ/၇၄၉၆ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်၊ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၇၃၀၅၀၆၆၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေး (ဖြည့်စွက်)လုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောက်လုပ်ရေး(ဖြည့်စွက်)လုပ်ငန်းအသေးစိတ်ကို နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ရုံးအမှတ် ၄ ဘဏ္ဍာရေးဌာနစိတ်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၃၅၈သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ဆောက်လုပ်ရေး(ဖြည့်စွက်)လုပ်ငန်း
ဈေးနှုန်းတင်သွင်းလွှာစတင်ရောင်းချမည့်ရက် - ၂၁-၁-၂၀၁၄ ရက် ၉း၃၀နာရီ

၄။ **အိတ်ဖွင့်တင်ဒါပိတ်ရက်** - ၂၇-၁-၂၀၁၄ ရက် ၁၆း၀၀နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ မြေကွက်အမှတ် ၃၄၆ရှိ ဦးအောင်ကြည် HZA-၁၁၉၃၂၄(ဘ)ဦးချန်ထွန်း ပိုင်မြေကွက်အား ဒေါ်ခိုင်သီတာကြည် ၁၀/မဒန(နိုင်)၀၀၃၅၆၉ (ဘ)ဦးကြည်မှ ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို စာချုပ်ပါအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ
ဒေါ်ခိုင်သီတာကြည်
၁၀/မဒန(နိုင်)၀၀၃၅၆၉
အမှတ် ၂၇၊ ဓမ္မဒါနလမ်း၊ ဌေးကြွယ်(က)ရပ်ကွက်၊ တာမွေ
ဖုန်း-၀၉-၅၀၃၈၃၈၁၊ ၀၉-၄၅၀၀၆၂၇၇၅

လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးဥာဏ်ဝင်း (မန်နေဂျင်းဒါရိုက်တာ၊ သူရိယစန္ဒာဝင်းကုမ္ပဏီလီမိတက်) ၏ ဇနီး ဒေါ်မြအေးအေးမာ (ဒါရိုက်တာ၊ သူရိယစန္ဒာဝင်း ကုမ္ပဏီလီမိတက်)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၀/၂၀၁၄) ဖြင့် "သုဓမ္မသိင်္ဂီ" ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့်အတူ အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

သမီး မာ၊ သန်းထွန်းစိုး၊ မောင်မောင်ဦး၊ စော်မင်းသိန်း၊
မင်းဇော်၊ ဇာနည်၊ ဘိုဘိုမြင့်။

Full Auto

PH:09 731 90 410

09420035882, 73190257

ငှားမည်
နေရာအလွန်ကောင်း
မဟာဗန္ဓုလလမ်းမပေါ်၊
ကျောက်တံတားမြို့နယ်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၂၄၀၅၃၄၂၉၊ ၃၈၉၅၇

Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold

ကျွန်ုပ်တို့ဆိုင်မှ ဒင်္ဂါးရည်၊ ၁၆ပဲရည် ရွှေထည်ပစ္စည်းများ အရောင်မကျစေရ မပြောင်းစေရ မနီစေရ လုံးဝလုံးဝအာမခံပါသည်။

ကျွန်ုပ်ဆိုင်မှဝယ်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူမှကြည့်၍ ဈေးမတန်ဟုဆိုက ဝယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးတစ်ပြားမှ မနုတ်ဘဲပြန်ပေးပါမည်။

စိန်ရွှေရတနာဆိုင်

"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆း၃၀)အထိ

ကျွန်ုပ်ဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏၉၀% လဲလျှင်ကာလတန်ဖိုး၏၉၅% ပြန်ပေးပါသည်။ (အလျော့တွက်မနုတ်ပါ)

စိန်ထည်ရွှေထည်များကိုပန်းထိမ်ကြေးဖြင့် ဖောက်သည်ပေးပါသည်။

● အမှတ်(၇၅)၊ လည်းတန်းလမ်းမ၊ လည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

UEC

OFFICIAL PRIVATE SCHOOL

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

ပဉ္စမတန်း မှ တက္ကသိုလ်ဝင်တန်း အထိ

OUR VALUE = ACADEMIC EXCELLENCE + INSPIRATIONAL TEACHING + ELITE LIVING

Why We Choose UEC ?

● Fully-Air Con စာသင်ခန်းများ၊ Lab Facilities, PA System, Multimedia, Extracurricular Activities, Excursion နှင့် Study Tour များ ပါဝင်ခြင်း၊

● ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။

GUIDE ... MA, MSc ...

Ph: 01 539875, 09 3155 8973, 09 515 7988, 09 50 80478, 09 730 65707

Better Life

Native Speaker ...

Conversation Class ...

2014 July Intake ... Form ...

Scholarship ...

No.(410-411), 4th Floor, La Pyayt Wun Plaza, Dagon Tsp, Yangon ,Myanmar. 01-382529

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၁၅၀၉၊ အမည်ပေါက် ဦးဘိုးကျော် ၁၂/သလန(နိုင်)၀၂၈၆၂၇ ၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးသန်းဝင်း ၁၂/အစန(နိုင်)၀၇၅၁၈၇က မြေကွက်စလစ်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဖလမ်းကွက်သစ်၊ မြေကွက်အမှတ် ၇၃၊ အမည်ပေါက် ဦးတင်အောင်၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးထိန်လင်းအောင် ၁၂/သလန(နိုင်)၀၄၉၆၃၁ က မြေကွက်စလစ်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အထက ဘုရားပျို(စံပြကျေးရွာ)၊ ခရမ်းမြို့နယ်၊ ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ဘုရားပျိုစံပြကျေးရွာတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ဆရာကြီးဆရာမကြီးများ (တွဲဖက်အပါအဝင်)အား ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် သက်ငယ်ဆရာ ဆရာမများနှင့် တပည့်ဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ၂၀၁၄ ခုနှစ်၊ မတ် ၂၉ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်မှ ဆရာဆရာမများနှင့် အလှူငွေထည့်ဝင်လိုသော တပည့်ဟောင်းများမှ အောက်ပါကော်မတီဝင်များထံသို့ ဆက်သွယ်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဒေါ်စိန်အေး	ဖုန်း-၀၉-၄၄၂၀၂၄၅၄၃
ဦးမျိုးတင့်	ဖုန်း-၀၉-၃၁၁၂၄၄၄၇
ဦးလှသိန်း	ဖုန်း-၀၉-၄၉၇၃၈၈၃၉
ဦးမြင့်သိန်း	ဖုန်း-၀၉-၃၁၁၀၃၀၆၈
ကိုကြည်ထူး	ဖုန်း-၀၉-၄၄၈၀၀၀၂၉၄
ကိုသန်းဇော်	ဖုန်း-၀၉-၈၆၄၆၀၇၁
ကိုအောင်မိုးသက်	ဖုန်း-၀၉-၃၁၆၄၄၆၂၄
ကိုဇော်မင်းအောင်	ဖုန်း-၀၉-၄၅၀၀၄၈၈၁၄

ပူဇော်ပွဲကျင်းပရေးကော်မတီ
အထက ဘုရားပျိုစံပြကျေးရွာ

ရူပဗေဒမိသားစုနှစ်သစ်ဦးအလှူ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

(၂၆-၁-၂၀၁၄) ...

နေ့ရက်	-	၂၆ - ၁ - ၂၀၁၄ (တနင်္ဂနွေနေ့)
ဆက်သွယ်ရန်	-	09730027996, 09 5104816, 095178008, 0950 60615

physics1991.2000facebook.com , physics1991.2000@gmail.com

မိတ်ဆုံစားပွဲ - Excel Tower ... ညနေ - 5:30 9:00 (26.1.2014)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၆၈၅၇၉ Follow Me ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးယဿဓမ္မ ၅/စကန(သ)၀၀၆၁၃၁က (ကမ-၃)အပိုင်းပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(စစ်ကိုင်း)

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀၆ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၅၃

ဒေါ်သန်းသန်းယု **နှင့်** ၁။ ဦးမြင့်ရွှေ
၂။ ဒေါ်သိန်းရှင်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

တောင်ဥက္ကလာပမြို့နယ်၊ ၉ ရပ်ကွက်၊ ကျော်သူ ၂၂လမ်း၊ အမှတ် (၈၅၁/က) နေ ဦးမြင့်ရွှေနှင့် ဒေါ်သိန်းရှင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၀၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်သန်းသန်းယုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၃ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၉၁

ဦးတိုးတိုးဝင်း ၁။ ဦးခင်ဇော် ၃။ ဦးမြင့်ရွှေ
၂။ ဦးတင်ရွှေ ၄။ ဦးစိုးရွှေ

တရားလို **တရားပြိုင်များ**

အမှတ် ၈၃၊ ၁၀၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ (၁) တရားပြိုင် ဦးခင်ဇော်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတိုးတိုးဝင်းက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၄၂ အရ တရားလိုလက်ရှိထားပိုင်ခွင့်ရှိသော မြေဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

ဖြူဖြူသွယ်
ဒုခရိုင်တရားသူကြီး(၂)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၅၅၂၂၁ Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအေး ၉/မနမ(နိုင်)၀၄၉၀၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၂၀

ကွယ်လွန်သူ ဒေါ်ခင်အေးမြင့်၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်စန်းမြင့် ၁၂/ဥကတ(နိုင်)၁၂၈၆၀၂ **လျှောက်သူ**

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်၊ ယင်းမာ ၂ လမ်း၊ အမှတ် ၁၆၇/၂နေ ဒေါ်စန်းမြင့်က ကွယ်လွန်သူ ဒေါ်ခင်အေးမြင့်၏ ညီမအရင်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်ခင်အေးမြင့်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ခင်အေးမြင့်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၆ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၇ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်စန်းမြင့်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

မြောက်ဥက္ကလာ အရောင်း

သုခမ္မာလမ်း ၆၀×၅၀ 2BN,ရေမီးစုံ ၈၄၅၀၀ သိန်း

သုခမ္မာလမ်း ၄၀×၅၀ အစုံလုပ်ပြီးရေမီးစုံ ၃၄၀၀ သိန်း

သုခမ္မာလမ်း ၂၀×၅၀ 2BN,ရေမီးစုံ ၃၃၀၀ သိန်း

သုခနန္ဒာလမ်းတလမ်းကျော် ၂၀×၅၀ ပျဉ်ထောင်ရေမီးစုံ ၄၀၀ သိန်း

ဆက်သွယ်ရန် – ၀၉၂၀၄၅၉၉၈၉ ၊ ၀၉၅၀၀၃၃၃၂

“ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ကွန်ပျူတာပုံ နေ့ရက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လွှဲအပ်ညွှန်ကြားချက်အရ –
(LL.B , D.B.L)

ဦးကျော်လင်း

အရည်အသွေးပြည့်ဝသောလုပ်ငန်းခွင်အင်ဂျင်နီယာများမှ
စီမံကိန်းမန်နေဂျာများသို့

တန်ဖိုး ၃၅၀၀ ကျပ်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လွှဲအပ်ညွှန်ကြားချက်အရ

“ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရုံးလမ်း ... ရပ်ကွက် ... ဒေါ်ယဉ်မင်းကျော် (၁၄/ရကန(နိုင်)၀၀၅၉၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ... ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ... အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးမြင့်အောင်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်- ၆၈၉၄/၂၀၀၁)

ဖုန်း – ၀၉-၇၃၁၀၂၁၂၂၊ ၀၉-၂၅၀၂၃၀၀၉၆

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/က၊ မြေကွက်အမှတ် ၇၂/ခ၊ မြေကွက်တည်နေရာအမှတ် ၇၂/ခ၊ လှိုင်စပယ်လမ်း၊ ၂၀/ကရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကျော်မြင့်ဦး HLG-၀၀၃၀၇၃ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးကျော်မြင့်ဦးထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်စုစု ၁၂/ ဒဂတ(နိုင်)၀၁၈၉၄၂က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာများတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ် ၄၄၈/ခ၊ မြေကွက်တည်နေရာအမှတ် ၄၄၈/ခ၊ မေဓာဝီလမ်း၊ (ဃ)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ် ဒေါ်စံမယ် အမ်ယူအင်န်-၀၇၃၅၂၃ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဇနီး ဒေါ်စံမယ် ကွယ်လွန်သဖြင့် ဦးလှရွှေ ၁၂/ဥကမ(နိုင်)၀၀၃၉၁၈ကက ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာချက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လွှဲအပ်ညွှန်ကြားချက်အရ

Diploma in Business Law
WIPO, D.I.P (Switzerland)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၁၆ နေ မောင်ဝဏ္ဏကျော်၁၂/ကမတ(နိုင်)၀၀၀၂၁၇သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို လက်မခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

(ဖခင်) ဦးသန်းမောင် ၁၂/ကမတ(နိုင်)၀၁၁၃၄၆
(မိခင်) ဒေါ်သန်းသန်းနွယ် ၁၂/ကမတ(နိုင်)၀၁၁၃၄၇

ဒါန ဘုရားဖူးအဖွဲ့၏ မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ်
950 USD + ၅၀၀၀၀ိ/-
850 USD + ၅၀၀၀၀ိ/-
ဖုန်း - 536344, 537767, 537708, 09 500 1763, 09 501 3727, 09 7322 5846, 09 516 4664
ဖုန်း - 545215, 545216, 555173
ဖုန်း - 542236
ဖုန်း - 09 402 64 8089, 09 5308315

FAME
Uritec®
For urinary tract infection
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Nature C®
Natural vitamin C supplement
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

သယ်နံးကျွန်း
AKK Shopping Mall
78 Hair Design
21-1-2014 ဖွင့်ပွဲ
ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် · · ·
ပထမဆုံးလာရောက်အားပေးတဲ့ Customer (300) ဦးအား
- (Special Gift) အထူးမေတ္တာလက်ဆောင် ပေးပါမည်။
- 10000 ဖိုး နှင့် အထက် အားပေးပါက 30% off Member Card လက်ဆောင်ပေးမည်။
- မဲလာမပါက်ဖမ်းမဲ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ တီဗွီ၊ 9"Tablet, Handset, Air Cooler, မိုက်ခရိုဝေ့ဖ်မီးဖို၊ ထမင်းပေါင်းအိုး နှင့် အခြားဆုမဲပေါင်းများစွာ · · ·
- 30 % off (3) လတိတိ
ကာလ 21-1-2014 to 21-3-2014
5(2), 2nd Fl. AKK Shopping Mall, လေးဒေါင့်ကန်လမ်း၊ သယ်နံးကျွန်း၊ ရန်ကုန်မြို့။ Tel : 01-707785, 566 080 (Ext:069)

ဆီးချိုသွေးချိုရောဂါအား အအေးကြိုက်ခြင်းက
နှင့် ကျန်းမာအောင်နေထိုင်နည်းများ
ကြည်လွင်မြင့်(မုံရွာ)

ဘားဝင်ဒီဝိဝေ့ မှုဘောကီးဒေး

မုံရွာ ဆရာမိုး
အဆိုးလုံးနှုန်းအားဆေး
အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့

"မုံရွာဆရာမိုး"
ကျောက်ကပ်ကန်ဆီးဝမ်းမှန်ဆေး

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ်-၅

ကွယ်လွန်သူ ဒေါ်တင်ညွန့်(ခ)ဒေါ်ပု၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ် ၇၂၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂-၁)၊ မြေကွက်အမှတ်(ဘီ-၂၂)၊ ဧရိယာ (၃၂ပေ ၄လက်မ×ပေ၅၀)ရှိ မြေငှားဂရန်မြေအမျိုးအစားမြေကွက်တွင် နေထိုင်ကွယ်လွန်သော ဒေါ်တင်ညွန့် (ခ) ဒေါ်ပု ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးသိန်းထွန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်ညွန့်(ခ)ဒေါ်ပု ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင် သူ အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးသိန်းထွန်း၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဝေါမြို့နယ်တရားရုံး
၂၀၁၄ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၂

ဒေါ်လှရည်မွန် **နှင့်** မောင်ဇော်
တရားလို **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဘိုကတော်ကျေးရွာတွင် နေထိုင်ခဲ့သူ(ယခုနေရပ်လိပ်စာမသိ) တရားပြိုင် မောင်ဇော် သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှရည်မွန်က ငွေကျပ် ၂၃၀၀၀၀၀(ငွေကျပ်နှစ်ဆယ့်သုံးသိန်း တိတိ)ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက် (၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၁ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါ တရားလို၏စွဲချက်တို့ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မောင်ကို)
တွဲဖက်မြို့နယ်တရားသူကြီး
ဝေါမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[illegible]

ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ စူပါဝေါ(လ်) ရတနာအရောင်းခန်းမနှင့် ပတ်သက်၍ ဦးချစ်ကိုကို(တရားလွှတ်တော်ရှေ့နေ)နှင့် လွှဲအပ်ညွှန်ကြားသူဦးမောင်မောင်လွင်တို့သိရှိစေရန် ဖြစ်ရပ်မှန်အား ထပ်မံရှင်းလင်းကြေညာခြင်း

စူပါဝေါ(လ်)ရတနာခန်းမတွင် ငှားရမ်းဖွင့်လှစ်သော လူပုဂ္ဂိုလ်(၃၀)အပြင် နောက်ထပ်လေးဦးအပါအဝင် စုစုပေါင်း(၃၄)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။ အဆိုပါ(၃၄)ဦးမှလည်း ၁၄-၁-၂၀၁၄ရက် နေ့စွဲဖြင့် တရားလွှတ်တော်ရှေ့နေ ဦးချစ်ကိုကိုထံ အမည်နှင့်ဆိုင်အမှတ်များဖော်ပြ၍ လက်မှတ်ထိုးပြီး ၎င်းတို့၏ဆန္ဒသိရှိရန် အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

စူပါဝေါ(လ်)ရတနာခန်းမတွင် ဆိုင်ခန်းငှားရမ်းဖွင့်လှစ်ရာ၌ ဒေါ်ရှုကြူနှင့် ငှားရမ်းခြင်း ဆက်သွယ်ဆောင်ရွက်ထားကြောင်း၊ ငှားရမ်းသည့်ကိစ္စ သဘောတူပြောဆိုခြင်း လုံးဝမရှိကြကြောင်း၊ သို့ဖြစ်၍ ဒေါ်ရှုကြူအားရည်ရွယ်၍ ကြေညာခြင်း၊ ပြောဆိုခြင်း မရှိပါသဖြင့် ဒေါ်ရှုကြူအား ဂုဏ်သိက္ခာကျဆင်းရန် အကြောင်းမရှိသောကြောင့် တောင်းပန်ရန် မလိုအပ်ပါကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။ စတင်ငှားရမ်းစဉ်ကတည်းက ဦးမောင်မောင်လွင်နှင့် မန်နေဂျာ ဒေါ်ရီရီဆွေနှင့်သာ ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းသာရှိပြီး ဒေါ်ရှုကြူပိုင်ကြောင်း၊ ကိုယ်စားလှယ်ရရှိထားကြောင်း လုံးဝပြောဆိုခြင်းမရှိကြောင်း သိရှိရပါသည်။

အထူးဖြစ်စဉ်အနေဖြင့် ငှားရမ်းသူများဘက်မှ သတင်းစာတွင် ကြေညာပြီးနောက် ၃၁-၁၂-၂၀၁၃ရက်တွင် ဦးမောင်မောင်လွင်ဆိုသူက လူပုဂ္ဂိုလ်(၃၀)၏ ခေါင်းဆောင်များနှင့် ၎င်း၏ရုံးခန်းတွင် တွေ့လိုကြောင်းပြောသဖြင့် အားလပ်နေသည့် အမျိုးသမီးများ ပါဝင်သည့် လူပုဂ္ဂိုလ်ရှစ်ဦးမှ သွားရောက်တွေ့ဆုံခဲ့ပါကြောင်း၊ ဦးမောင်မောင်လွင်သည် ၎င်း၏ရုံးခန်း၌ ရဲတပ်ကြပ် ဦးဝင်းကြိုင်ဆိုသူနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေး တာဝန်ခံအရာရှိ ဦးအုန်းသွင်နှင့် ဦးကျော်စိုးဝင်း(အစိုးရဝန်ထမ်း)သုံးဦးတို့ကို အဆင်သင့်ခေါ်ထားကြောင်း သိရှိရပါသည်။

အဆိုပါ ငှားရမ်းသူရှစ်ဦးမှ ၎င်းတို့သည် ခေါင်းဆောင်လည်းမဟုတ်ကြောင်း၊ ခေါင်းဆောင်လည်း မရှိကြောင်း၊ ဦးမောင်မောင်လွင်ခေါ်သည့်ကိစ္စ အကျိုးအကြောင်းသိလို၍ လာခြင်းဖြစ်ကြောင်း ရှင်းလင်းပြောပြကြောင်း၊ ဦးမောင်မောင်လွင်သည် အန်ကယ်ပိုင်သည့်အဆောက်အအုံကို အန်ကယ်သဘောနှင့် အကြီးစားပြင်ဆင်နိုင်တယ်။ ဆက်ငှားမယ်၊ မငှားဘူး၊ ငါ့သဘောပဲ၊ မဖယ်ရင် ကျူးကျော်မှုနဲ့ တရားစွဲလို့ရတယ်ဟု ပြောဆိုကြောင်း၊ ၎င်းတို့ကိုလည်း အတင်းလက်မှတ်ထိုးခိုင်းပါကြောင်း၊ ရှစ်ဦးစလုံးက လုံးဝလက်မှတ်မထိုးနိုင်ကြောင်း၊ အကြီးစားပြင်ဆင်ရန်လည်း မလိုအပ်ကြောင်း၊ ဖယ်လည်းမပေးနိုင်ကြောင်း၊ ယဉ်ယဉ်ကျေးကျေး ကောင်းကောင်းမွန်မွန် ပြန်ပြောခဲ့ကြောင်း၊ အဆိုပါရှစ်ဦးသွားရခြင်းမှာ အစည်းအဝေး တက်ရောက်ခြင်းမျိုးမဟုတ်ကြောင်း၊ အစည်းအဝေးတက်ရောက်ရမည့် နေရာလည်း မဟုတ်ပါကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ဈေးပြန်ဖွင့်သည့် ၂-၁-၂၀၁၄ရက်တွင် ရှစ်ဦး၏ သဘောတူညီချက်ရှိသယောင် ထင်ယောင်ထင်မှားဖြစ်စေရန် ဆိုင်အတွင်း စာကပ်ခြင်း၊ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ အထောက်အထားလည်း ရှိပါကြောင်း၊ ၎င်းတို့က လက်မခံသဖြင့် မကြာမီ အဆိုပါစာများ ပြန်ဖြုတ်သွားကြောင်း၊ ချက်ချင်းပင် ငှားရမ်းသူများဘက်မှ စည်ပင်သာယာဈေးများဌာန၊ ဌာနမှူးထံ လိပ်မူပြီး အကြီးစားပြင်ဆင်မှုကို ကန့်ကွက်ကြောင်း အကြောင်းကြားစာပို့ခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်ရာ ဦးမောင်မောင်လွင်သည် ၎င်းကိုယ်တိုင် ပိုင်ရှင်ဖြစ်သည်ဟု ငှားရမ်း သက်တမ်းတစ်လျှောက်ပြောဆိုလာပြီးမှ ယခုအချိန်တွင် ဒေါ်ရှုကြူဖြစ်ပါသည်ဟု သတင်းစာတွင် ထည့်သွင်းကြေညာသည့်အခါတွင် အံ့သြဖွယ်ရာ ဖြစ်ရပါကြောင်း၊ ဦးမောင်မောင်လွင်နှင့် အဖွဲ့၏ ခြိမ်းခြောက်ပြောဆိုမှုများကို လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ ခြိမ်းခြောက်ပြောဆိုမှုများကိုလည်း ဥပဒေဘောင်အတွင်းမှ အမှန်တရားလက်ကိုင်ထား၍ ငှားရမ်းသူများမှ ရင်ဆိုင်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ၎င်းတို့၏ဆန္ဒအား အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထွန်း(စဉ်-၂၂၈၃) **ရောဘတ်စန်းအောင်**
တရားလွှတ်တော်ရှေ့နေ **တရားလွှတ်တော်ရှေ့နေ-၂၄၆၉**
အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

Family Fun Fair Member အား အသိပေးဖိတ်ကြားလွှာ

နှစ်စဉ် ဒီဇင်ဘာလတွင် ကျင်းပမြဲဖြစ်သော Family Fun Fair ပျော်ပွဲရွှင်ပွဲအား Sea Game ရှိပါသဖြင့် (၂၀၁၄ ၏ ဇန်နဝါရီလ ၂၆) ရက်နေ့တွင် MCC ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါကြောင်း Family Fun Fair Member များအား အသိပေး ဖိတ်ကြားအပ်ပါသည်။

Family Fun Fair ဖိတ်ကြားလွှာ

ဘောဘီမိုင်း Member ဝင်များရှင့်

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် Family Funfair ပျော်ပွဲရွှင်ပွဲအား MCC ခန်းမ၊ မင်းရဲကျော်စွာလမ်းတွင် ၂၀၁၄ ဇန်နဝါရီ (၂၆) ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသောကြောင့် လာရောက်ဆင်နွှဲကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဘောဘီမိုင်းမိသားစု

မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော အလှကုန်ပစ္စည်းများ အရောင်းမြှင့်တင်ရန်အတွက် အရောင်းမြှင့်တင်ရေး Promotion Girl များနှင့် စနစ်တကျ ဝန်ဆောင်မှု ပေးနေသော Service Company များနှင့် ပူးပေါင်း ဆောင်ရွက်လိုပါသည်။ ယခု ကြော်ငြာပါသည့်ရက်မှ (၁)ပတ်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

၀၉ ၄၃၂၀၂၃၁၁၊ ၀၉ ၅၀ ၇၁၃၃၇၊ ၀၉ ၄၂၂၆၉၈၈၈

UK's Top Computing Diploma in Yangon

Gusto Institute နှင့် UK နိုင်ငံ၏ အကြီးမားဆုံးပညာရေး အဖွဲ့အစည်း ဖြစ်သည့် Edexcel တို့ပူးပေါင်းဖွင့်လှစ်မည့်

HND Diploma in Computing (Batch 9) အတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ဆယ်တန်းအောင် (သို့မဟုတ်) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုသူများ လျှောက်ထား နိုင်ပါသည်။

၂။ စာသင် ကာလ (၂) နှစ် အတွင်း အဆင့်မြင့် ကွန်ပျူတာ နည်းပညာ ဘာသာရပ် (၁၆) ခုကို နိုင်ငံ တကာ တက္ကသိုလ် ကြီးများကဲ့သို့ Student-Centered Learning Approach ဖြင့် စာတွေ့လက်တွေ့ လေ့လာသင်ယူရမည်ဖြစ်သည်။

၃။ သင်တန်း အောင်မြင်ပြီးဆုံးပါက နိုင်ငံတကာ တက္ကသိုလ်ကြီး များ၏ ဒုတိယနှစ် နှင့်ညီမျှသော Higher National Diploma (HND) ကို Edexcel (UK) မှ တိုက်ရိုက် ချီးမြှင့် မည်ဖြစ်သည်။

၄။ HND Diploma ရရှိပြီးပါက ပြည်တွင်းရှိ Gusto Institute တွင်ဖြစ်စေ၊ နိုင်ငံတကာ တက္ကသိုလ် ကြီးများသို့ သွားရောက်၍ ဖြစ်စေ နောက်ဆုံး ၁ နှစ်သာ တက်ရောက်ပြီး B.Sc (Hons:) Computing ဘွဲ့ ကို ရယူနိုင်ပါသည်။

၅။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် သင်တန်းခွဲအသစ် တစ်ခုဖွင့်လှစ် မည်ဖြစ်ပြီး၊ လူဦးရေ ကန့်သတ် ထားပါသဖြင့် ကြိုတင် စာရင်းပေးသွင်း နိုင်ပါသည်။

Gusto Institute : No. 289 (A), Pyay Road, Sanchaung Township, Yangon.

Ph : 09- 4500 56104, 09- 86 28806, 01- 503715

ရွှေပါရမီ

စာစဉ်(၄၅)

ဘယ်လောက်တော်တော်

ဘယ်လောက်ကောင်းကောင်း

ပရဟိတမလုပ်သေးသမျှ တန်ဖိုးတရှိဆုံးလူ မဖြစ်သေးပါဘူး။

ပရဟိတစိတ်ဓာတ်

အရှင်ဆန္ဒာဓိက

ရွှေပါရမီစာပေ

☎ ၀၉ ၅၁၉၈၇၆၅၉၊ ၀၉ ၄၂၀၃၂၀၅၀၀

■ ထွက်ပြီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)

ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်၌

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၂၉၈

